http://www.cherrythitsar.org



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး

ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး

ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး

နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်း ရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://www.cherrythitsar.org

## ထုတ်ဝေခဲ့ပြီးစာအုပ်များ

၁။ ပန်းဝတ်ရည် – ကလေးတို့တတ်ကြဖို့ ကမှအ ကိုရေးကြစို့
၂။ ပန်းဝတ်ရည် – ကလေးတို့တတ်ကြဖို့ A မှ Z ကိုရေးကြစို့
၃။ အီကြာကွေး – ရုံအပြင်ကထွက်ကြည့်ပါ
၄။ သုမောင် – နံနက်စာ
၅။ ကိုပိုက် – ကြုံဆုံခဲ့ရမှုဆိုးဘ၀
၆။ အီကြာကွေး – ရယ်စရာဗေးရှင်း (၁)
၇။ အဏ္ဏဝါစိုးမိုး – ခရီးဆောင်ဟာသများ
၈။ ချစ်နိုင်(စိတ်ပညာ) – သန့်ရှင်းသောစိတ်
၉။ မင်းလူ – သူ့ဆံပင်နှင်းဆီပွင့်တွေနဲ့
၁၀။ သုမောင် – အရက်သမားအမှားတစ်ခါ
၁၁။ သစ္စာနီ – စကားလုံးများနှင့်ဆော့ကစားခြင်း
၁၂။ အီကြာကွေး – တွေ့ရကြုံရ ရှာတတလေးတွေ
၁၃။ ကိုပိုက် – ၂၀၀၁ မုဆိုးများ
၁၄။ အီကြာကွေး – မျက်စိအောက်ကဇရာ
ယခုလ

၁၅။ ဆွေမင်း(ခနေဖြူ) – ဘဝတစ်ခုအမှတ်တရ

ဆက်လက်၍
– အီကြာကွေး – ရယ်စရာဗေးရှင်း (၂)

http://www.cherrythitsar.org

စာအုပ် ၁၅

# ဆွေမင်း (မနေဖြူ)

# ဘဝတစ်ခု အမှတ်တရ

တွတ်ပီစာအုပ်တိုက်
အမှတ် (၄/က) အဝေရာလမ်း၊ ဘောက်ထော်
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 701958
(၁၊ ဇန်နဝါရီလ၊ ၂၀၀၃ ခုနှစ်)

http://www.cherrythitsar.org

စာမူခွင့်ပြုချက်အမှတ် [ ၁၈၃/၂၀၀၂(၂) ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၈၇၀/၂၀၀၂(၁၀) ]

◆

မျက်နှာဖုံးသရုပ်ဖော်
ကာတွန်းပိုးဇာ

◆

အတွင်းသရုပ်ဖော်
ကာတွန်းပိုးဇာ၊ ပန်းချီစောတင်မောင်၊ ပန်းချီနိုင်သူ

◆

ပုံနှိပ်ခြင်း
ပထမအကြိမ်

◆

ထုတ်ဝေသည့်လ
ဇန်နဝါရီလ၊ ၂၀၀၃ခုနှစ်

◆

အုပ်ရေ
(၅၀၀)

◆

မျက်နှာဖုံးဖလင်
Star

◆

အတွင်းဖလင်
ဇင်ဦးနှင့်ညီများ

◆

ထုတ်ဝေသူ
ဦးမောင်ကလေး၊ သောကြာစာပေ(၀၀၆၅)
အမှတ်(၁၅)၊သြဘာလမ်း၊ကျောက်မြောင်း၊ရန်ကုန်မြို့။

◆

မျက်နှာဖုံးနှင့်အတွင်းသားပုံနှိပ်သူ
ဦးခင်မောင်မြင့်၊တွတ်ပီရောင်စုံပုံနှိပ်တိုက်(၀၆၇၀၂)
အမှတ်(၄/က)အဝေရာလမ်း၊ဘောက်ထော်၊ရန်ကင်း၊ရန်ကုန်မြို့။

◆

တစ်အုပ်
(၆၀၀) ကျပ်

# ကာတွန်းဆရာရေးသောစာ

ဆွေမင်း (ဓနုဖြူ)

(၁)

စာရေးဆရာ စစ်စစ်များကား အခြားဘာအလုပ်မှ မလုပ်ကြ။ စာရေးသားခြင်းဖြင့်သာ အသက်မွေးဝမ်းကျောင်း ပြုကြ၏။ စာမူခဖြင့်သာ စား၊ ဝတ်၊ နေ၊ ရေးကို ဖြေရှင်းကြပေသည်။

စာရေးဆရာသည် မိမိ၏ ဝါသနာဖြင့် ဘဝကို ပုံဖော်ကြရာတွင် နောက်မှ မိသားစုကား ဦးဆောင်သူ အိမ်ဦးစီး စာရေးဆရာ၏ အောင်မြင်မှုအပေါ် လိုက်၍ ကံစီမံရာဖြစ်ကြရပေသည်။

အောင်မြင်ပါက မိသားစုဝမ်းဝကြရမည်။

မအောင်မြင်ပါက ဝမ်းမဝတဝ ဖြစ်ရမည်။

စာရေးဆရာ၏ မိသားစုကား စာရေးဆရာ၏ ဝါသနာအရင်းခံမှုကို ပါရမီကူညီဖြည့်ပေးရမည့်သူများသာ ဖြစ်ချေသည်တမုံ့။

ထို့ကြောင့် စာရေးခြင်း သက်သက်ဖြင့် ဘဝရပ်တည်နိုင်သူကား ရှားပါးလှချေသည်။

အလုပ်နှစ်မျိုးလုပ်သော စာရေးဆရာများလည်း ရှိပါ၏

ဆရာဝန် စာရေးဆရာ။

ရုံးအမှုထမ်း စာရေးဆရာ။

စစ်သားစာရေးဆရာ။

ရုပ်ရှင်ဇာတ်လိုက် စာရေးဆရာ။

ပန်းချီဆရာ စာရေးဆရာ … စသည်ဖြင့်။

(၂)

မိမိကား စာဖတ်တတ်စအရွယ်ကပင် စာပေကို ဝါသနာ ပါခဲ့၏။ ဓနုဖြူမြို့ရှိ မိမိ၏ အဘိုးအဘွားအိမ်တွင် မဂ္ဂဇင်းအချို့၊ ဝတ္ထုစာအုပ်အချို့

ရှိ၏။ ထိုစဉ်က မိမိက ဒုတိယတန်း၊ အသက် ၇ နှစ်၊ ၈ နှစ်ဝန်းကျင် ရှိပါဦး မည်။

အဘိုးအိမ်တွင် တွေ့ရသော ဝတ္ထုကြီးများကို မိမိဖတ်၏။ မန္တလေး မောင်ခင်မောင်၏ ခင်မြင့်ကြီးဝတ္ထု။ မိုးဝေ၏ အပယ်ခံသား။ ရွှေသွေး၏ ကနေဒီလုပ်ကြံခံရမှု။ ထိုစာအုပ်သုံးအုပ်ကို မိမိ ဒုတိယတန်းကျောင်းသား ဘဝက ဖတ်၏။ တစ်အုပ်လုံးကုန်အောင် မဖတ်နိုင်။ အကြောင်းအရာများက မိမိ၏ကလေးဦးနှောက်ဖြင့် လိုက်မမီနိုင်။ နားမလည်သေး။

မြည်းစမ်းကြည့်ရုံတော့ မကြာခဏ ပြန်ပြန်ဖတ်သည်ကို ယခုမှတ် မိနေဆဲဖြစ်သည်။

စာပေကို နှစ်သက်ရကောင်းမှန်း ထိုအရွယ်ကပင် မိမိစသိခဲ့ရ သည်။

ထို့နောက် လူပျိုပေါက်အရွယ်တွင် စာပေကို ဝါသနာပါသည့် နည်းတူ ကာတွန်းရုပ်ကလေးများကိုလည်း အာရုံဝင်စားခဲ့သည်။ ကာတွန်း နှင့် စာတွဲလျက် ဖော်ပြတတ်သည့် လျှို့ဝှက်သည်းဖို မဂ္ဂဇင်း၊ သောကြာ စာစောင်တို့ကို အလွန်နှစ်ခြိုက်ခဲ့သည်။

လျှို့ဝှက်သည်းဖိုမဂ္ဂဇင်းတွင် စံရွှေမြင့်၊ မောင်မောင်ဆွေ၊ ကြံ့ဗဟုံး တို့ပါ၏။ ပန်းချီလေးဝင်း၊ ပန်းချီမောင်မောင်တိုးတို့၏ လက်ရာ ရုပ်ပြဇာတ်လမ်းများလည်းပါ၏။

မိမိကား လျှို့ဝှက်သည်းဖိုမဂ္ဂဇင်းမှ ဝတ္ထုဖတ်ရင်း၊ ကာတွန်းဇာတ် လမ်းများကို စွဲလမ်းခဲ့ရသည်။ သောကြာစာစောင်တွင် ဟာသဝတ္ထုတိုလေး များကို ဖတ်ရင်း သရုပ်ဖော် ကာတွန်းရုပ်ကလေးများကို ခံစားခဲ့ရသည်။

ထိုမှ တစ်ကျပ်တန် စံရွှေမြင့် ကာတွန်းများ ထွက်ခဲ့သည်။

ပြီးတော့ ရွှေသွေး၊ ရွှေစွန်ညို၊ လင်းယုန်နက်၊ စန္ဒာသီဂီ၊ မင်းသား၊ လူရည်မွန်၊ ရွှင်ပြုံး စသဖြင့် အပတ်စဉ်ကာတွန်း ဂျာနယ်ပေါင်းများစွာ။

မိမိကား ငယ်ဘဝကို အရုပ်ရေးခြင်း၊ စာရေးခြင်းဖြင့်သာ ဖြတ်သန်းခဲ့ချေတော့သည်။

ကာတွန်းပုံလေးများ ရေးဆွဲရင်း ဟာသဝတ္ထုတိုလေးများ အရေးကျင့်ခဲ့၏။ ကာတွန်းနှင့် စာကို တစ်ပြိုင်နက်တည်း ဝါသနာကြီးကြီးနှင့် ခုံမင်နှစ်သက်ခဲ့ရသည်။

ရန်ကုန်စာအုပ်တိုက်များသို့ မိမိကျောင်းသားဘဝကပင် တစ်ကွက်ကာတွန်းများ ပို့၏။ ကဗျာများပို့၏။ ဟာသဝတ္ထုတိုလေးများ ပို့ခဲ့ဖူးသည်။

ကိုးတန်းကျောင်းသားဘဝတွင် သောကြာစာစောင်၌ မိမိကဗျာစပ်နေပြီ။ ဝတ္ထုတိုလေးများ ပါဖူးခဲ့ပြီ။ စာဆိုရိပ်မြုံ၊ ဘဝရေကြည်အိုင်ကဏ္ဍများပါသော မဂ္ဂဇင်းတွင် ကဗျာလေးများ ပါနေပြီဖြစ်သည်။

ကာတွန်းနှင့်စာကို မိမိဝါသနာပြိုင်တူပါခဲ့ပြီး၊ မျက်နှာပေါ်တွင် စတင်ဖော်ပြခဲ့ရသည်က စာ၊ ကဗျာသာဖြစ်ချေသည်။

အသက် နှစ်ဆယ်တွင် ရန်ကုန်ရောက်သည်။ ပန်းချီပန်းပုကျောင်းတတ်၏။ ဓနုဖြူတွင်နေစဉ် ဆယ်တန်းကျောင်းသားဘဝက ရေးဆွဲယူလာခဲ့သော ကာတွန်းဇာတ်လမ်းလေး နှစ်ပုဒ်ကို စာရေးဆရာ ပုဂံသူရက ကာတွန်းလုံးချင်း ထုတ်ပေး၏။

မြိုင်ရာဇာတွတ်ပီတော့မဟုတ်ပေ။ တွတ်ပီဖြစ်ဖို့ ထိုစဉ်က ဆယ်နှစ်ကျော်ကျော် လိုသေးသည်ပဲ။

ထိုမှ မဂ္ဂဇင်း၊ ဂျာနယ်များထဲတွင် ကာတွန်းများစွာ ရေးဆွဲဖြစ်ခဲ့သည်။ ကာတွန်းရေးဆွဲခြင်းဖြင့် ဘဝကို ငတ်တစ်လှည့် ပြတ်တစ်လှည့် စခဲ့ရသည်။

ဆောင်းပါးများကို ထုံ့ပိုင်း ထုံ့ပိုင်းရေးဖြစ်ခဲ့၏။

မိမိက စာရေးပျင်းသည်။ ယင်းမှာ မိမိ၏ချို့ယွင်းချက်၊ အားနည်းချက်ဖြစ်၏။

သို့ဖြင့် မိမိ ကာတွန်းအရေးများခဲ့သည်။ ထိုမှ မြိုင်ရာဇာတွတ်ပီဖြင့် မိမိ အောင်မြင်ခဲ့သည်။ အနုပညာရော စီးပွားရေးပါ မိမိအတော်အတန်ခိုင်မာခဲ့ရ၏။

(၃)

မြိုင်ရာဇာတွတ်ပီ အောင်မြင်ခဲ့ခြင်းမှာ မိမိ၏ စာပေဗီဇကြောင့်ဖြစ်ပေသည်။

မိမိကား မိမိရေးချင်သော စကားပြေကို မြိုင်ရာဇာတွတ်ပီဇာတ်လမ်းများတွင် အားကုန်ထုတ်သုံးခဲ့သည်။ မြိုင်ရာဇာတွတ်ပီ ဇာတ်လမ်းစာသားများကို ဝတ္ထုစကားပြေကဲ့သို့ မိမိကြိုးစားရေးဖွဲ့ခဲ့သည်။

မြိုင်ရာဇာတွတ်ပီ၏ အားတစ်ဝက်သည် ဇာတ်လမ်းနှင့် စကားပြေကြောင့်သာဖြစ်၏။ အရုပ်က ဇာတ်ကို ပံ့ပိုးပေးခြင်းသာ ဖြစ်ပါသည်။

(၄)

ကာတွန်းဆရာ အများစု လုံးချင်းလိုင်း၌ မအောင်မြင်ခြင်းမှာ အရုပ်ကြောင့်မဟုတ်။ ဇာတ်ကြောင့်သာ ဖြစ်သည်။ လက်ရာကောင်းသော ကာတွန်းဆရာ အတော်များများသည် လုံးချင်းလိုင်း၌ မအောင်မြင်ရှာ။ ယင်းမှာ ဇာတ်လမ်းကို အရေးမပေးသောကြောင့် ဖြစ်ပါသည်။ ကာတွန်းတစ်အုပ်ဖတ်ပြီးသော် ဇာတ်ကောင်း မကောင်းပြောကြသည်။ အရုပ်ပိုင်းကို သိပ်ပြောကြသည်မဟုတ်။ တန်းဝင်ကာတွန်းဆရာများ ရေးသော အရုပ်များကလည်း မကောင်းစရာမရှိပြီ။ အဆင့်မီပြီးသားဖြစ်ပါသည်။ သို့သော် အများစုမှာ ဇာတ်အားနည်းကြသည်။

(၅)

မြိုင်ရာဇာတွတ်ပီ အောင်မြင်ခြင်းမှာ မိမိ၏ စာပေရေးသားလိုခြင်းဝါသနာအလေ့အထကြောင့် ဖြစ်ပါသည်။ မိမိကား ငယ်စဉ်တောင်ကျေးကပင်ဝါသနာပါခဲ့သော စာပေကို မိမိ၏ ကာတွန်းရုပ်ကလေးများနှင့် တွဲဖက်၍

http://www.cherrythitsar.org

အသုံးချခဲ့၏။

(၆)

"ဘဝတစ်ခုအမှတ်တရ" သည် သောကြာစာစောင်တွင် မိမိရေးခဲ့သော စာမူများဖြစ်၏။ မိမိဘဝတွင် အနုပညာလမ်းမှ ဖြတ်သန်းခဲ့ရင်း ထိတွေ့ခဲ့ရသည်များမှ အမှတ်တရဖြစ်ရသည်များကို စားမြုံ့ပြန်ရေးသားခဲ့ခြင်းသာ ဖြစ်ပါသည်။

(၇)

စာရေးသားခြင်းဖြင့် ဘဝကိုရပ်တည်ကြသော စာရေးဆရာ စစ်စစ်စာရင်းတွင် မိမိ မပါဝင်ပါ။ သို့သော် အင်တာဗျူးတစ်ခုတွင် မိမိကို မေးဖူး၏။ ဆရာကာတွန်းဆရာ မဖြစ်ရင် ဘာဖြစ်မယ်ထင်ပါသလဲတဲ့...။ မိမိက မဆိုင်းမတွ ပြန်ဖြေဖြစ်သည်။ ကာတွန်းဆရာမဖြစ်ရင် စာရေးဆရာ ဧကန်ဖြစ်ရမှာပေါ့ဗျာဟု။ မိမိကား စာပေကို ဤမျှဝါသနာကြီးခဲ့ပါသည်။ ယခုအခါ... မိမိကား ကာတွန်း ဝါသနာအရင်းခံဖြင့် ရေးဆွဲအောင်မြင်နေရာမှ စာကို ထုံ့ပိုင်း ထုံ့ပိုင်း ရေးသားနေသော စာရေးသူတစ်ဦးသာ ဖြစ်ပါ၏။

ဆရာဝန် စာရေးဆရာ။

ရုံးအမှုထမ်း စာရေးဆရာ။

စစ်သားစာရေးဆရာ။

ရုပ်ရှင်ဇာတ်လိုက်စာရေးဆရာ။

ပန်းချီဆရာ စာရေးဆရာ ...။ စသည်တို့ရှိနေရာမှ မိမိကား နောက်ထပ်တိုး ကာတွန်းဆရာစာရေးဆရာ တစ်ဦးမျှသာဖြစ်ပါကြောင်း။

**ဆွေမင်း (ဓနုဖြူ)**
တွက်ပီစာအုပ်တိုက်

http://www.cherrythitsar.org

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အိပ်မက်များ၏အစ | ၉ |
| ၂။ | မိမိ၏ပထမဆုံးများ | ၁၈ |
| ၃။ | ရင်းနှီးပေးစပ်ခဲ့ရသောအချိန်များစွာ | ၃၀ |
| ၄။ | အသားပါသောကန်စွန်းတစ်ခွက် | ၅၀ |
| ၅။ | အိုဘယ့်...မြားနတ်မောင် | ၆၂ |
| ၆။ | အလိမ်အညာသတ္တဝါ | ၇၂ |
| ၇။ | ငှက်ကြီးတောင်နှင့်ကဗျာဆရာ | ၈၆ |
| ၈။ | ပါရမီဖြည့်သူ | ၉၆ |
| ၉။ | တစ်ခုသောသင်္ကြန်မှာ | ၁၀၆ |
| ၁၀။ | တစ်ခုသောဆောင်းတစ်ညပုံပြင် | ၁၁၆ |
| ၁၁။ | မထင်မှတ်တဲ့ ဖြစ်ရပ်ကလေးတွေ | ၁၂၆ |
| ၁၂။ | တစ်ခါတုန်းကမျက်နှာဖုံးတစ်ခု | ၁၃၈ |
| ၁၃။ | ရုပ်ရှင်ရိုက်ခဲ့စဉ်က | ၁၅၂ |
| ၁၄။ | ကင်မရာရှေ့မှာခဏတာ | ၁၆၄ |
| ၁၅။ | အောင်မြင်မှုတံစက်မြိတ်အောက်သို့ ရောက်ခဲ့ဖူးသူများ | ၁၈၂ |
| ၁၆။ | ဝိသမလောဘသားသို့ အစားများများ လျှော့စေချင်သည် | ၁၉၄ |

http://www.cherrythitsar.org



http://www.cherrythitsar.org

# အိပ်မက်များ၏အစ

(၁)

မိမိတို့ငယ်စဉ်က ပညာရည်နို့ သောက်စို့ခဲ့ရာ ဓနုဖြူအခြေခံပညာအထက်တန်းကျောင်းကား နှစ်ငါးဆယ်ရွှေရတုသို့ တိုင်ခဲ့ပြီ ဖြစ်သည်။

ရွှေရတုမင်္ဂလာဗင်း အယ်ဒီတာအဖွဲ့သည် ရန်ကုန်မြို့ရှိ မိမိတို့ထံ ဆက်သွယ်သည်။ ဆရာအီကြာကွေးနှင့် မိမိကို အဓိကထားဆက်သွယ်ပြီး ရန်ကုန်မြို့ပြမှ စာပေအနုပညာနယ်တွင် ကျင်လည်နေကြသော ဓနုဖြူအနွယ်များကို စေ့စုရွေးချယ်ကြည့်သည်။

စာရေးဆရာ အယ်ဒီတာ နန္ဒာမိုးကြယ်၊ နိုင်ငံတကာရေးရာဂျာနယ်မှ ဦးဘသန်းတင်၊ မောင်မြေသွေး (မြန်မာစာ)၊ ပန်းချီ မင်းဝေအောင်၊ ပန်းချီ ဇော်ဇော်အောင် တို့ စာရင်းထွက်လာ၏။ တတ်နိုင်သမျှဆက်သွယ်ရာ ပေါင်းစည်းမိကြ၏။ ပန်းချီ ဘီညိမ်း ကား အဆက်အသွယ်မရ။

ဓနုဖြူမြို့မှ အ•ထ•က ရွှေရတုမင်္ဂလာဗင်း အယ်ဒီတာအဖွဲ့နှင့်

http://www.cherrythitsar.org



မိမိတို့ ရန်ကုန်မှ စာပေ၊ ပန်းချီ၊ ကာတွန်း၊ အနုပညာရှင်များ အစည်းအဝေး အဆင်သင့်သလို ထိုင်ကြကာ တိုင်ပင်ညှိနှိုင်း ဆွေးနွေးဖြစ်ကြသည်။

မဂ္ဂဇင်းအပြင်အဆင်အနေနှင့် ရွှေရတုမဂ္ဂဇင်း (ရန်ကုန်အယ်ဒီတာအဖွဲ့) တွင်လည်း မပါဝင်၊ နေပြည်သားလည်း မဟုတ်သော သောကြာ မဂ္ဂဇင်း တာဝန်ခံ အယ်ဒီတာ ဆရာဝေသာက စေတနာ့ဝန်ထမ်း စာဖောင်ကိုင်၊ ဒမ်မီချစသဖြင့် အများဆုံး အင်တိုက်အားတိုက် မေတ္တာဖြင့် လုပ်ဆောင်ပေးခဲ့ခြင်းဖြစ်သည်။

ရန်ကုန်မှ အနုပညာရှင်များကလည်း နေပြည်မြို့သို့ တစ်ခေါက်တစ်ကျင်း လိုက်ပါခဲ့ကြကာ နေပြည် အ·ထ·က ကျောင်းကြီးတွင် ရွှေရတု မဂ္ဂဇင်းကိစ္စအတွက် တိုင်ပင်ဆွေးနွေးခဲ့ကြ၏။

မွေးရပ်မြေသို့ ပြန်ရောက်ခဲ့ကြခြင်းပင်။

(၂)

မိမိကား နေပြည်မြို့သား စစ်စစ်ဖြစ်၏။ နေပြည်တွင် ကျောင်းသုံးလေးကျောင်း ပြောင်းတက်ခဲ့ဖူးသည်။ မူလတန်းပညာကို ရွှေကူ အ·မ·က တွင် သင်ယူခဲ့ရ၏။ မိမိတို့ငယ်စဉ်က ရွှေကူ အ·မ·က က ဘိုးမင်းခေါင်ကျောင်းအနားမှာ။ ထို့နောက် မိမိ ရေတွင်းကုန်း အ·မ·က တွင် ကျောင်းပြောင်းတက်ခဲ့ရသည်။ ပြီးတော့ ရွှေကူ အလယ်တန်းကျောင်းမှာ။ ထိုအချိန်ကျတော့ ရွှေကူအလယ်တန်း

http://www.cherrythitsar.org



ကျောင်းက ရေကာတာအနီး တာကြီးကုန်းနား ရောက်ချေပြီ။

ရွှေကူအလယ်တန်းကျောင်းကြီးမှ ဓနုဖြူမြို့ အ‧ထ‧က သို့ မိမိရောက်ခဲ့ရခြင်းပင်။

ဓနုဖြူ အ‧ထ‧က တွင် မိမိနဝမတန်း စတင်တက်တော့ (၁၉၇၅)ခုနှစ်။

မိမိကား ငယ်စဉ်ကပင် စာရေးစာဖတ် ဝါသနာကြီးခဲ့၏။ ကာတွန်း ရုပ်များ ရေးခြစ်ခြင်းကိုလည်း စာပေနှင့် မရိုးရင်းစွဲဝါသနာထုံခဲ့၏။

မိမိတို့ ငယ်စဉ်က အပတ်စဉ် ကာတွန်းစာအုပ်များ ပလူပျံ အောင် ထွက်ခဲ့ဖူး၏။ ရွှေသွေး၊ ရွှေစွန်ညို၊ ရွှေဝါဖူး၊ နီလာ၊ မင်းသား၊ လင်းယုန်နက်၊ စန္ဒာသီဂီ၊ လူရည်မွန်၊ စန္ဒာမြိုင်၊ ရွှေကြာ၊ ပုံပမာ စသည့် အပတ်စဉ်ကာတွန်းများအားလုံးလိုလို ဓနုဖြူမြို့သို့ ရောက်ကြ ၏။

ထိုစဉ်က ၁၉၇၀ ခုနှစ်ဝန်းကျင်၊ မိမိအသက် ၁၃-၄နှစ်ခန့်။ မိမိ၏အဖေက ဓနုဖြူဈေးထဲတွင် နေ့စဉ်ဆိုင်ထွက်ရသည်။ မိမိနှင့် ညီဖြစ်သူက မနက်မလင်းခင်ကတည်းက ဈေးသို့လိုက်လာကြသည်။ လင်းရောင်ပျို့သည်နှင့် မိမိတို့ ညီအစ်ကို ပြေးသည်က ဓနုဖြူ တရုတ် တန်းဈေးထဲရှိ ကြေးမုံ ကိုတင်မင်း စာအုပ်ဆိုင်ကလေးဆီ။

ထိုစာအုပ်ဆိုင်ကလေးမှာ အပတ်စဉ် ဂျာနယ်မျိုးစုံရှိသည်။ ထိုစဉ်က အိုးဝေ၊ ရှုထောင့်၊ ရွှေတူ၊ ပြည်သူ့ကြယ်ဂျာနယ်တို့လည်း ထွက်၏။ သို့သော် စာဂျာနယ်များထက် အပတ်စဉ် ကာတွန်းဂျာနယ် များက အမျိုးအမယ် ပိုများပြားသည်။

http://www.cherrythitsar.org



ကိုတင်မင်းက အပတ်စဉ် ကာတွန်းဂျာနယ်များ အားလုံးကို မိမိတို့ ညီအစ်ကိုလက်ထဲသို့ ထည့်၏။ မိမိတို့က အရောင်အသွေး စုံလင်နေသော အပတ်စဉ်ကာတွန်းဂျာနယ်များကို တစ်ပွေ့တစ်ပိုက်ကြီး ယူယူလာကာ ဖခင်ဖြစ်သူ၏ ဆိုင်တွင် ထိုင်ဖတ်ကြ၏။

ထိုအပတ်စဉ် ယူလာသော ကာတွန်းဂျာနယ်များကို ဖခင်ဖြစ်သူက လပေးနှင့် ရှင်းပေး၏။ စာစောင်တစ်စောင်မှ ပြားနှစ်ဆယ်၊ တစ်မတ်သာ ကျသည်။ သို့သော် တစ်ခါတလေ စုလိုက်လျှင်တော့ မသက်သာချေ။ ကျပ်နှစ်ဆယ်ဝန်းကျင်ခန့် လစဉ်ရှင်းပေးရ၏။

ဖခင်ဖြစ်သူသည် မိမိတို့ဖတ်ဖို့ဆိုပြီး သီးသန့်ဝယ်ပေးခြင်း ဟုတ်ဟန်မတူ။ သူကိုယ်တိုင်ကိုက ကာတွန်းဖတ် ဝါသနာကြီးသည်။ ယခုအချိန်ထိလည်း ကာတွန်းစာအုပ်ဆို မက်မက်မောမော ဖတ်နေတုန်း။

မိမိကို စာပေအနုပညာမျိုးစေ့ချပေးခဲ့သူမှာ မိမိ၏ဖခင်သာ။ ဖခင်ဖြစ်သူက မိမိတို့ ငယ်စဉ်က ကာတွန်းစာအုပ်များကို အများအပြား ဝယ်ယူပေးခဲ့၏။ စံရွှေမြင့်၊ မောင်မောင်ဆွေ၊ ကြံ့ဖပဟုံး၊ တစ်ကျပ်တန် ကာတွန်းများ၊ ထိုကာတွန်းများကို ဖတ်ပြီး မိမိ ကာတွန်းဝါသနာပါခဲ့သည်။ စာဂျာနယ်များကို ဖတ်ပြီး စာပေမျိုးစေ့ပေါက်ခဲ့သည်။ နေပြည်စျေးထဲရှိ ဦးကြီးမောင်၏ စာအုပ်ဆိုင်တွင်လည်း နံနက်မိုးလင်းဆိုင်ဖွင့်စတွင်ပင် ဆိုင်ရှင်နှင့်အတူ မိမိပါ ဝင်ရောက်ကာ ကာတွန်းငှားဖတ်ခဲ့ဖူးသည်။ တစ်ခါဖတ် (၅)ပြားခေတ်။ ဆိုင်ရှင် ဦးကြီးမောင်က "မိဘတွေ

ကတော့ မသိဘူး။ မင်းက ဒီမှာ ကာတွန်းလာဖတ်နေ" ဟုဆူခြင်းကို ယခုထက်တိုင် မှတ်မိနေ၏။

မိမိကျောင်းသင်ခန်းစာ စာအုပ်များထဲ၌ စာနှင့် ကာတွန်းရုပ်များ ထွေးရောယှက်တင် ဖြစ်ခဲ့ကြ၏။

ဗလာစာအုပ် မာဂျင်လိုင်းများအတွင်းတွင် ကာတွန်းရုပ်များ ရေးဆွဲ၏။ ဗလာစာအုပ် နောက်ဘက်စာမျက်နှာများတွင် ကာတွန်းရုပ်များ ရေးဆွဲ၏။

မိမိ နဝမတန်းတွင် တက်နေစဉ်က အဖြစ်ကလေးတစ်ခုကို သွားအမှတ်ရသည်။

ရူပဗေဒ ဆရာမက စာသင်နေရင်း မိမိရှိရာ ခုံတန်းလျားဘက် လျှောက်လာသည်။ မိမိလည်း ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။ အဘယ်ကြောင့်ဟူမူ မိမိ ဖွင့်ထားရာ ရူပဗေဒ လေ့ကျင့်ခန်းဗလာစာအုပ် စာမျက်နှာတွင် ကာတွန်းရုပ်များ ရေးဆွဲထားမိခြင်းကြောင့်ပင်။

ဆရာမ မိမိနားမရောက်ခင် မိမိက ဗလာစာအုပ်ကို နောက်တစ်ရွက် လှန်လိုက်၏။ ထိုစာမျက်နှာတွင်လည်း ကာတွန်းရုပ်လေးက ရှိနေသည်။

ဆရာမက ရောက်လုနီးပြီ။ ထပ်လှန်၏။ ကာတွန်းရုပ် ထပ်တွေ့ပြန်၏။ ဆရာမက အနားသို့နီးလာပြီ။ ထပ်လှန်၏။ ကမန်းကတန်း တွေ့ပြန်ပြီ။ ကာတွန်းရုပ်ကလေး။ ထပ်လှန် ထပ်တွေ့။ တစ်ယောက်တည်း ပျာယာခတ်နေ၍ ဆရာမက မိမိဘေးရပ်ကာ မိမိ၏ ပျာယာ

http://www.cherrythitsar.org



ခတ်မှုကို ရပ်စောင့်ကြည့်နေ၏။

မတတ်နိုင်တော့ပေ။ ရုပဗေဒသင်ခန်းစာ စာအုပ်တွင် ရုပဗေဒနှင့် တွဲရက်က ကာတွန်းရုပ်ကလေး။ မြိုင်ရာဇာတွတ်ပီတော့ မဟုတ်သေး။ မြိုင်ရာဇာတွတ်ပီ ဖြစ်ပေါ်လာဖို့ အထပ်ထပ် အဖန်ဖန် လေ့ကျင့်ရေးဆွဲဖြစ်ခဲ့သော ကာတွန်းမည်ကာမတ္တ ကောက်ကြောင်းများ။

ဆရာမက ဆူ၏။

မိမိကား ထိုအရွယ်ကပင် ကာတွန်းနှင့် စာပေကို နှစ်သက်စွဲလမ်းခဲ့ရသည်။

မိမိ ဓနုဖြူ အ·ထ·က ကျောင်းမှာနေစဉ်ကတည်းက ရန်ကုန်မြို့ပြရှိ မဂ္ဂဇင်းအချို့၌ မိမိ၏ကဗျာတိုလေးများ၊ ဝတ္ထုတိုလေးများ ပါနေချေပြီ။ ထိုစဉ်က ကိုးတန်းကျောင်းသား။

သောကြာစာစောင်တွင် စာမူအချို့ပါနေ၏။ ထိုစဉ်က ကလောင်အမည်က မောင်မောင်ဆွေမင်း (ဓနုဖြူ)။

မိမိကား ကျောင်းစာထက် စာ၊ ကဗျာဘက်အားသန်နေချေပြီ။

ကျောင်းနံရံကပ် စာစောင်များတွင် မိမိဝင်ရောက် လက်စွမ်းပြ၏။ ကဗျာရေး၏, စာရေး၏။

၁၉၇၇ခုနှစ်ကျတော့ မိမိ ဓနုဖြူမြေကို ခွာခဲ့သည်။ ထိုစဉ်က မိမိ အသက်သည်လည်း (၂၀) ဝန်းကျင်ရှိခဲ့ပြီ။ ရန်ကုန် ပန်းချီပန်းပုကျောင်းတွင် တက်ရောက်၍ ပန်းချီပညာ သင်ယူခဲ့၏။ ၁၉၈၀ ခုနှစ်က

http://www.cherrythitsar.org



သင်တန်းဆင်းသည်။

၁၉၈၀ ခုနှစ်မှစ၍ စာပေလောကသို့ မိမိ ခြေစုံပစ်ဝင်ရောက်ခဲ့သည်။

အနုပညာခရီးကား နာမည် နပေမယ့် လျှောက်ရသည့် လမ်းက ခယောင်းလမ်းပမာ ကြမ်းတမ်းသည်။

ဝေါ်ပြတ်ခဲ့ဖူးသည်။ အထင်သေးအမြင်သေး ခံခဲ့ရဖူးသည်။ လွယ်အိတ်တစ်လုံးနှင့် မဂ္ဂဇင်းတိုက်တကာ ဝင်ထွက်ရင်းဖြင့် ဝမ်းမဝတစ်ဝဖြင့် အသက်ဆက်ကာ အနုပညာကို ဖက်တွယ်ရေးဆွဲရုန်းကန်ခဲ့ရဖူးသည်။

ယုံကြည်ရာဘဝများဝယ် မောပန်းနွမ်းနယ်မှုလည်း မသိ။ ဇွဲနဘဲနှင့် ဇောကို အရင်းတည်ကာ လူးလူးလဲလဲ ရုန်းကန်ခဲ့ရ၏။

ထိုစဉ်က တစ်ခါတစ်ရံ နေဖြူသို့ ပြန်ရောက်ခဲ့လျှင်လည်း မိမိ၏ အမည်ကို ထင်ထင်ရှားရှားသိသူ သိပ်မရှိလှ။

သို့ဖြင့် ၁၉၈၆ ခုနှစ်ကျ မြိုင်ရာဇာတွတ်ပီဇာတ်ကောင်ကလေးကို မိမိ ရေးဆွဲရှာဖွေရင်း တွေ့ခဲ့ရသည်။

မြိုင်ရာဇာတွတ်ပီသည် "ရွှေသွေးဂျာနယ်" မှစတင်ခဲ့၏။ မြိုင်ရာဇာတွတ်ပီဖြင့် မိမိဘဝကို တည်ဆောက်ခဲ့ရသည်။ မြိုင်ရာဇာတွတ်ပီသည် မိမိဘဝကို အနိမ့်မှ အမြင့်ထိ ဆွဲတင်ခဲ့သည်။ မြိုင်ရာဇာတွတ်ပီသည် မိမိကို အောက်ခြေရောက်လုလု လူနေမှုဘဝမှ ဝတီးဖျားသို့ ဆွဲတင်ပေးခဲ့သော ဇာတ်ကောင်ကလေးပင်။

http://www.cherrythitsar.org



ယခုတော့ "မြန်မာနိုင်ငံတစ်လွှား ဖိမ့်ဖိမ့်တုန်အောင် ကျော်ကြားသော ကျွန်ုပ် မြိုင်ရာဇာတွတ်ပီသည်..."ဟူသော မိမိရေးနေကျ စကားပြေအတိုင်းပင် မြိုင်ရာဇာတွတ်ပီကို နိုင်ငံတစ်ဝှမ်း မသိသူ မရှိသလောက် အောင်မြင်ပေါက်ရောက်ခဲ့ပြီ ဖြစ်ပါ၏။

(၃)

မနေပြု အ·ထ·က ရွှေရတုမဂ္ဂဇင်းကို မိမိတို့ စီစဉ်ပေးတော့ မနေပြုကျောင်းထွက် လူရည်ချွန်များစာရင်းကို တွေ့ရသည်။

နိုင်ငံတော်အကြီးအကဲလည်း ပါ၏။ စစ်ဗိုလ်ကြီးများလည်း ပါ၏။ ဆရာဝန်ကြီးများလည်း ပါ၏။ အင်ဂျင်နီယာကြီးများလည်း ပါ၏။

မိမိကား တစ်ဘာသာ။

အနုပညာကို ဖက်တွယ်ပြီး မဆုတ်မနစ်သော ဇွဲလုံ့လ ကြိုးစားမှုတို့ဖြင့် ယခုအခါ မနေပြု အ·ထ·က ကျောင်းထွက် မနေပြုသား မိမိသည်လည်း အနုပညာနယ်ပယ်တွင် တစ်ထောင့်တစ်နေရာမှ လူသားရပ်ရွာအကျိုး သယ်ပိုးနေနိုင်ပြီ ဖြစ်ပါချိမ့်။

[မနေပြု အ·ထ·က ရွှေရတုမဂ္ဂဇင်း
(၂၀၀၀)ပြည့်နှစ်]

http://www.cherrythitsar.org



# ပဝဝမခုံးများ

http://www.cherrythitsar.org

# မိမိ၏ ပထမဆုံးများ

(၁)

တစ်ခါတစ်ရံတော့ ရေစက်ဆုံခြင်းသည် အံ့ဩဖို့ကောင်းသား။

(၂)

(၁၉၇၅) ခုနှစ် ဝန်းကျင်လောက်ရှိမည်။ ထိုစဉ်က မိမိက အသက် (၁၈)နှစ်။ ခနေဖြူမှာ ရှိနေဆဲဖြစ်သည်။ ကိုးတန်းကျောင်းသား။ စာတိုပေစတွေ လက်ရောက်ရာ ရေးနေဆဲကာလ။ ကာတွန်းစာအုပ်များ ဖတ်နေရာမှ မဂ္ဂဇင်းများ၊ လုံးချင်းဝတ္ထုများကို မြတ်နိုးစွာ ဖတ်ဖြစ်နေခဲ့သည်။

တွတ်ပီစာအုပ်တိုက်

http://www.cherrythitsar.org



ကျောင်းစာနှင့် ဝတ္ထုများ၊ မဂ္ဂဇင်းများ၊ စွဲလန်းရသော ကာတွန်းစာအုပ်များ ထွေးရောယှက်တင် နေဆဲကာလ၊ ညနေတိုင်း မေနုဖြူ မြို့လယ်ရုံသစ် (မြန်မာညွန့်ရုပ်ရှင်ရုံ) သို့ ရောက်သည်။ စာပေဝါသနာရှင် သူငယ်ချင်း တစ်ယောက်မဟုတ် တစ်ယောက်နှင့် သွားကြမြဲဖြစ်သည်။ ရုံသစ်မှာ ချစ်သဲ စာပေရှိသည်။ ယခုလည်း ကိုကျော်ကျော်၏ ချစ်သဲစာပေက ထိုနေရာတွင်ပင် ရှိနေဆဲဖြစ်သည်။

ပြန်တွက်ကြည့်တော့ နှစ်ပေါင်း နှစ်ဆယ်ကျော် အစိတ်နီးခဲ့ပြီ၊ ထိုစဉ်က မိမိဝတ္ထုတိုလေးတွေ၊ ကဗျာလေးတွေ ဝါသနာအလျောက် ရေးကျင့်နေဖြစ်သည်။

သောကြာစာစောင်သည် ထိုစဉ်က တစ်ကျပ်တန်၊ ၁၆ ချိုး။

သောကြာစာစောင်ကိုလည်း လစဉ် မုန့်ဖိုးထဲမှ ဝယ်ဖတ်ဖြစ်ခဲ့သည်။ စုသည်။

ဟာသကဗျာလေးတွေ၊ ဟာသဝတ္ထုတွေ ရေးပြီးပို့၏။

(၃)

တစ်နေ့ မိမိကျောင်းအရောက် သူငယ်ချင်းစောထွန်းနှင့် စကားပြောဖြစ်သည်။ စောထွန်းကား (မေနုဖြူ) စောထွန်း အမည်နှင့် ထိုစဉ်က သောကြာတွင် ကဗျာများပါစပြုနေပြီ၊ မိမိတို့ နှစ်ယောက်လုံး ကိုးတန်းကျောင်းသားများ။

ထိုရက်က လဆန်းရက်ဖြစ်သည်။ မဂ္ဂဇင်းထွက်ရက်၊ သော

http://www.cherrythitsar.org



ကြာ စာစောင်တွင် ခနေဖြူက တစ်ယောက်ပါသည် ဝတ္ထုတိုလေးဟု စောထွန်းက ပြောသည်။ မိမိ ဒီလ သောကြာစာစောင် မတွေ့သေး။ ဘယ်သူလဲဟု မိမိကမေးသည်။

"တရုတ်တန်းက တရုတ်မတစ်ယောက်လို့ ထင်တာပဲ၊ ကလောင်အမည်က မင်းမင်းထွေး (ခနေဖြူ)" ဟု စောထွန်းက ပြောသည်။

"ဟင် မင်းမင်းထွေး (ခနေဖြူ) တဲ့ ဟုတ်လား" မိမိက စိတ်လှုပ်ရှားစွာဖြင့် အလောတကြီး မေးလိုက်သည်။ မိမိ၏ အလျင်စလိုပြန်ကြောင့် စောထွန်းအံ့ဩသွားသည်။

"ဟုတ်တယ်လေ ဘာဖြစ်လို့လဲ"

"ဟာ အဲ့ဒီ မင်းမင်းထွေး (ခနေဖြူ)ဆိုတာ ဘယ်ကလာ တရုတ်တန်းက မိန်းမကမှာလဲဗျာ ကျွန်တော် ကျွန်တော့်ကလောင်အမည် ကျွန်တော့်ဝတ္ထု"

"ဟာ ခင်ဗျား နာမည်က ဘယ်နှယ့် မင်းမင်းထွေးတဲ့ မိန်းမနာမည်ဖြစ်နေရတာလဲ"

မိမိကား ရင်ထဲ၌ ဝမ်းသာပီတိ လှိုင်းကြီးများ ကြွလာသဖြင့် ရုတ်တရက် စကားမပြောနိုင်သေး။

အနည်းငယ် ရှင်းပြချင်သည်မှာ ထိုစဉ်က မိမိ၌ ဆွေမင်း (ခနေဖြူ) ဆိုသော ကလောင်နာမည် မရှိသေး။

မိမိနာမည်ရင်းက မောင်ခင်မောင်မြင့်။ စာတိုပေစလေးတွေ

http://www.cherrythitsar.org



ဝါသနာအရ မနေနိုင်ဘဲ ရေးခြစ်နေသော်လည်း ကလောင်နာမည် ဟုတ်ဟုတ်ငြားငြား မရှိ။

ထိုစဉ်က မိမိဖတ်ဖြစ်ခဲ့သော ဝတ္ထုရေးဆရာများထဲတွင် တက္ကသိုလ် မောင်အောင်ဆွေသည်လည်း နှစ်သက်သည့်အထဲမှာပါ၏။ ဆရာတက္ကသိုလ်မောင်အောင်ဆွေ၏ တတိယအသည်းနှလုံး (တစ်ခါက တစ်ဘဝ) မြန်မာကိုရုပ်ဆိုး၊ ကျွန်တော်နှင့် လေးဖြူဖြူ၊ အတက်ကားကို ဦးစားပေးပါ။ အများကြီး။ ဆရာတက္ကသိုလ်မောင်အောင်ဆွေ၏ ထိုစဉ်က ထွက်ခဲ့သော ဝတ္ထုတိုင်းကို မိမိဖတ်ဖြစ်ခဲ့သော်လည်း နာမည်အစုံ မမှတ်မိတော့။

ဆရာရေးသော "ကျွန်တော်နှင့် လေးဖြူဖြူ" ဝတ္ထုထဲတွင် ဇာတ်လိုက်မင်းသားအမည်က မင်းမင်းထွေး။ စတီရီယိုတွင် မင်းမင်း လတ်တို့ ခေတ်စားနေသောကာလ။

ဆရာ့ဇာတ်ကောင် မင်းမင်းထွေးသည် ထိုစဉ်က လှပသော ခေတ်မီသော နာမည်ကလေးဖြစ်၏။

မိမိက ထိုနာမည်ကလေးကို ကလောင်နာမည်အဖြစ် ရွေး ချယ်လိုက်၏။ သောကြာသို့ ဝတ္ထုတိုလေး တစ်ပုဒ်ရေးပို့လိုက်သည်။

ပါပြီတဲ့။ မိမိဝမ်းသာမှုမှာ ဖော်မပြနိုင်တော့။

ကျောင်းလစ်ပြီး ချစ်သဲသို့ သွား၏။ သောကြာစာအုပ်ဝယ်ပြီး ကမန်းကတန်းလှန်၏။ တွေ့ပြီ။ မင်းမင်းထွေး (ဓနုဖြူ) "ပင်မြင့်စံ ဂိုထ်းကို ဖြို့ခွဲခြင်း" တဲ့။

http://www.cherrythitsar.org



ဟာသဝတ္ထုတိုလေး။ မိမိ၏ ပထမဆုံးသော ပုံနှိပ်စာလုံး။ ပထမဆုံး ပုံနှိပ်စာနှင့် ပထမဆုံး ဝတ္ထုတိုက သောကြာစာစောင်တွင် ပါရှိခဲ့ပါသည်။

သောကြာကား မိမိကို စာပေမျိုးစေ့ ပြန့်ပွားပေးခဲ့ရာ ရေသောက်မြစ်သာ။

(၄)

ထိုမှ ခနေဖြူသို့ အလည်ပြန်လာသော ဆရာအီကြာကွေးကို (ခနေဖြူ) စောထွန်းက မိတ်ဆက်ပေး၏။

ဆရာအီကြာကွေးနှင့် မိမိက တစ်မြို့တည်းသား။ သို့သော် ဆရာအီကြာကွေး ရန်ကုန်စာပေလောကသို့ အခြေချသွားရောက် နေထိုင်သည့် အချိန်က မိမိက (၅)နှစ်သားလောက်သာ ရှိပါဦးမည်။

မသိ။ ဆရာအီကြာကွေးကို မိမိ မြင်ဖူးတော့ ဆရာကွေးက အသက် (၄၀)ဝန်းကျင်၊ မိမိက (၁၈)နှစ်ဝန်းကျင်၊ ဆရာကွေးနှင့် စတင်တွေ့ဆုံပုံကလည်း အဆန်း။

ခနေဖြူဈေးထဲတွင် မိမိတစ်ယောက်တည်း လျှောက်လာစဉ် (ခနေဖြူ) စောထွန်းကို တွေ့ရ၏။ သူ့ဘေးတွင် လူစိမ်းတစ်ဦး။

"ဟေ့လူ ဒါဆရာကြီး အီကြာကွေး"

"ဟင်"

မိမိ မင်သက်သွားသည်။ ဘဝတွင် စာရေးဆရာဆိုသူကို

http://www.cherrythitsar.org



နဖူးတွေ့ဒူးတွေ့ တွေ့ဖူးခြင်းပင်။ ပြီးတော့ သူက မိမိနှင့်တစ်မြို့တည်း သား စာရေးဆရာ။

“ဆရာကွေး သူက ဆွေမင်း (နေဖြူ)တဲ့ စာလည်းရေးတယ် ကာတွန်းလည်း ဆွဲတယ်”

“ကောင်းတယ်ကွ ငါ့အိမ် လာလည်ဦး”

ဆန်းသည်မှာ ဆရာကွေးသည် ထိုစဉ်က ပုဆိုးနှင့်ဖြစ်၏။ ဆရာကြီးကွေးကား အမြဲတန်း ဘောင်းဘီဝတ်သူဖြစ်သည်။ ဘောင်းဘီ၊ ရှူးဖိနပ်၊ ဆေးပြင်းလိပ်၊ လွယ်အိတ်၊ ဦးထုပ် တို့သည် ဆရာကြီးကွေး ၏ မူပိုင်ဟန် အမှတ်အသား။

ဆရာကွေးနှင့် မိမိနှစ်ပေါင်း နှစ်ဆယ်ကျော် မပြတ်မလတ်ဘဲ တွေ့ကြုံနေရသော်လည်း ဆရာကွေး ပုဆိုးဝတ်သည်ကို သူ့အိမ်တွင်သာ တွေ့ဖူးသည်။ မြို့ထဲတွင် သူ့ကို ပုဆိုးနှင့် တစ်ခါမျှ မမြင်ဖူးခဲ့။

သို့သော် သူနှင့်မိမိ စတင်မိတ်ဆက်ပေးစဉ်က နေဖြူမြို့ထဲတွင် သူက ထူးထူးဆန်းဆန်း ပုဆိုးနှင့်။ ယင်းကား အဆန်း။

သို့ဖြင့် မိမိ ရန်ကုန် လာလည်တိုင်း ဆရာကွေးဆီရောက်၏။ သူက မဂ္ဂဇင်းတိုက်များသို့ ခေါ်သွားတတ်သည်။ သောကြာစာစောင် တိုက်သို့လည်း ရောက်၏။ အယ်ဒီတာဆရာ ဦးမောင်ကလေးနှင့် မိတ်ဆက်ပေးသည်။ ထိုလက တိုက်တိုက်ဆိုင်ဆိုင် ဆရာဦးမောင်ကလေး လက်ဆောင်ပေးသော အသစ်စက်စက် သောကြာတွင် မိမိ၏ ကဗျာ တစ်ပုဒ်ပါနေသည်။ မိမိက ဝမ်းသာအားရဖြင့် ထိုကဗျာလေးကို ဆရာ

http://www.cherrythitsar.org



ကွေးနှင့် ဆရာဦးမောင်ကလေးကို ပြလိုက်၏။

ထိုအချိန်ကျတော့ မိမိကလောင်နာမည်သည် တရုတ်မအမည် ဆန်ဆန် ဆရာတက္ကသိုလ် မောင်အောင်ဆွေ၏ ဇာတ်လိုက်နာမည်ကို ကြိုက်၍ ထပ်တူမှည့်ထားသော မင်းမင်းထွေး (ခနေဖြူ) မဟုတ်တော့။

မောင်မောင်ဆွေမင်း (ခနေဖြူ) ဖြစ်နေပြီ။

ယခုကလောင်အမည်နှင့်စာသော် မောင်မောင် နှစ်လုံးပိုနေ၏။ မောင်မောင်မြင့်လွင် ဝတ္ထုတွေ လွှမ်းမိုးနေသော ကာလမဟုတ်ပါလား။

ပထမဆုံး စရောက်ဖူးသော စာစောင်တိုက်ကလည်း သောကြာစာစောင်တိုက် ဖြစ်နေပြန်သည်။

(၅)

(၁၉၇၇) ခုနှစ်၊ ဩဂုတ်လတွင် မိမိ ရန်ကုန်ရောက်၏။ အသက်(၂၀)။ ရန်ကုန် ပန်းချီ၊ ပန်းပုသင်တန်း တက်ခွင့်ရသည်။ မိမိကို ကျောင်းလိုက်အပ်ပေးသူက စာရေးဆရာ အီကြာကွေး၊ ပန်းချီဆရာကိုလှိုင်ဘွား။

(၁၉၇၇) ခုနှစ်၊ ဩဂုတ်လတွင် ရန်ကုန်ရောက်ပြီး မကြာမီ မိမိသောကြာစာစောင်တိုက်သို့ သွားခဲ့၏။ ဆရာဦးမောင်ကလေးကို ယခင်က တွေ့ဖူးသည်။ မိမိက မိမိနာမည်ပြောပြီး မိတ်ဆက်သည်။ ဆရာ အီကြာကွေး တပည့်ဟုလည်း ဆရာ့အားကိုးဝိတ်သုံးသည်။

http://www.cherrythitsar.org



သောကြာ စာစောင်တွင် ဝတ္ထုသရုပ်ဖော် ကာတွန်းပုံများ ရေးဆွဲချင်ပါသည်ဟု တင်ပြသည်။ မိမိရေးဆွဲထားသော ကာတွန်းပုံများကိုလည်း ပြသ၏။

ဆရာဦးမောင်ကလေးက ဝတ္ထုတစ်ပုဒ်ကို ပေးဖတ်သည်။ "ဒီဝတ္ထုကို ဖတ်ကြည့် ဘယ်လိုသရုပ်ဖော်မလဲ ပြော" ဟု ပြောသည်။

မိမိလည်း လက်ရေးစာမူစာရွက်များကို ယူလိုက်သည်။ ဆရာအီကြာကွေး၀တ္ထု။ ဆရာဦးမောင်ကလေးကား မိမိသည် ဆရာအီကြာကွေး တပည့်ဟုဆိုသဖြင့် ဆရာအီကြာကွေး ဝတ္ထုပေးဖတ်ခြင်း ဖြစ်ပေမည်။

သရုပ်ဖော်ရမည့်အကွက်ကို မိမိကပြောပြ၏။ လက်ဖက်ရည်ဆိုင်တွင် ဂုရကွေးအပါအဝင် လူသုံးယောက် ထိုင်စကားပြောနေပုံသာ ဖြစ်သည်။

ထိုပုံကို ဆွဲခဲ့ဖို့ ဆရာဦးမောင်ကလေးက မှာ၏။ မိမိနေထိုင်ရာ ပန်းချီပန်းပုဆောင်တွင် ထိုသရုပ်ဖော်ပုံကို ကြိုးစားပန်းစားဆွဲ ပြီး သွားပို့ခဲ့သည်။

အောက်တိုဘာလ သောကြာစာစောင်တွင် မိမိ၏ ပထမဦးဆုံးသော ဝတ္ထုသရုပ်ဖော်ပုံပါခဲ့သည်။ မိမိကား မိမိပုံပါသော သောကြာစာစောင်လေးကိုကိုင်ပြီး ပီတိဖြစ်မဆုံး။

http://www.cherrythitsar.org



(၆)

(၁၉၉၀) ခုနှစ် ဝန်းကျင်ကျ မိမိက မြို့ရာဇာတွတ်ပီဖြင့် အောင်မြင်နေပြီ။ (၁၉၉၇) ခုနှစ် ဩဂုတ်မှစ၍ မိမိတွတ်ပီစာအုပ်တိုက်မှ တတိုင်းမွှေးကာတွန်းဂျာနယ် အပတ်စဉ်ကို စီစဉ်ထုတ်ဝေဖြစ်သည်။ ထိုမှ ကိုဝေသာနှင့် မိမိ တပူးတွဲတွဲ ဂျာနယ်ထုတ်ဝေရေးကိစ္စ နေ့စဉ်နှင့်အမျှ လုံးပန်းရသည်။

အပတ်စဉ်ဂျာနယ်နှင့် မိမိတို့ တင်းမတိမ်။ လစဉ်မဂ္ဂဇင်းထုတ်ဝေချင်သည့် ချဉ်ချင်းတပ်သည်။ ထိုစဉ်က သောကြာစာစောင်မထွက်တော့။

မဂ္ဂဇင်းထုတ်ဖို့ စဉ်းစားကြတော့ မိမိတို့က ကာတွန်းဆရာများမှ ဟာသဦးစားပေး မဂ္ဂဇင်းကို ပိုကြိုက်သည်။

သို့ဖြင့် သောကြာစာစောင်ကို မိမိတို့ထုတ်ဝေဖို့ ဆက်သွယ်ကြည့်သည်။ ပထမကာလတွင် မောင်မောင်လေးမှ တစ်ဆင့်ပြောသည်။ ထို့နောက် ဆရာအီကြာကွေးနှင့် တစ်ဆင့်ဆက်သွယ်သည်။ ဆရာဦးမောင်ကလေးမှ မိမိတို့ကိုထုတ်ဝေခြင်း ပူးတွဲလုပ်ဖို့ စိတ်ဝင်စားကြောင်းသိရသည်။ (၁၉၉၉) ခုနှစ်၊ ဇူလိုင်ကျတော့ သောကြာစာစောင် ပြန်လည်ထုတ်ဝေခွင့်ရသည်။

သို့ဖြင့် မိမိ ပထမဆုံးသော ထုတ်ဝေသည့် မဂ္ဂဇင်းကလည်း သောကြာမဂ္ဂဇင်းဖြစ်နေပြန်သည်။

http://www.cherrythitsar.org



(၇)

မိမိဖြတ်သန်းခဲ့သော ခရီးစဉ်ကို အစပြန်ကောက်သော် ပထမဆုံး ရေးသားခဲ့သည့် ဝတ္ထုတိုမှာ သောကြာစာစောင် (၁၉၇၅)ခုနှစ်ဝန်းကျင်။

ပထမဆုံး တွေ့ဆုံခဲ့ဖူးသော အယ်ဒီတာမှာ သောကြာ ဦးမောင်ကလေး (၁၉၇၆) ခုနှစ်။

ပထမဆုံးရေးခဲ့သော ဝတ္ထုတို သရုပ်ဖော်ကာတွန်းပုံမှာ သောကြာ စာစောင်ပါ ဆရာအီကြာကွေး ဝတ္ထု (၁၉၇၇) ခုနှစ် အောက်တိုဘာလ။

မိမိပထမဆုံးသော တာဝန်ယူစတင် ထုတ်ဝေသည့် မဂ္ဂဇင်းမှာ သောကြာစာစောင်။

မိမိဘဝ၏ ပထမဆုံးများဖြစ်၏။

(၈)

တစ်ခါတစ်ရံတော့ ရေစက်ဆုံခြင်းသည် အံ့သြဖို့ အကောင်းသား။

[ဇန်နဝါရီလ၊ ၂၀၀၀ ခုနှစ်၊ သောကြာမဂ္ဂဇင်း]

http://www.cherrythitsar.org



http://www.cherrythitsar.org



# ရင်းနှီးပေးဆပ်ခဲ့ရသော အချိန်များစွာ

(၁)

သောကြာစာစောင်နှင့် မိမိက ဇာတ်လမ်းလေးရှိခဲ့ဖူးသည်။ စင်စစ် ထိုဇာတ်လမ်းမျိုးကား အနုပညာသမားတို့အဖို့ ကြုံတွေ့ဖူးနေကျကိစ္စမျိုးသာ။ အမှန်အကန်နှင့် အကြံအဖန်သာရှိပါလိမ့်မည်။

(၂)

အနုပညာသမားတို့အဖို့ မိတ်ဆက်စာဟူသည် မဆန်း။ အောင်မြင်လာသည်နှင့်အမျှ စိတ်ဝင်စားသူ ပရိသတ်က အင်နှင့် အားနှင့် ဖြစ်လာသည်။ စာကို စိတ်ဝင်စား၍ မိတ်ဆက်စာရေးသူ၊ လူကို စိတ်ဝင်စား၍တော့ ဟုတ်ဟန်မတူ။ (စာပေအနုပညာသမားဟူသည် ဓာတ်ပုံကို စာနယ်ဇင်းထဲ ထည့်ကြသူ မဟုတ်။ ထိုစဉ်က)

http://www.cherrythitsar.org



အချိုကျတော့လည်း လက်တည့်စမ်း တမင်စာရေးနေသူ။

ဘယ်လိုပဲဖြစ်ဖြစ် သေချာသည်ကတော့ အောင်မြင်သော အနုပညာသမားများဆီသို့ မိတ်ဆက်စာရေးကြပေလိမ့်မည်။ မိမိကျ ထိုသို့မဟုတ်။

မိမိဆီ မိတ်ဆက်စာရေးစဉ်က မိမိသည် မဂ္ဂဇင်း၊ ဂျာနယ်တို့ တွင် စာတစ်ကြောင်းမျှပင် ဟုတ်တိပတ်တိ ရေးဖူးသူမဟုတ်သေး။

အောင်မြင်ဖို့ဝေးစွ။ စာတစ်ကြောင်းတစ်လေမျှပင် စာမျက်နှာ ပေါ် မတင်ရသေးခင် မိမိက မိတ်ဆက်စာရခဲ့ဖူးသည်ပဲ။

ထိုမိတ်ဆက်စာက သောကြာစာစောင်နှင့် ပတ်သက်သည်။ ဇာတ်လမ်းက ထိုမှစခဲ့ခြင်းဖြစ်၏။

(၃)

ထိုစဉ်က အသက် ၁၇နှစ်၊ ၁၈ နှစ်ဝန်းကျင်။ ၁၉၇၄-၇၅ ခုနှစ် ဝန်းကျင်ခန့်။ ဓနုဖြူမှာ။

အထက်တန်းကျောင်းသား ဘဝ။ စာရှုးပေရှူး။ တစ်နေ့ကို ဝတ္ထု တစ်အုပ်ကုန်အောင်တော့ ဖတ်ဖြစ်နေသည်။ ကျောင်းစာထက် ဝတ္ထု၊ မဂ္ဂဇင်း၊ ဂျာနယ်များကို နှစ်နှစ်သက်သက် ဖတ်နေစဉ်ကာလ။

သောကြာစာစောင်သည်လည်း ထိုစဉ်က မိမိလစဉ်ဖတ်ဖြစ် ခဲ့သည့်စာစောင်ဖြစ်၏။ သောကြာစာစောင်ကျ ဖတ်သည်သာ မဟုတ်။ ကဗျာများ၊ ဝတ္ထုတိုလေးများ၊ ပဟေဠိလေးများ လက်တည့်စမ်းရေးသား

http://www.cherrythitsar.org



ပေးပို့နေဆဲကာလ။

စာရေးသင်ကာစ စာရှုးပေရူးဘဝတွင် ရှုမဝ၊ မြဝတီ၊ စန္ဒာ၊ ငွေတာရီစသည့် မဂ္ဂဇင်းကြီးများတွင် စာမူပါဖို့ မမျှော်မှန်းရဲရှာ။

သောကြာ၊ ယုဝတီ၊ တိုင်းရင်းမေ၊ ရုပ်ရှင်ပဒေသာ စသည့် စာစောင်မဂ္ဂဇင်းငယ်များတွင်သာ စာမူများကို မျှော်လင့်ချက်ဖြင့် ပေးပို့ရသော သဘာဝရှိ၏။

ကလောင်သစ် အများအပြားကို အသုံးပြုခွင့်ပေးသည်က လည်း ထိုမဂ္ဂဇင်းငယ်များတွင်သာ။ ယနေ့ အောင်မြင်နေသော စာရေး ဆရာ တော်တော်များများသည်လည်း ထိုမဂ္ဂဇင်းငယ်များတွင် မြေစမ်း ခရမ်းပျိုး စတင်ခဲ့ဖူးသည်ချည်းဖြစ်၏။

သောကြာတွင် မိမိကဗျာ၊ ဝတ္ထုတိုလေးများ မပါခင်က ကာ တွန်း ပဟေဠိများဖြေဆိုခဲ့၏။ ထိုစဉ်က ၁၆၊ ၁၇ နှစ်ဝန်းကျင်။ ကျောင်းသားဘဝမို့ အချိန်က အားနေသည်။

သောကြာတွင် ကာတွန်းပဟေဠိ အမြဲလိုလိုပါလာ၏။ ကာ တွန်း ဆရာကြီး ဦးဟိန်စွန်း၏ ကာတွန်းပဟေဠိက သောကြာစာစောင် တွင် နောက်ဆုံးစာမျက်နှာကနေ အမြဲပါတတ်သည်။

ဆရာကြီးက ကာတွန်းတစ်ကွက်ကို စာကောအရုပ်ပါ စိတ်ကူး ရေးဆွဲထားသည်။ ပရိသတ်က ထိုစိတ်ကူးနှင့် မတူသော စိတ်ကူးတစ်ခု ကို ရေးသားပေးပို့ရန်ဖြစ်သည်။ ပုံဆွဲရန် မလို။

သို့တစေ ထိုစိတ်ကူးသစ်ကား ဆရာကြီးကြိုတင်ရေးဆွဲပေး

http://www.cherrythitsar.org



ထားသော ပုံဟောင်းနှင့် လိုက်ဖက်ညီရမည်ဖြစ်ပါသည်။

ထိုကဗျာလေးကို မိမိဖြေဆိုဖြစ်သည်။

မိမိ၏ စာရေးချင်စိတ် ကာတွန်းရေးဆွဲချင်စိတ်က ထိုစဉ်ကတည်းက ဇာတိပြပုံရ၏။

မိမိ၏အဖြေကလေးများက သောကြာစာစောင်တွင် ဖော်ပြခြင်းခံခဲ့ရဖူးသည်။ မိမိ၏နာမည်ရင်း မောင်ခင်မောင်မြင့်ဆိုသော နာမည်နှင့်။

သောကြာစာစောင်က ထိုအဖြေမှန်သူများကို သောကြာစာစောင် တစ်အုပ်စီချီးမြှင့်၏။ မိမိတို့အိမ်က မြို့အစွန်မှာဆိုတော့ စာပို့သမား မှန်မှန်မရောက်ချင်။ သို့အတွက် မိမိက မိမိသူငယ်ချင်းစိုးနိုင်၏အိမ်လိပ်စာကို ပေးရ၏။

သောကြာစာစောင်တွင် မိမိ၏ပဟေဠိ အဖြေပါတော့ စိုးနိုင်၏အိမ်လိပ်စာနှင့်ဖြစ်သည်။ သို့ဖြင့် ထိုစဉ်က ထိုကဲ့သို့ အဖြေမှန်သူများကို သောကြာစာစောင် တစ်အုပ်စီ ပို့လားမပို့လားမသိ။ အဖြေမှန်ပြီး သုံးလေးကြိမ် သောကြာစာအုပ် တစ်အုပ်မှ မရဖူးသည်ကတော့ အမှန်။ တစ်နေရာရာတွင် ပျောက်ရကောင်း ပျောက်ရခဲ့ပေမည်။

သောကြာစာအုပ်မရပြား စာတစ်စောင်ကတော့ ရောက်လာသည်။ တစ်နေ့တွင် စိုးနိုင်က မိမိဆီရောက်လာသည်။

ရောက်လာကတည်းက သူကလည်း ပဟေဠိအမေးကလေးနှင့်။

http://www.cherrythitsar.org



"ကိုဆွေမင်း ခင်ဗျားမှာ ပုသိမ်ဘက်က အသိရှိလား"

"ဟင် ပုသိမ်မှာ မရှိဘူးဗျ။ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး…မေးကြည့်တာ"

သူပဲအစမရှိ အဆုံးမရှိမေးပြီး ဘာမှမဖြစ်ဘဲ မေးသတဲ့။ မိမိကလည်း သူ့မေးခွန်းကို မတင်မကျနှင့် စိတ်စနောင့်စနင်းဖြစ်ကာ ကျန်ရစ်သည်။

စိုးနိုင်ကလည်း စာပေဝါသနာပါသူ။ သူနှင့် မိမိက ခနေဖြူမှာ ညဆို လက်ဖက်ရည်ဆိုင်တွင် ထိုင်နေကျ။ စာအကြောင်း ပေအကြောင်း ရောက်တတ်ရာရာ လေပေါနေနေကျ။

ထိုညက စိုးနိုင်သည် ပုသိမ်က အသိကိစ္စကို မတင်မကျ ပြောကာ ပြန်သွားခဲ့သည်။ မိမိကလည်း ထိုစဉ်က ကျောင်းသားမို့ အားနေရာ သောင်စဉ်ရေမရအတွေးရေယာဉ်ကျောတွင် မျောချင်တိုင်း မျောပါနေခွင့်ရရကား ထိုညဝယ် အတွေးပင်လယ်ကျော နစ်မျောပါခဲ့ပုံရ၏။

နောက်သုံးရက်ခန့်အကြာမှ ထိုစိုးနိုင် ပေါက်ချလာပြန်သည်။

"ကိုဆွေမင်း…ဒီမှာ ခင်ဗျားနာမည်နဲ့ ပုသိမ်ကစာလာသဗျ"

သူကား သုံးရက်ကျော်မှ စာထုတ်ပေး၏။ စာကားဖောက်ပြီးသား။ စာအိတ်ပင် မရှိတော့။ ခေါင်းစီးတပ်ထားသည်က

ကိုခင်မောင်မြင့်…တဲ့။

ထိုစာကတော့ မရှိတော့။ ထိုစာသဘောကိုတော့ ယခုထက်ထိ

http://www.cherrythitsar.org



မှတ်မိနေဆဲ။

လက်ရေးက ဝိုင်းဝိုင်းအသတ်ရှည်ရှည်။ နောက်အရှည်သဖြင့် ရင်းနှီးခဲ့ရသော လက်ရေးဝိုင်းဝိုင်းစက်စက်လေးများမှ အသက် ၁၇နှစ် လောက်က ရခဲ့သော စာလက်ရေးကို ယခုအသက်လေးဆယ်ကျော် အထိ မှတ်မိနေဆဲ။

ခိုင်...တဲ့။

ခိုင်ရဲ့ကဗျာလေးတွေကို ဝေဖန်ပေးလို့ ကျေးဇူးတင်ပါတယ် ဆရာတဲ့။ ခိုင်တို့က ဝါသနာရှင်ပါတဲ့။ ခုလို ဆရာက ခိုင်ရဲ့ကဗျာလေး တွေကို လမ်းညွှန်သင်ပြပေးလို့ ကျေးဇူးတင်ပါတယ်တဲ့။ ခိုင်က ပုသိမ် မြို့ သလပ်ခွာရွာကပါ ဆရာတဲ့။ ဆရာ ခိုင့်ဆီစာရေးပါဦးတဲ့။ မအေး အေးခိုင်တဲ့။

လိပ်စာက ပုသိမ်မြို့တစ်ဆင့် မောင်သန်းထွန်း။ ယခုပြန်စဉ်း စားတော့ အတိအကျမမှတ်မိတော့။ သူ့ရဲ့စာပေါင်း မြောက်များစွာလည်း ယခုတော့ တစ်စောင်မှ မရှိတော့ပြီ။ ပြောင်းရင်းရွှေ့ရင်း မိမိစွန့်ပစ်တဲ့ အထဲပါသွားပြီထင်၏။

ထားပါတော့။ ထိုစာ။ ထိုစာကား အသာထား။ မိမိမှာ ထိုစဉ်က ဘယ်မဂ္ဂဇင်း၊ ဘယ်ဂျာနယ်မှလည်း စာမူမပါဖူးသေး။

ပုံနှိပ်စာလုံးဆို၍ ထိုကာတွန်း ပဟေဋ္ဌိအဖြေမှန်ပဲရှိသည်။ ယခု အေးအေးခိုင်ဆိုတဲ့သူက သူ့ကဗျာလေးတွေ ဝေဖန်ပေးလို့ ကျေးဇူးတင် ပါတယ်ဆိုပဲ။

http://www.cherrythitsar.org



မိမိက မအေးအေးခိုင်ဆိုသော ပုသိမ်သူကို သိကျွမ်းမှုမရှိ။ ဝေဖန် ဖူးဖို့ဝေးစွ။ ပုသိမ်မြို့သို့ပင် တစ်ခေါက်တစ်ကျင်းမျှ မရောက်စဖူး။

ဓနုဖြူနှင့် ပုသိမ်ကား ဘာမျှ မဝေး၊ မဝေးသော်လည်း ထိုစဉ်က မိမိတို့မှာ လူပျိုပေါက်အရွယ်။ မြို့ကျော် နယ်ကျော်ရပ်ဝေးတောင် သွားခွင့်မရှိလှ။

သို့နှင့် ပုသိမ်သို့လည်း မရောက်ဘူး။ ပုသိမ်သူကိုလည်း မသိကျွမ်းဖူးပါပဲလျက် မအေးအေးခိုင်ဆိုသော ပုသိမ်သူက စာပြန်သည်။ တစ်စုံတစ်ရာ လွဲချော်နေပြီထင်၏။ သူ့ကလောင်နာမည်ကိုလည်း ထိုစာမှာ ဖော်ပြထားပါသေး။

ကလောင်အမည်က စိမ်းနွယ်(ပုသိမ်)တဲ့။

မဟုတ်မှလွဲရော့။ မိမိနာမည်ကတော့ သောကြာကာတွန်းပဟေဠိမှာသာပါဖူးသည်။ ထိုလိပ်စာကို အကြောင်းပြုပြီး ဤစာ ရောက်လာရသည်ဟု မိမိတစ်ထစ်ချ တွက်ဆသည်။

အမှန်စင်စစ် အကြောင်းရိုက်ခြင်းဖြစ်ပေမည်။ သို့မဟုတ် လက်တည့်စမ်းခြင်း ဖြစ်နိုင်၏။

လေထဲသို့ ရမ်းသမ်းမှန်းသမ်း ပစ်လိုက်သော လောက်စာလုံးသည် ကံဆိုးသူစာသူငယ်ကို ထိမှန်ရော့ဟု သဘောထားပုံလည်း ရပါပေသည်။

သို့နှယ် ဇဝေဇဝါခွဲမရဖြစ်ရသော်ငြား အပျော်ရေးသူထံသို့ မိမိတို့ကလည်း စိတ်ရှုးပေါက်ရာ အရွယ်တွေမို့ အပျော်စာပြန်ဖြစ်ခဲ့သည်။

http://www.cherrythitsar.org



ထိုမှ မအေးအေးခိုင်ဆိုသော ပုသိမ်သူနှင့် မိမိစာချင်း အဆက်အသွယ် ပြုလုပ်ရင်း ရင်းနှီးခဲ့ရသည်။ သူနေသော ပုသိမ်အနောက်ပိုင်း သလပ်ခွာဆိုသော ရွာကလေးနှင့် မိမိစာချင်းကျွမ်းဝင်ခဲ့ရသည်။

မအေးအေးခိုင်၊ ပုသိမ်သလပ်ခွာရွာဟူသော အမည်သုံးခုသည် ထိုစဉ်က ငယ်ရွယ်နုပျိုသော မိမိနုလုံးသား ဦးနှောက်တို့တွင် အမြစ်တွယ်စိုးမိုးခဲ့ရပြီပဲ။

တိုက်တိုက်ဆိုင်ဆိုင် ထိုစဉ်က မိမိဆရာတက္ကသိုလ်ဘုန်းနိုင်၏ (နွယ်ဦးမွန်မို့ ချစ်ထွင့်တင်သည်) ဝတ္ထုကို ဖတ်ခဲ့ဖူးပြီးဖြစ်သည်။

ဆရာ့ (နွယ်ဦးမွန်မို့ ချစ်ထွင့်တင်သည်) ဝတ္ထုလေးသည် ပုသိမ်သလပ်ခွာရွာကလေးကို အခြေတည် ရေးဖွဲ့ထား၏။ သလပ်ခွာရွာကလေးသည် ရေးဟောင်းရွာကလေးဖြစ်သည်ဟု ဆရာတက္ကသိုလ်ဘုန်းနိုင်က ဖွဲ့သည်။ ထိုရွာတွင် မြေဂမူများမှ ကျောက်ခွက်၊ ကျောက်ရုပ်၊ အရုပ်ကလေးများ (ရေးဟောင်းအရုပ်များ) တူးဖော်ရရှိသည်ဟု ထိုဝတ္ထုထဲတွင် မိမိဖတ်ရဖူးသည်။

ထိုဝတ္ထုမှ သလပ်ခွာရွာကလေးကို မိမိ စွဲလန်းခဲ့ရဖူးသည်။ မှတ်မှတ်ရရ သူ၏စာအိတ်ထဲတွင် လက်ကိုင်ပုဝါတစ်ထည် ထည့်သွင်းပေးပို့ခဲ့ဖူး၏။

လက်ကိုင်ပုဝါက အဖြူခံတွင် အစိမ်းနုနှင့် အစိမ်းရင့်ကွက်တို့ ယက်ရှယ်ထိုးဖောက်ထားသည်။

ကိုးတန်း၊ ဆယ်တန်းကျောင်းသားဘဝတွင် စာရေးဆက်သွယ်

http://www.cherrythitsar.org



မှ အမြဲရှိခဲ့သည်။

သူမကို ဓာတ်ပုံတောင်းဖူး၏။ မပေး။ သူမက မိမိထံ ဓာတ်ပုံ အရင်တောင်းသည်။ ထိုစဉ်က မိမိဓာတ်ပုံ မရိုက်ဖူးသေးထင်သည်။

ကျူရှင်အပြန် ညဘက် ရန်ကုန်ဓာတ်ပုံဆိုင်ရှေ့တွင် သုံးလေးငါးခေါက် ဖြတ်လျှောက်ပြီး မဝင်ရဲ၍ ပြန်လှည့်ခဲ့တာ ယခုထက်တိုင် မှတ်မိနေပြန်သည်။

သို့ဖြင့် မိမိကလည်း သူမထံ ဓာတ်ပုံမပို့ဖြစ်။ သူမကလည်း မိမိကို ဓာတ်ပုံမပေး။ မိမိပေးမှ သူပေးမည်ဆိုသဖြင့် မိမိလည်း မတောင်းတော့။

၁၉၇၇ခုနှစ်၊ ဩဂုတ်လတွင် မိမိရန်ကုန်သို့ စတင်ရောက်ရှိခဲ့သည်။ ပန်းချီပန်းပုကျောင်း တက်ခွင့်ရ၍ သုံးနှစ်သင်တန်း လာတက်ခြင်းဖြစ်၏။

ပန်းချီပန်းပုကျောင်းက ဗဟန်း ကိုယ့်မင်းကိုယ့်ချင်းလမ်းမှာ။ မိမိတို့နယ်မှ ကျောင်းသားများအတွက် အဆောင်ရသည်။ အဆောင်က တပ်မတော်ခန်းမ (ယခင်အင်ဗိုင်းခန်းမ)အနီး၊ ပန်လှျာလမ်းပေါ်မှာ။

နှစ်ထပ်အုတ်ပတ်ကား အင်္ဂတေအဆောင်ကြီး။ အဆောင်၌ လူငယ်ကျောင်းသားများ ရှိရာ ပျော်မဆုံး မမော်ဆုံး တပြုံးပြုံးဖြစ်ခဲ့ရသော နှစ်များဖြစ်၏။

ညစဉ်ပန်းချီဆွဲကြ၊ ထွေရာလေးပါးပြောကြနှင့် စိတ်တို့ပျံ့လွင့်ချင်တိုင်း ပျံ့လွင့်တော့ရာ မိမိမှာလည်း စိတ်ပျံ့လွင့်လွတ်လပ်သူတို့ ထုံး

http://www.cherrythitsar.org



စံအတိုင်း သလပ်ခွာရှာသူနှင့် စာအဆက်အသွယ်ပုံမှန် ရှိနေခဲ့၏။

သူမက အခြေအနေတစ်မျိုး ပြောင်းလဲလာပြန်သည်။ ရန်ကုန်တွင် သူနာပြုသင်တန်းတက်ရမည်တဲ့။ မိမိကလည်း ရန်ကုန်ရောက်နေပြီဆိုတော့ ဟန်ကျပြီ။ သို့သော် သင်တန်းက ဘာသတင်းမှ ဟုတ်တိပတ်တိ မကြားရ။ မိမိမှာသာ ထမီနီနီဝတ် သူနာပြုဆရာမလေးများမှားတွေ့လျှင် သူလေလားဟု ထင်ရောင် ထင်မှား စိတ်ကူးခြေရာဖြန့်ကျက်ရသည်။

သူနာပြုအဆောင်ကလည်း မိမိတို့ ပန်းချီပန်းပုကျောင်းဆောင်နှင့် သိပ်မဝေးလှ။ လာလာချေသေး။ သူ့စာက မှတ်မှတ်ရရ ပန်းချီကျောင်း ဒုတိယနှစ်လောက်တွင် ခိုင်ထံမှ ဓာတ်ပုံရ၏။ ထိုစဉ်က ထိုဓာတ်ပုံရအောင် မိမိဘယ်လိုစာရေးတောင်းခဲ့သည်မသိ။

ဓာတ်ပုံကလည်း အားရစရာမရှိ။ မချောမလှမဟုတ်။ အသင့်အတင့်ချောသည်။ သို့ပေမယ့် ဓာတ်ပုံက ဟောင်းနွမ်းနေသည်။ ဆေးသားတို့က မှေးမှိန်၏။ အားမရ။

နောက်ပိုင်း ရန်ကုန်မြို့ပြ၏ ဖမ်းစားမှု၊ မိဘအရိပ်အာဝါသအောက်မှ ထွက်ခဲ့ပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ရန် ကြိုးစားဆဲကာလ။ သူငယ်ချင်းများနှင့် အပျော်ရက်များပေါင်းဆုံပြီး မိမိသူ့ထံစာသိပ်မရေးဖြစ်တော့။

မိမိအထင် ခြောက်လတစ်နှစ်မျှပင် ကြာသွားသည် ထင်၏။ စာအဆက်အသွယ် ပြတ်သွားသည်။

http://www.cherrythitsar.org



လူငယ်တို့သဘာဝ အားအားရှိ ကောင်မလေးအကြောင်း ပြော ဖြစ်နေကြရာ မိမိလည်း အားကျမခံ ပုသိမ်သူကိုသတိရပြီး စာပြန်ရေး ဖို့ ကြိုးစားသည်။ သို့သော် မိမိဖာသာ တိုက်ရိုက်မရေး။ ဥပါယ်တံမျဉ် နှင့် ရေးဖို့စိတ်ကူး၏။

ထိုစဉ်က အားနေပေတာကိုး။ ပန်းချီကျောင်းတက်ဖက် သူငယ်ချင်း ပန်းချီစောတင်မောင်ကို သူ့ကိုယ်သူ ကိုဆွေမင်းသူငယ် ချင်းဟု မိတ်ဆက်ခါ စာရေးစေ၏။

စာပြန်လာသည်။ မိမိဆီကိုတော့ မဟုတ်။ စောတင်မောင် ဆီ။ ပုသိမ်မှ ခိုင်က စောတင်မောင်နှင့် စာတစ်စောင်လား နှစ်စောင် လားမသိ ရေးနေဖြစ်ပြန်သည်။ မိမိအကြောင်းကိုတော့ သူ့စာထဲမှာ သုံးလေးငါးကြောင်းထက် မပို ထည့်သွင်းရေးသားထားကြောင်း ဖတ်ရ ၏။ များစွာ စိတ်ဝင်စားဟန်မပြ။

စောတင်မောင်ကလည်း စာဆက်မရေး။ ကြာတော့ ပုသိမ် က မခိုင်သည် စောတင်မောင်နှင့်လည်း အဆက်ပြတ်ပြန်သည်။

ထို့နောက် မိမိတို့သည်လည်း ယင်းကိစ္စကို မေ့မေ့ပျောက် ပျောက်ဖြစ်သွားတော့သည်။

မိမိ တတိယနှစ်တွင် စာတစ်စောင်လာ၏။ မိမိဆီကို မဟုတ်။ မိမိအစ်ကိုကို လှမ်းရေးပြီး မိမိအကြောင်း စုံစမ်းခြင်းဖြစ်သည်။ မိမိက လည်း အိမ်လိပ်စာပေးထားဖူးသည်။

ထို့နောက် မိမိပန်းချီကျောင်းဆင်း၏။ အဆောင်တွင် မနေ

http://www.cherrythitsar.org



ဖြစ်တော့။ တောင်ဥက္ကလာမှ အဘာဖြစ်သူ၏ အိမ်တွင်နေဖြစ်သည်။

ထိုအိမ်မှ မိမိကာတွန်းတွေ အဆက်မပြတ်ရေးဆွဲရင်း စာနယ်ဇင်းသံသရာတွင် အယ်ဒီတာစားပွဲနှင့် အိမ်၊ ကူးသန်းရက်ဖောက်ရင်း အချိန်ကာလတချို့ ကုန်ဆုံးသွားသည်။

တစ်ရက်တွင် ပန်းချီစောတင်မောင် ရောက်လာ၏။ စောတင်မောင်က ပန်းချီကျောင်းဆောင်တွင် နေနေဆဲကာလ။ သူက အဆောင်သို့ ညှော်သည်လာသည်ဆို၏။

ညှော်သည်က ပုသိမ်က။ သလပ်ခွာရွာက မအေးအေးခိုင်တဲ့။ ဟင်··· ဟုတ်လား။ မိမိလည်း အားရဝမ်းသာ မေးမိသည်။ သို့သော် အဖြစ်က ထီပေါက်ပြီး ထီလက်မှတ် ပျောက်နေသည့်လူနှယ်။

မအေးအေးခိုင်က ပုသိမ်သင်္ဘောဆိပ်မှာ စောင့်နေသည်တဲ့။ ဆင်းတွေ့ပါတဲ့။ လာပြောသည့်လူက နှစ်ဦး။ ရွှေငွေတွေလည်း ဝတ်ထားသည်ပြော၏။ တစ်ဦးက ကန္တကလျှနိုင်သည်ဟု ဆိုပြန်သည်။

သို့သော် ချိန်းသည်က မနေ့ဖြစ်၏။ မိမိမှာ မနေ့က ကြိုသိခဲ့ရင်ဟူသော အတွေးဖြင့် ယောက်ယက်ခတ်ရပြန်သည်။ သို့သော် ပုသိမ်သင်္ဘောဆိပ်ဆင်းတော့ကော ယင်း အေးအေးခိုင်ကို မိမိသိမည်လော။ ဝေးစွာ ခြောက်ပါး။ ဆေးသားဟောင်းနွမ်းနေသော ဓာတ်ပုံရှင်ကို မိမိအပြင်မှာ မျက်နှာတွေလိုက်လံ တိုက်ဆိုင်ကြည့်လို့မလွယ်။

သူမကကော မိမိကို သိမည်လား။

ဝေးစွခြောက်ပါး။ မိမိဓာတ်ပုံ သူမဆီတစ်ခါမျှ မပို့ဘူး။ သို့ဖြင့်

http://www.cherrythitsar.org



တောင်စဉ်ရေမရ ထိုကိစ္စက မတင်မကျ မအီမသာဖြင့် ပြီးရပြန်ချေပြီ တမုံ့။

ထိုစဉ်က ၁၉၇၂ ဝန်းကျင်လောက်ရှိပေမည်။ ထို့နောက် ပုသိမ်သူနှင့် စာလည်းအဆက်ပြတ်၊ လူလည်း မမြင်ဘူး အခြေအနေနှင့်ပင် တိုးလို့တန်းလန်းဖြစ်ခါ နှစ်ကာလတချို့ ဖြုတ်ခနဲ ဖြုတ်ခနဲ ကြွေ ကျကုန်ဆုံးခဲ့ရပါချိမ့်။

(၄)

ကြိုးစားမှုများ အရောင်လက်ခဲ့သည်ဟု ဆိုရမည်။ မိမိကား မြို့င် ရာဇာတွတ်ပီ ကာတွန်းဇာတ်ကောင်ကလေးဖြင့် မြန်မာပြည် တစ်လွှား အောင်မြင်ထင်ရှားသော ကလောင်ရှင်တစ်ဦး ဖြစ်ခဲ့ရသည်။

ပြီးခဲ့သည့်နှစ်က…

မှတ်မှတ်ရရဆိုရလျှင် ၁၉၉၉ ခုနှစ် နှစ်ဦးပိုင်းလောက်ရှိချေမည်။

သူငယ်ချင်းရုပ်ပြရေး ဆရာ အကျော်အမော်တစ်ဦးသည် ဆိုင်ကယ်တစ်စီးဖြင့် အိမ်ရောက်လာ၏။ သူ့ပုံစံက အလျင်စလိုနိုင်လှသည်။

"ကိုဆွေမင်း… ပုသိမ်က ဧည့်သည်တစ်ဦးပါလာလို့"

ဟင်…သူလာတော့တစ်ယောက်တည်း လာပြန်ပြီ ပုသိမ်က တဲ့၊ ယခုအခါကျတော့ ပုသိမ်ကဆိုလျှင် မိမိမှာ မှန်းစရာလူတွေ ရှိနေ

http://www.cherrythitsar.org



ချေပြီ။ အချိန်ကာလ ယန္တရား၏လည်ပတ်မှုဖြင့် အတွေ့အကြုံ ရင့်ကျက်၊ မိတ်ဆွေသင်္ဂဟလည်း ပေါများခဲ့ပြီဖြစ်ပါချိမ့်။

အမှန်စင်စစ် ထိုသူငယ်ချင်းပြောသည့် ပုသိမ်ကစကားကြားရစဉ်က တစ်ခါက ပုသိမ်က မခိုင်ကို မိမိသတိမရရိုး အမှန်ပါ။

"လက်ဖက်ရည်ဆိုင်က ထိုင်စောင့်နေတယ်"

"ဟော ... ဘယ်သူတဲ့လဲ"

"ပုသိမ်ကပြောတာပဲ...သူ့ဆရာမက ကိုဆွေမင်းနဲ့ ကျောင်းသူဘဝတည်းက သိကျွမ်းခဲ့ဖူးတာတဲ့။ နှစ်နှစ်ဆယ်လောက်တောင် ရှိပြီပဲ"

"အလို... အနှစ်နှစ်ဆယ်လောက်က ပုသိမ်က အသိကိုး"

မျက်လုံးထဲတွင် လက်ရေးဝိုင်းဝိုင်းလေးများက အရင်ပေါ်လာသည်။

ဒါဆို ... မအေးအေးခိုင်၊ ပုသိမ်ကပဲဖြစ်မှာ။ ဒါပေမယ့် သူမ က ပုစ္ဆာဆန်သည်။ လို့ရှက်၏။ တစ်ခါတုန်းကလည်း ပုသိမ်အပြန် လူကိုယ်တိုင် မလာဘဲ လူနှစ်ယောက်ကိုသာ လွှတ်ခါ ပုသိမ်သင်္ဘောဆိပ် လိုက်လာခိုင်း၏။

ယခုလည်း သူမကိုယ်တိုင် မလာ။ တပည့်ကို လွှတ်လိုက်ပြန်၏။

သူငယ်ချင်း ပန်းချီဆရာက မိမိကို လက်ဖက်ရည်ဆိုင်လိုက်ပို့ပြီး အခြားနေရာသို့ ခေတ္တထွက်သွား၏။ လူတစ်ဦး ပုပုပြတ်ပြတ်၊ အသား လတ်လတ်၊ အသက် လေးဆယ်ဝန်းကျင်လောက်ရှိရောပေါ့။

http://www.cherrythitsar.org



သူ့ကို ကြည့်ရတာ တစ်ခုခုထူးခြားနေသလိုတော့ ရှိသည်။ မိမိက အိမ်ရှင်မို့ လက်ဖက်ရည်မှာတိုက်သည်။

လက်ဖက်ရည် ရောက်လာတော့ သူက မသောက်။ မိမိသာ လက်ဖက်ရည် မြှုံ့ရင်း သိချင်တာမေးရသည်။

"ဆရာမနာမည်က ဘယ်သူတုန်းဗျ"

"ဆရာမ အေးအေးခိုင်လေ ဆရာနဲ့ငယ်ငယ်က သိကျွမ်းဖူးတယ်ပြောတယ်"

"သြော် . . . ဟုတ်တာပေါ့။ မအေးအေးခိုင်နဲ့ ငယ်ငယ်တုန်းက စာတွေအများကြီး ရေးဖူးတာပေါ့။ စာအစောင်ချည်းပဲ လေးငါးဆယ်မကဘူးဗျ"

"ဟုတ်ကဲ့"

"နို့ . . . နေပါဦး . . . အဲဒီ မအေးအေးခိုင်က အခု ဘာလုပ်နေတုန်း"

"ကျောင်းဆရာမလေ"

"ဟင် ဘယ်မှာတုန်း"

"သလပ်ခွာရွာမှာပဲ"

မိမိက သိပ်မမေးရ။ သူ့ဖာသာ ဆက်ပြောသွား၏။

"ဆရာမက သိပ်လှတာဗျ"

"ဟုတ်လား"

မိမိမှာ မတွေ့ရလေခြင်းဟုပဲ နှမြောတသရမလိုလို။ သို့သော်

http://www.cherrythitsar.org



အခုအရွယ်ကျမှ ဘာစိတ်ဆန္ဒမှ မရှိတော့တာ အမှန်ပါ။

"ဆရာမက ရန်ကုန်ရောက်ရင် ဆရာ့ဆီသွားတွေ့ဖြစ်အောင် တွေ့ပါဆိုလို့ လာတွေ့တာ"

"ဪ"

"ဆရာမက သိပ်လုတာ"

လာပြန်ပြီ ... ဒီလုတာ။ မစားရဝခမန်း။

"အဲ့ဒီတော့ ကျွန်တော် ဒီတစ်ပတ်အမီပြန်ရမယ်"

"ဟင် ကိစ္စရှိလို့လား"

"ဟုတ်ကဲ့ ... ရွာဘုရားပွဲမှာလေ ဇာတ်လမ်းလေးတစ်ခုက ပြမလို့ အဲဒီမှာ ဆရာမက လုတော့ ဗီဒီယိုလာရိုက်မှာဗျ"

"နို့...ခင်ဗျားဆရာမက သရုပ်ဆောင်ကော လုပ်လို့လား"

"အိုး... သရုပ်ဆောင်တော့ မဟုတ်ဘူးပေါ့ဗျာ။ လုတော့ ဗီဒီယိုလာရိုက်ရင်း မျက်စိကျတာပေါ့"

လာပြန်ပြီ ဒီလုတာ။ သူ့စကားထဲမှာ သူ့ဆရာမလုတာချည်း ထပ်နေသည်။ လုပါတယ်ဆိုမှ ဒါတောင် ရေမချိုးရသေးဘူးဆိုတာလို ဖြစ်နေသည်။

"နို့...ခင်ဗျားဆရာမက ကျွန်တော်ပန်းချီကျောင်းဆင်းခါစ ပုသိမ်သင်္ဘောဆိပ်ကို ဆင်းတွေ့ပါလို့မှာတယ်။ အဲဒီတုန်းက သူကိုယ်တိုင် မလာဘဲ လူနှင့်လွှတ်ပြီး အဆောင်ကိုပြောခိုင်းတယ်"

"ဟုတ်တယ်...ဆရာ... အဲဒါ ကျွန်တော်တို့လာပြောတာ"

http://www.cherrythitsar.org



"ဟင် . . . အဲ့ဒီတုန်းကလည်း ခင်ဗျားပဲ"

မိမိလည်း ထိုစဉ်က လွန်ခဲ့သည့် ဆယ်နှစ်ကျော်ကျော်က သူငယ်ချင်း စောတင်မောင်လာပြောသည့်စကားကို သွားသတိရသည်။ မမေ့။

"လာပြောတဲ့လူက ရွှေငွေတွေလည်း ဝတ်ထားတယ်။ လူ တစ်ဦးက ကန္တဲ့ကလျှနိုင်တယ်ဗျ"

ဟုတ်ပ။ ထိုလူ၏အမူအရာကို တွေ့စက တစ်စုံတစ်ရာ ထူးခြားပါသည်ဟု မိမိထင်သည်။ ထိုတစ်စုံတစ်ရာမှာ တခြားမဟုတ်။ စောတင်မောင် ပြောခဲ့သည့် ကန္တဲ့ကလျှဆန်ခြင်းပါတည်း။ ထူးဆန်းပါ ပေ့။

သူငယ်ချင်း ပန်းချီဆရာ ပြန်လာ၏။

ဆိုင်ကယ်နှင့်။ သူငယ်ချင်းက မိမိတို့ဝိုင်းတွင် ဝင်ထိုင်၍ "နို့နေပါဦး . . . ဒီပန်းချီဆရာနဲ့ ဘယ်လိုလုပ် သိတာလဲ" သူက ရာဇဝင် ခင်းပြ၏။ သိတော့သိကြသည်။ ဘယ်သို့ဆိုတာ ယခု မိမိမပြောပြ တတ်တော့။

ခဏအကြာ သူငယ်ချင်းပန်းချီဆရာ ဆိုင်ကယ်နောက်ဆိုဖာ တွင် ထိုလူဝင်ထိုင်လိုက်သွားပြီး ထွက်သွားတော့သည်။

နှုတ်ဆက်သွားသည်။

"သွားမယ်နော် . . . ဆရာတဲ့"

ကဗျာမပီ စာမပီ။ ယောက်ျားမပီ မိန်းမ မပီ။ လက်ဖက်ရည်

http://www.cherrythitsar.org



တစ်ခွက်သည် သောက်မည့်သူမရှိ။ ပိုင်ရှင်မရှိသဖြင့် အေးစက်ခါ နို့ရည် တို့ပင် ခဲပျစ်နေချေပြီ။

မိမိလည်း မထနိုင်။ လက်ဖက်ရည်ဆိုင်၏ ခွေးခြေပုကလေး တွင် ထိုင်ငိုင်ရင်း အတွေးရေယဉ်ကျော ဖြန့်ကျက်နေမိသည်။

ဟိုး လွန်ခဲ့တဲ့ နှစ်ပေါင်းအစိတ်။

စာပေါင်းငါးဆယ်။

လူပျိုလူလွတ်ဘဝ လူပျိုပေါက် စိတ်ကူးယဉ်ညပေါင်းများစွာ။

ပုသိမ်က ခိုင်။ သလပ်ခွာရှာက ခိုင်သည် ထိုကန္ဒဲ့ကလျ ကလေး၏ စိတ်ကူးယဉ်လက်တည့်စမ်းစိတ် စာများပေလော။

ရေရေရာရာတော့ မသိ။ ဖြစ်နိုင်ချေရှိ၏။

(၅)

ဘာပဲဖြစ်ဖြစ် အနုပညာသမားတို့အဖို့ မိတ်ဆက်စာကတော့ မဆန်း။ အမုန်အကာန်နှင့် အကြံအဖန်သာ ကွဲပြားပေလိမ့်မည်တည့်။

[သောကြာ၊ ၂၀၀၀ပြည့်နှစ် မတ်လ]

http://www.cherrythitsar.org



http://www.cherrythitsar.org



# အသားပါသော ကန့်စွန်းတစ်ခွက်

(၁)

လူတိုင်းမှာ အတိတ်ဟူသည် ရှိစမြဲသာ။ ဖြတ်သန်းခဲ့သော အတိတ်ကာလတို့သည် ခက်ထန်ကြမ်းတမ်းမှုတို့ ပြွမ်းတီးသည့် ခယောင်းလမ်းတို့ ရှိသလို ပန်းမွေ့ရာ ရွှေကော်ဇော ခင်းသည့် ဖယောင်း လမ်းတို့လည်း ရှိကြသည်သာ။

ဘဝပေး အခြေအနေ မတူကြသော လူသားများ မဟုတ်ပါ လား။

မိမိ၏ အတိတ်ဘဝလမ်းတချို့သည် ခက်ထရော် ကြမ်းတမ်းခဲ့ ဖူး၏။

http://www.cherrythitsar.org



(၂)

၁၉၇၈ ခုနှစ်ဝန်းကျင်က မိမိ အသက် (၂၀)ကျော်။ ရန်ကုန် ပန်းချီ ပန်းပုကျောင်းတွင် ဒုတိယနှစ် သင်တန်းသားအဖြစ် ပန်းချီ ပညာသင်ယူနေချိန် ဖြစ်ပါသည်။

မိမိတို့လို နယ်မှ လာသော ကျောင်းသားများအတွက် အဆောင် ရသည်။ အဆောင်က တကယ့်သူဌေးရပ်ကွက် ဆိတ်ငြိမ်ရပ်ကွက်တစ် ခုမှာ။

ဒဂုံမြို့နယ် ရွှေတိဂုံဘုရားနှင့် ဦးဝိစာရလမ်းကို ဖြတ်ဖောက် ထားသည့် (ယခင်အခေါ် ဆင်မဆင်လမ်း) ယခုအခေါ် ပန်တျာလမ်း ထဲမှာဖြစ်၏။

အစဉ် တိတ်ဆိတ်ငြိမ်သက်နေသော လမ်းကလေးဖြစ်၏။ ရပ်ကွက်များမှာလို အိမ်များများ မရှိချေ။ ခြံကျယ် ဝန်းကျယ်ကြီးတွေ သာ။ ပြီးတော့ ကိုယ်ပိုင်ခြံတွေကလည်း နည်း၏။ နိုင်ငံတော်ပိုင် အဆောက်အဦးများသာ များ၏။

မနီးမဝေး လမ်းကျယ်တစ်ခုတွင်သာ လူနေအိမ်ကလေးများ ရှိ၏။ (ယခု ယင်းအိမ်များပင် မရှိကြတော့) မိမိတို့အဆောင်မှာ ပေ ရှစ်ဆယ်ပတ်လည်ခန့် ကျယ်ဝန်းသည့် မြေကွက်တွင် ဆောက်လုပ် ထားသည့် အုတ်ခံ သစ်သား အဆောက်အဦးဖြစ်ပါသည်။ နှစ်ထပ် ဖြစ်၏။ အုတ်ကြွပ်မိုးထားသည်။

အခန်းများစွာ ကန့်ထားသည်။ တစ်ခန်းလျှင် နှစ်ယောက် တွဲ၊

http://www.cherrythitsar.org



သုံးယောက်တွဲ၊ လေးယောက်တွဲ အဆင်သင့်သလို နေကြရ၏။

အဆောင်ကား ရေးအဆောက်အဦး ဖြစ်ပါသည်။ ယခင်က သူနာပြု အဆောင်ဖြစ်ခဲ့ဖူး၏။

ယခင်ကတော့ မည်သို့သားနားခဲ့သည်မသိ။ မိမိတို့ရောက်တော့ ပန်းချီ ပန်းပုဆောင်သည် အိုးမင်းရှုတ်တွနေပြီဖြစ်သော အဘိုးအိုတစ်ဦးနှယ်။ အလျော့လျော့ အရဲရဲ အလဲလဲ အပြိုပြို မီးစာကုန်ဆီခန်းဘဝ ဖြစ်နေချေပြီ။

ရေနံနှင့်ဝေးသော သစ်သားတို့သည် မွဲလျော်သော အဆင်းကို ဆောင်နေကြ၏။

သွားကျိုးနေသော အဘိုးအိုနှယ် တံခါးရွက်တို့သည် အကျိုးကျိုး အပဲ့ပဲ့။

မှန်မရှိတော့။ မှန်အစား သုံးထပ်သား ကတ်ထူပြားတို့ဖြင့် ဖုံးကွယ်ကပ်ထားသည်။ ထိုသုံးထပ်ပြားတို့ကလည်း ဝယ်ထားသည့်ဟာမဟုတ်။ ပန်းချီ ရေးဆွဲလျှင် စာရွက်အောက် ခခံပြီး လက်နှင့် ပိုက်ရေးဆွဲသည့် သုံးထပ်ပြားသာ။ ပန်းချီကျောင်းသားများမို့လည်း အောက်ခံ သုံးထပ်ပြားကိုလည်း အလွတ်မပေး။ ဆေးစမ်း စုတ်စမ်းရင်းဖြင့် ပုံတစ်ပုံတော့ ရေးခြစ်ပစ်လိုက်ကြသည်သာ။

ဘုတ်ပြားဘဝမှ စတေတော့ တံခါးရွက်အကာပေါ့။

အဆောက်အဦးကတော့ ရေးအဆောက်အဦးမို့ ယိုင်ရွဲ့ခြင်း မရှိသေး။ မယိုင်သော်လည်း စုတ်ချာမွဲလျော့နေချေပြီ။

http://www.cherrythitsar.org



ထိုအဆောက်အဦးထဲမှ ပန်းချီဆရာပေါင်း မြောက်မြားစွာတို့ ထွက်ပေါ်ခဲ့ကြသည်။ မြန်မာပြည် တစ်နံတစ်လျားမှ လာခဲ့ကြခြင်းဖြစ်၏။ နယ်စုံ၊ မြို့စုံ၊ လူမျိုးစုံ၊ စရိုက်စုံ။ ထူးချွန်သူတွေ ပါသလို ဝေလေလေတွေလည်း အများကြီး။

ထိုအဆောင်ကလေးထဲမှာ နာမည်ကျော် ပန်းချီဆရာများ ပန်းချီဘဝ စခဲ့ကြဖူးသည်။

ပန်းချီကျောင်းသားတိုင်း စတိုင်ပင် ထောက်ပံ့ကြေး (၇၅) ကျပ်ရကြ၏။ (ယခုမူ ကျပ် ၃၀၀ ရသည်)။ (၆၀)ကျပ်ကို ထမင်းစားရိတ် ပြန်သွင်းရသည်။ (၁၅)ကျပ်က တစ်လတာ အသုံးစရိတ်။

ကျောင်းသားတစ်ယောက်ကို ငွေ (၆ဝိ/-)စီ ဖြတ်သည်။ ကျောင်းသားက (၄၀)ဝန်းကျင်။

ပန်းချီကျောင်းသား အများစုပါပြီး ပန်တျာက တချို့လည်း ပါ၏။ ကျောင်းမတူသော်လည်း အဆောင်ကျ တစ်ဆောင်တည်း။

ဆန်ကို သက်ဆိုင်ရာဆီမှ ဝယ်ယူကြရ၏။ ဆန်ဖိုးနှုတ်ပြီး တစ်ပတ်စာ ဟင်းဖိုးပေးသည်။ တစ်လတွင် တစ်ပတ်စီ တာဝန်ယူရမည့် အဖွဲ့ကလေးတစ်ဖွဲ့ ဖွဲ့ထား၏။

မိမိတို့ နေစဉ်က တစ်နေ့ကို ဟင်းဖိုး (၁ဝိ/-)သာ ပေးသည်။ ယင်း (၁ဝိ/-)မှာ တစ်ယောက်အတွက်မဟုတ်။ လူ သုံးလေးဆယ်စာ ချက်ရသည်။

ထိုစဉ်က လက်ဖက်ရည်တစ်ခွက် တစ်ကျပ်၊ ဟင်းဖိုးတစ်ဆယ်

http://www.cherrythitsar.org



ကို မိမိတို့ ဘယ်လိုစီစဉ်ချက်ကြသနည်း။

တစ်ပတ်တာ အဖွဲ့ကလေးတွင် လူဆယ်ယောက် ဝန်းကျင်ရှိ၏။ အဖွဲ့ခေါင်းဆောင်က တစ်ဦး။ တစ်ပတ်စာ ငွေ (၇၀)ကျပ်ကို အဖွဲ့ခေါင်းဆောင်က အဆောင်မှူး ဆရာထံမှ ကြိုတင်ထုတ်ထားရ၏။

အဆောင်မှူး ဆရာကြီးက အဆောင်တွင်မနေ။ အဆောင်တွင် ကျောင်းသားများချည်းသာ။ တစ်ရက်ကို တစ်ဆယ်ကျနှင့် တာဝန်ကျသူ ကျောင်းသားသုံးလေးယောက်စုပြီး ဈေးဝယ်ထွက်ကြရသည်။ ဈေးက ကီလီဈေး (ယခု သီရိမင်္ဂလာဈေးကြီး)မှာ ညရှစ်နာရီ ကိုးနာရီမှာ မိမိတို့ ဈေးဝယ်ထွက်ကြသည်။ ထိုဈေးက ညဈေး။ ကုန်စိမ်းဈေး။ အဆောင်နှင့်ဈေးက သုံးမိုင်လောက် ဝေးပေမည်။ နံပါတ် (၁၀)ကားစီးရ၏။ တစ်ယောက် ဆယ်ပြား တစ်ခါတစ်ရံကျ လမ်းလျှောက်ကြသည်။

ဈေးရောက်တော့ မိမိတို့ဝယ်သည်က ကန်စွန်းရွက် အစည်းပုံကြီးတွေ။ နှစ်ပေလောက်အမြင့်ရှိမည့် ကန်စွန်းရွက်ပုံကြီး ဝယ်ရ၏။ ဈေးသည်က မေးတတ်သည်။

ဘာလုပ်ဖို့ ကန်စွန်းရွက်တွေ ဒီလောက်ကြီး ဝယ်ရတာလဲဟု မိမိတို့ ရုတ်တရက်မဖြေနိုင်။

ဘဲကျွေးဖို့လားဟု ထပ်ဆင့်မေးမှ "ဟုတ်ကဲ့ ဟုတ်ကဲ့ ဘဲတွေကျွေးဖို့" မိမိတို့ ရယ်ကျဲကျဲဖြေရင်း ကန်စွန်းရွက်စည်း ထမ်းကာ အဆောင်သို့ ပြန်ကြရသည်။

ထိုခေတ်က ဘန်းစကားမှာ လူငယ်တွေကို (ဘဲ)ဟုခေါ်တတ်

http://www.cherrythitsar.org



ကြသောကြောင့် စျေးသည်အမေးနှင့် တိုက်ဆိုင်နေသဖြင့် မိမိတို့ ရယ်မောကြရသည်။

နီယွန်မီးချောင်းတို့ဖြင့် ရန်ကုန်လမ်းမသည် လှပနေ၏။ ကတ္တရာက နက်ကြောပြောင်လက်နေသည်။ ပန်းချီဝါသနာတူ သူငယ်ချင်းများနှင့် မိမိသည် ထိုမြို့ပြလမ်းများပေါ်တွင် ညပေါင်းများစွာ ခေါက်တုံ့လူးလာ လျှောက်ဖြစ်ခဲ့ရင်း ဝမ်းရေးဖြည့်တင်းခါ အနုပညာအတွက် အသက်ရှင်ခဲ့ရသည်။ မျှော်လင့်ချက်များကတော့ ရင်နှင့်အပြည့်ပါ။ ထို မျှော်လင့်ချက်များကြောင့်ပင် ဒုက္ခပင်ပန်းဆင်းရဲခြင်းတို့ကို ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

ထိုကန်စွန်းရွက်ပုံကြီးကို အဆောင်ရောက်တော့ ထမင်းချက်ထံ အပ်သည်။ မိမိတို့ အဝယ်တော်များ၏ တာဝန်ပြီးချေပြီ။ ထမင်းချက်လုပ်သူက ထိုကန်စွန်းရွက်စီးကြီးကို ဖြတ်တောက်သည်။ ရေနှင့်စင်ကြယ်သွားအောင် ဆေးမဆေး မိမိတို့ မသိ။ မနက်ထမင်းစားချိန်ကျအငွေ့တထောင်းထောင်းနှင့် လုံးကြော်ထားသော ကန်စွန်းရွက်ကြော်ကို မိမိတို့ ထမင်းနှင့် လုံးထွေးမျိုချရသည်။

ကန်စွန်းရွက်က ဆီပျားမပါ။ ဆားကတော့ ငန်ကျိုကျို အရသာရှိသည်။ ကြက်သွန်ဖတ် ရှာမတွေ့။

ကန်စွန်းရွက်ကြော်ထဲတွင် အသားတော့ ကျောင်းသာ ပြီးသွားသည်။ တစ်ခါမျှ ပါဖူးသည်မထင်။

ယင်းသို့ပြောက မုသားပါမည် ထင်သည်။ မိမိတို့ ကျောင်း

http://www.cherrythitsar.org



သုံးနှစ် သင်တန်းတက်ခဲ့စဉ် ကန်စွန်းရွက်ကြော်ထဲ အသားဖတ် တစ်ခါ ပါခဲ့ဖူး၏။ ပါပုံမှာ ဤသို့ . . .

တစ်နေ့ ထမင်းစားပွဲထိုင်ကြစဉ် ကန်စွန်းရွက်ကို ငှန်းနှင့် ကော်ချပြီး ထမင်းနှင့် နယ်ဖတ်စားနေကြခိုက် အသားအရသာကို ခံစားရ၏။

"ဟော့ အသားပါတယ်ကွ ဒီနေ့ ထူးထူးခြားခြား. . ."

"ဟေ ဟုတ်လား. . ."

ပန်းချီကျောင်းသား အပိန်ပိန် အလိမ်လိမ် သကောင့်သားများ ကား တီကောင်ကို ဆားနှင့်တို့လိုက်သကဲ့သို့ ဆတ်ခနဲ ခေါင်းထောင် ထလိုက်ပြီး အသီးသီး မိမိတို့ ကိုယ်တာရရာ ကန်စွန်းရွက် ပန်းကန်တို့ကို ငှန်းဖြင့် တတတ်တောက်တောက် အသံမြည်အောင် မွှေကြတော့၏။

မွှေလိုက်ကြသမှ လက်ကို မော်တော်တပ်ထားသည့်အတိုင်း။ ဟိုမှ သည်မှ၊ သည်မှ ဟိုမှ အကြိမ်ကြိမ် အဖန်ဖန် မွှေနှောက် ရှာ ဖွေကြရာ အချို့လည်း ကံကောင်းထောက်မစွာ ကန်စွန်းပန်းကန်ထဲ အသားဖတ်တွေ့၏။

အချို့မူ ကံဆိုးမိုးမှောင်ကျစွာ မတွေ့။ တွေ့သူက "တွေ့ပြီ တွေ့ပြီ ဟီ ဟီ ဟီ" ဟုဝမ်းသာအားရ အော်ဟစ်ကြပြီး တစ်ပါးသူ နှိုက်မှာစိုးသည့်အလား တွေ့သည့်အသားဖတ်ကို ကမန်းကတမ်း ငှန်း ဖြင့် ကော်ခပ်ခါ ပါးစပ်ထဲ အလျင်အမြန်ထည့် မျိုချကြကုန်၏။

ရှာမတွေ့သူများကတော့ ပူညံ ပူညံ ပွစိ ပွစိ လုပ်ခါ ထမင်း

http://www.cherrythitsar.org



ချက်ကို လှမ်းအော်ခေါ်လိုက်သည်။

ထမင်းချက်ကား သူ့အခန်းထဲတွင် ထမင်းလုံးစီရင်း မှိန်းနေပုံ ထင့်။ ကုန်းအော်လိုက်သော ကျောင်းသားများအသံကြောင့် ရုတ်ခနဲ ထခါ ထမင်းစားဆောင်ထဲသို့ ယောင်ကန်းကန်း ဝင်လာ၏။

"ခင်ဗျား ဒီလိုလုပ်တာ ဘာကောင်းသလဲဗျ…"

အသားဖတ် မရသူခပ်စွာစွာ ကျောင်းသားတစ်ဦးက ခုနစ်သံချီ အော်လိုက်ရာ ထမင်းချက်သူခမျာ နောက် ပက်လက်လန် လဲမကျအောင် အတော် သတိထားလိုက်ရပုံ ပေါ်၏။

"ဟယ် ဘာ ဘာ ဘာလုပ်မိလို့လဲ"

"ဒီမှာလေ ဒီမှာ…"

"ဂွမ် ဂွမ် …"

အားမရသူ ကျောင်းသားတစ်ဦးက ကန်စွန်းရွက်ခွက်ကို စားပွဲနှင့် တဒေါက်ဒေါက် ခေါက်ရင်း ပြောပြောပြုပြု လုပ်၏။

"အင်း…အဲဒါက ဘာဖြစ်လို့လဲ ခင်ဗျ…"

"အသားလေ အသား"

"အသား အသား ဘာအသားလဲဟ …"

ထမင်းချက်လုပ်သူမှာ တောကခေါ်ခန့်ထားခြင်း ဖြစ်သည်။ အသက်က လေးဆယ်လောက်ရှိပြီ။ ရိုး၏။ သူ့အလုပ်က ထမင်းချက် ဟင်းတစ်အိုးချက်ပြီးလျှင် ပြီးပြီ။ အလွန်သက်သာသည်။ ဖွယ်ဖွယ်ရာရာ တစ်ခါမှ မချက်ခဲ့ရ။

"အသားပါတာပေါ့ဗျ … ဟိုမှာ ကျောင်းသားတချို့ကျ

http://www.cherrythitsar.org



ဟင်းခွက်ထဲမှာ အသားပါပြီး ကျုပ်တို့ကျမပါ··· ကန်စွန်းရွက်ချည်းပဲ၊ ညီတူ မျှတူ ဘာလို့ မထည့်တာလဲ ···"

"အဲ ဟို ဟို ဘာ ဘာသားမှ မထည့်ပါဘူး ဆရာလေးတို့ရဲ့"

"အမ် အသားမပါဘူး။ ဒါဖြင့် ဒါက ဘာအသားလဲ···"

စောစောက ဟင်းခွက်ထဲ အသားရှာဖွေ၍ ရသဖြင့် ကမန်းကတန်း ပါးစပ်ထဲကောက်ထည့် အမြန်စား အမြန်ဝါး မျိုချခဲ့ကြသော ကျောင်းသားအချို့က ပြူးတူး ပြတဲ မေးကြသည်။

"ဘာအသားမှ မပါဘူး ဆရာလေး···မှန်း ကျွန်တော် ကြည့်စမ်းမယ်"

ထမင်းချက်က အသားပါသည်ဆိုသော ဟင်းခွက်ကို ဇွန်းဖြင့် မွှေနှောက်ကြည့်ရာ အသားအရိုးတို့ကို တွေ့ရ၏။

"ဦးလေး ဒါ ဘယ်က အသားလဲ ··· ဦးလေး ဝယ်ထည့်တာလား"

"တောက်တီး တောက်တဲ့ ··· ဝယ်ထည့်ဖို့ ပိုက်ဆံရှိဖို့ နေနေသာသာ ကျုပ်တောင် အဆောင်ထမင်း ကပ်စားနေရတာ"

"ဒါဖြင့် ဒါဖြင့် ဘယ်ကအသားလဲ···ဦးလေးချက်တာပဲ မသိဘူးလား···"

"ဟော့အေးကွယ် ဘယ်သူကများ အသားလာထည့်ပေးပါလိမ့်"

မိမိတို့မှာ ဇဝေဇဝါဖြစ်ရ၏။

ထမင်းလည်း မစားနိုင်တော့။ နဘေးခြံများက သူဌေးခြံများ

http://www.cherrythitsar.org



ဖြစ်သည်။

ဒီအဆောင်နေ ကျောင်းသားတွေ ကြည့်ရတာ လေတိုက်လျှင်ပဲ လဲတော့မည့်ပုံ။ တစ်ယောက်မှ ဝဝဖြိုးဖြိုး မရှိကြ။ အာဟာရအတော်ပြတ်လပ်နေပုံရသည်။ ဒါကို သနားကြင်နာစာနာပြီး ကန်စွန်းရွက်ကြော် ဒယ်အိုးထဲသို့ ထမင်းချက်ကြီးအလစ်မှာ အသားတွေ လာရောက်ထည့်ပေးလိုက်သလော။

ပန်းချီဆရာများက စားစရာသာ မရှိတယ်။ မာနက ခေါင်ခိုက်သမို့ ပေါ်ပေါ်ထင်ထင် မကျွေးရဲဘဲ အလစ်မှာ ဟင်းလာပေးသလော။

ထိုစဉ် တစ်ယောက်က ထအော်၏။

"ဟာ ဗျို့ ဦးလေးကြီး ဟိုဟာလေ ဟိုကောင် ပုတုကော"

"ဟေ ပုတု ရှိမှာပေါ့ မနက်စောစောကတင် တွေ့ပါသေးတယ်"

"ဟော့ ပုတု ရှာ ရှာကြစမ်းပါဦးဟ…"

ပုတုကား လသားအရွယ် ခွေးကလေးဖြစ်၏။ သူ့ဦးခေါင်းက လူကြီး လက်တစ်စုပ် သာသာရှိချေမည်။

အဆောင်မှ ထမင်းကျန်များ စားပြီး ဝဖြိုးနေသော ခွေးကလေးဖြစ်သည်။

မိမိတို့ ထမင်းစားဆောင်မှ ကျောင်းသားများလည်း ထမင်းဆက် မစားနိုင်တော့ဘဲ ခွေးအရှာထွက်ရ၏။

တစ်ခြံလုံး အနှံ့ရှာ၏ မတွေ့။

http://www.cherrythitsar.org



"ဗျို့ ဦးလေး . . . ခင်ဗျား နောက်ဆုံး တွေ့လိုက်တာ ဘယ်မှာလဲဗျ. . ."

"အဲ. . .ဦးလေး နောက်ဆုံးတွေ့လိုက်တာကတော့ ထမင်းချက်ခန်းထဲက ကန်စွန်းရွက်ပုံးဘေးမှာ ကပ်နေတာပဲကွယ့်. . ."

"ဗျာ "

"ကန်စွန်းရွက်ပုံ အသား ပုတု. . . ဒါဆိုရင် ဒီအသားဟာ ပုတုဆိုတဲ့ ခွေးကလေးရဲ့ အသား အား ဝေါ့ ဝေါ့ ခွီ ထွီ အီး. . ."

စောစောက ကန်စွန်းရွက် ပန်းကန်ထဲက အသားရှာတွေ့သည်ကို မှုရသည့်အလား ဝမ်းသာအားရ ကောက်မျိုခဲ့ကြသူ သူငယ်ချင်းပန်းချီသင်တန်းသားများခမျာ ရေကန်သို့ အပြေးအလွှား ရောက်သွားကာ တဝေါ့ဝေါ့နှင့် ထိုးအန်ကြတော့သည်တကား။

ကန်စွန်းရွက်ပုံကြီးကား ဟီးထနေ၏။ ထိုကန်စွန်းရွက်ပုံကြီးဘေးတွင် တစ်ရေးအိပ်စက်ခဲ့သော ပုတုကား ကန်စွန်းရွက်စဉ်းရာတွင် ရောပါသွားချေပြီ။

ပုတုလည်း မရှိတော့ပြီ။

မိမိတို့လည်း အန်မဆုံးနိုင်။

[သို့သော် ... နောက်ပိုင်းကျ ခွေးကလေးပုတု အသေင်ပြန်လာသည်ကို တွေ့ရ၏။ ထူးခြားချက်ကတော့ ခွေးကလေး ပုတု၏ အမြီးက အရင်းဆီမှ တုံးတိတိ ပြတ်နေခြင်းပင်။]

[သောကြာမဂ္ဂဇင်း၊ ၂၀၀၀ပြည့် နိုဝင်ဘာလ]

http://www.cherrythitsar.org



http://www.cherrythitsar.org



# အိုဘယ့် . . . မြားနတ်မောင်

(၁)

ဘဝတစ်ခု အမှတ်တရသည် ကိုယ်ရေးအတ္ထုပ္ပတ္တိ မဟုတ်ပါ။ မိမိ၏ အရွယ်သည်လည်း အတ္ထုပ္ပတ္တိ ရေးရဦးမည့်အရွယ် မဟုတ်သေးပါ။ ထို့ပြင် သေချာနေသည်ကတော့ မိမိ၏ဖြတ်သန်းခဲ့မှု ဘဝခရီးလမ်းသည် အတ္ထုပ္ပတ္တိတစ်စောင် တစ်ဖွဲ့ ရေးရလောက်အောင် စုံစေ့ခမ်းနားခြင်း မရှိခဲ့သည်ကတော့ အမှန်ပင်။

ဝါသနာပါရာကို မဖြစ်မနေ ဇွဲလုံ့လဖြင့် စိုက်လိုက်မတ်တတ် လုပ်ခဲ့သော်ငြား မိမိကား ဘဝစုံခဲ့သူမဟုတ်ပါ။ မိမိဘဝသည် တစ်လမ်းသွားသာ ဖြစ်ခဲ့၏။ သိတတ်စအရွယ်ကပင် ဝါသနာပါသော ကာတွန်းရေးဆွဲခြင်း၊ စာပေရေးသားခြင်းနှင့် ကောင်းနိုးရာရာ စာအုပ်များကို ရွေးချယ်၍ ပုံနှိပ်ထုတ်ဝေလိုခြင်း ဆန္ဒတို့ကို အကောင်အထည်ဖော်ခဲ့

http://www.cherrythitsar.org



သော လမ်းပေါ်တွင် မိမိလျှောက်လှမ်းဖြစ်နေခြင်းသာ။ အနုပညာလမ်းမှ မိမိ မသွေဖီခဲ့ပါ။

အတ္တုပ္ပတ္တိ ရေးလောက်စရာ ဟုတ်ဟုတ်ထြားထြား မရှိခဲ့သော်ငြား ဘဝတွင် ကြုံတွေ့ခဲ့ရသည့် အမှတ်ထင်ထင် ရှိခဲ့သော မမေ့နိုင်သည့် ဖြစ်ရပ်များကို စားမြုံ့ပြန်ခြင်းမျှသာ ဖြစ်ပါသည်။

သက်ရှိထင်ရှားရှိနေသရွေ့ မမေ့နိုင်သော ဖြစ်ရပ်များကိုသာ ပြန်လည်တွေးဆလွမ်းမောရခြင်းသာ ဖြစ်ပါချိမ့်။

ဘဝတစ်ခု အမှတ်တရသည် မိမိနှင့် မိမိပတ်ဝန်းကျင်သာ ဖြစ်၏။ အချို့အဖြစ်အပျက်များသည် မိမိတို့ မပြောသမျှ သက်ဆိုင်သူတို့ သိကြမည် မဟုတ်ဘဲ မိမိကရေးချမှ ပတ်သက်သူတို့ စာဖတ်ပြီး သိကြသည်များလည်း ရှိ၏။

ထိုအခါ မိမိကို မိမိမိတ်ဆွေများက ဖော်ကောင်ဟု ဩဘာ ပေးကြပြန်သည်။ သူသူကိုယ်ကိုယ် လူဟူသည် လျှို့ဝှက်တတ်သော သတ္တဝါသာ ဖြစ်သည်။

သို့သော် မိမိတို့၏ တစ်ခါတစ်ရံ အပျော်များသည် အပြစ်ကင်းစင်သော အပျော်များသာ ဖြစ်ပါချိမ့်။ "ဘဝတစ်ခု အမှတ်တရ" သည် မိမိဘဝ၏ အစီအစဉ်မကျနသော စာစုများသာ ဖြစ်၏။ စိတ်အာရုံတွင် ဖျတ်ခနဲ ပေါ်ပေါက်လာသော အကြောင်းအရာများကိုသာ ရေးသားဖြစ်ခြင်း ဖြစ်ရာ ရှေ့နောက် အစီအစဉ် မကျနသည်ကတော့ အမှန်။

http://www.cherrythitsar.org



(၂)

၁၉၇၉ ခုနှစ်၊ အောက်တိုဘာလ။

မိမိ ပန်းချီပန်းပုကျောင်း တတိယနှစ်(နောက်ဆုံးနှစ်) တက်နေဆဲကာလ။

သူငယ်ချင်းအောင်သန်းတင်က မော်လမြိုင်သား။ သီတင်းကျွတ်ကျောင်းပိတ်ရက်တွင် မိမိတို့ကို မော်လမြိုင် အလည်ခေါ်သည်။ မိမိတို့လည်း အားရဝမ်းသာ လိုက်သွား၏။

မိမိရယ်၊ ပန်းချီစောတင်မောင်ရယ်၊ ပန်းချီ ဟိန်းမင်းဇာရယ်၊ ပန်းချီ ခွန်ချမ်းငြိမ်းရယ်၊ ပန်းချီကျင်ဟုတ်ရယ်။

ကိုကျင်ဟုတ်က သံဖြူဇရပ်မြို့မှ ဖြစ်၏။ သူက မုဒုံမှ မော်လမြိုင်ကူးပြီး သံဖြူဇရပ် ပြန်မည့်သူဖြစ်သည်။ (ယခုအခါ သံဖြူဇရပ်မြို့တွင် ပန်းချီကျင်ဟုတ်မှာ နာမည်ကျော် ပန်းချီဆရာဖြစ်နေချေပြီ)

ရထားဖြင့် ခရီးဆန့်ခဲ့ကြ၏။

ခွန်ချမ်းငြိမ်းက မုဒုံမသားဖြစ်ရာ မုဒုံမရောက်တော့ သူနေရစ်သည်။ မိမိတို့ မော်လမြိုင်သို့ ဆက်ကူးခဲ့ကြ၏။ မော်လမြိုင်ရောက်တော့ ကိုကျင်ဟုတ်က သံဖြူဇရပ်သို့ ဆက်သွားသည်။ မိမိတို့က အောင်သန်းတင်အိမ်ရှိရာ တောင်ဝိုင်းရပ်သို့ ရောက်ရှိသွားသည်။

အောင်သန်းတင်၏ အိမ်မှာ မော်လမြိုင် ကောလိပ်ရှေ့ဘက်တွင် ရှိ၏။ လေယာဉ်ကွင်း၊ တောင်ဝိုင်းဘုရားတို့ဖြင့် မဝေးလှ။

http://www.cherrythitsar.org



သူ့အိမ်က ခြံကျယ်လေးထဲမှာ ဖြစ်သည်။

သီးပင်စားပင် စုံလင်၏။ အရိပ်အာဝါသ ကောင်းသည်။ မွှန်းကျပ်သော ရန်ကုန်မြို့ပြနှင့် မတူသည့် ရှုခင်းကို မိမိတို့ နှစ်သက်ရ၏။

နားသည်။ ရေမိုးချိုး ထမင်းစားပြီး တအောင့်တဖြုတ် အိပ်ကြ၏။

ပြီးမှ ကောလိပ်သွားကြသည်။ ထိုစဉ်က ကျောင်းအုပ်ကြီးမှာ ဆရာတက္ကသိုလ်ဘုန်းနိုင် ဖြစ်သည်။ ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ သား ကိုကျော်ဇင်မှာ ထိုစဉ်ကတည်းက မိမိတို့အားလုံးနှင့် ရင်းနှီးနေချေပြီ။ (ကိုကျော်ဇင်မှာ ယခု ကံကော်ဝတ်ရည် စာအုပ်တိုက်ပိုင်ရှင် ဖြစ်နေသည်) ကိုကျော်ဇင်နှင့် မော်လမြိုင်သား အောင်သန်းတင်တို့မှာ သူငယ်ချင်းဖြစ်ရာ ကိုကျော်ဇင်သည် ထိုစဉ်က မိမိတို့ရှိရာ ရန်ကုန် ပန်းချီပန်းပု ကျောင်းဆောင်သို့ လာရောက်လည်ပတ်ဖူး၏။ သူနဲ့ သူ့သူငယ်ချင်း စတီရီယို သီချင်းဆို ဝါသနာပါသည့် ကိုမင်းမင်းနှင့်အတူ လာကြသည်။ ကိုကျော်ဇင် ရေးစပ်သော နေအဝင်အချစ်သီချင်းစုကို ကိုမင်းမင်းက သီဆိုပြီး သီချင်းခွေထုတ်ရန် ကြိုးပမ်းခဲ့ကြဖူးတာ မိမိ အမှတ်ရသည်။ ထိုစဉ်က ပန်းချီကျောင်းဆောင်တွင် မနက်လေးနာရီ ထွက်မည့် မော်လမြိုင်ရထား မမီမှာစိုးသဖြင့် ကိုကျော်ဇင်တစ်ယောက် တစ်ညလုံး မအိပ်ဘဲ ဖွဲခတ်နေခဲ့သည်ကို မိမိ အမှတ်ရနေ၏။

မော်လမြိုင်တွင် ကိုကျော်ဇင်နှင့် ကိုမင်းမင်းက မိမိတို့ကို ဖက်လဲတကင်း ရှိကြ၏။

http://www.cherrythitsar.org



ထိုစဉ်က သီတင်းကျွတ်ပွဲတော်များသို့ မိမိတို့ လျှောက်လည်ခဲ့ကြသည်။ ညကျတော့ အဆောင်သို့ ပြန်ရောက်၏။ မော်လမြိုင်ကောလိပ်ထဲမှ အဆောင်တစ်ခုပင်။

ထိုအဆောင်တစ်ခုတွင် မိမိတို့အဖွဲ့နှင့် ကိုကျော်ဇင်တို့ ကျောင်းသားတချို့ မိတ်ဆက်ကြ၏။ ပျော်ကြသည်။ အနည်းငယ် သောက်စားကြ၏။ သီချင်းဆိုကြသည်။

ည (၁၁) နာရီလောက်ကျ အဆောင်တွင်း မနေချင်တော့ပြီ။ အဆောင်ကို တံခါးသော့ပိတ်ပြီး လမ်းလျှောက်ထွက်ခဲ့ကြ၏။ ကျောင်းသူအဆောင်များသို့ မိမိတို့အဖွဲ့ သီချင်းသွားဆိုကြ၏။ သန္တာဆောင်၊ ပုလဲဆောင်၊ ပြီးတော့ ရွှေမြိုင်ဆောင်။

ရွှေမြိုင်ဆောင်ရှေ့ကျ ခြံတံခါးကို ကျောင်းသားအချို့က ယီးလေးခိုကြ၏။ သီချင်းအော်ဆိုကြ၏။ ကျောင်းသူအချို့က ထွက်ကြည့်ကြ၏။ မိမိတို့က လူငယ်ဘာဝ အော်ဟစ်ကြ၏။

ထိုရွှေမြိုင်ဆောင်ရှေ့တွင် မိမိတို့ အတော်ကြာကြာ သီချင်းဆိုဖြစ်ကြသည်။

ထိုမှ ပြန်လာတော့ စောစောက မိမိတို့ သောက်စားခဲ့ကြရာအဆောင် ပြန်ရောက်သည်။ သည်းထိတ်ရင်ဖိုဖွယ်ရာ အခင်းကို ပြန်တွေ့ကြရ၏။ ယင်းမှာ အဆောင်တံခါးဖွင့်လိုက်သည်နှင့် အထဲ၌ မီးခိုးများ အတန်ငယ် ဝေ့နေခြင်းပင်။

ချက်ချင်းပဲ မီးခိုးအစပြုရာကို ပျာပျာသလဲ ရှာကြချေရာ တွေ့

http://www.cherrythitsar.org



ပါပြီ။ ခေါင်းအုံးပေါ်သို့ ဘယ်သကောင့်သားက မှုန့်မှုန့်ရှုန့်ရှုန့်နှင့် စီးကရက်တိုကို ပစ်ထားသည်မသိ။ ထိုမှ မီးကူးစက်ခါ ခေါင်းအုံးကို လောင်နေခြင်းပင်။ မိမိတို့သာ ယခုထက် နောက်ကျပြီး ပြန်ရောက်ချေပါက ထိုအဆောင်လေး မီးလောက်ပြာကျရမည့် ကိန်းပါကလား။

ကံကောင်းလို့။

(၃)

၁၉၉၀ခုနှစ်၊ ဧပြီလတွင် မိမိ အိမ်ထောင်ကျခဲ့၏။ မိမိ၏ ဖူးစာရှင်မှာ မန္တလေးသူ ဖြစ်သည်။

မန္တလေးသူနှင့် စကားဆက်စပ်၍ ပြောဆိုသောအခါ ကျန်ခဲ့သော ၁၉၇၉ ခုနှစ်၊ အောက်တိုဘာလ တစ်ညချမ်းဝယ် မိမိတို့ မော်လမြိုင်ကောလိပ် ရွှေမြိုင်ဆောင်၌ သီချင်းတွေဆိုပြီး လူငယ်ဘာဝ အပျော်လွန်ခဲ့သောညက သူမက ထိုအဆောင်ထဲမှာ ရှိနေသည်။ သူမက နောက်ဆုံးနှစ် အဏ္ဏဝါဇီဝဗေဒ ကျောင်းသူ၊ ပိုပြီး အံ့ဩဖွယ်ရာကောင်းနေသည်က ထိုအဆောင်ထဲတွင်ပင် သူမနဲ့ သူငယ်ချင်းဖြစ်သည့် ကျောင်းသူက မိမိတို့ ဓနုဖြူမြို့က။ မိမိနှင့် အင်မတန် ခင်မင်ရင်းနှီးခဲ့သည့် ကျောင်းနေဖက် တစ်တန်းတည်း တစ်ခန်းတည်းနေခဲ့ရသည့် ရီရီမြင့်။

(ရီရီမြင့်က ယခုအခါ ဓနုဖြူ အ·ထ·က တွင် အထက်တန်းပြဆရာမ ဖြစ်နေပြီ)

http://www.cherrythitsar.org



သူမနဲ့ရီရီမြင့်က ရွှေမြိုင်ဆောင်ထဲတွင် နေစဉ် မိမိတို့က အပြင်ဘက်မှာ သီချင်းလာဆိုနေကြသည်။

ထိုစဉ်က ရီရီမြင့်နှင့်သာ ကျောင်းတစ်နေရာတွင် ဆုံမိပါက မိမိတို့ နှုတ်ဆက်ကြပေမည်။ သူကလည်း သူ့သူငယ်ချင်း (နောင် မိမိ၏ အိမ်ထောင်ဖက်ဖြစ်လာမည့်သူ) နှင့် မိတ်ဆက်ပေးပေလိမ့်မည်။

သို့သော် ထိုစဉ်ကတော့ ရီရီမြင့် မော်လမြိုင်ကောလိပ်တွင် တက်နေမှန်းကို မိမိ မသိ။ အထက်တန်းကျောင်းကြီးထွက်ကတည်းက မိမိက ရန်ကုန်ထွက်လာသည်ဆိုတော့ ငယ်သူငယ်ချင်းတွေ အဆက်ပြတ်ကုန်ကြသည်။

ထိုစဉ်က ရီရီမြင့်က သူမနှင့် မိတ်ဆက်ပေးပါကလည်း မိမိ သူမကို စိတ်ဝင်စားမည် မဝင်စားပြော၍မရ။ စိတ်ဝင်စားချင်မှလည်း စိတ်ဝင်စားပေမည်။ ဖူးစာဆုံချင်မှလည်း ဆုံပေမည်။ ကံ၏ လှည့်ကွက်ကလေးက အံ့သြဖွယ်ရာပါပေ။

၁၉၉၀ ခုနှစ်တွင် မိမိလက်တွဲဖော်အဖြစ် ရွေးချယ်ခဲ့သည့် မိန်းမနှင့် မိမိသည် လွန်ခဲ့သော ဆယ်နှစ်ဝန်းကျင် ၁၉၇၉ ခုနှစ်က တစ်ဦးနှင့်တစ်ဦး ပေ နှစ်ဆယ်အကွာမှ အလွန်တရာ နီးကပ်စွာ ဖြတ်သန်းသွားခဲ့သည့်အကြောင်းကတော့ အသည်းယားစဖွယ်ပင် ဖြစ်ရပါချိမ့်။

http://www.cherrythitsar.org



(၄)

လက်ထပ်သည့်နှစ်နှင့် ဆယ်နှစ်စောစွာ သူမနှင့်မိမိ မော်ရွှေမြိုင်ကောလိပ်တွင်သာ မိတ်ဆက်ပေး၍ သိကျွမ်းခဲ့ရပါက ဖူးစာဆုံချင်မှ ဆုံပေမည်။

သိချင်စမ်းပါဘိ။

မြားနတ်မောင်သည် ထိုစဉ်က မြားတံပျောက်နေသလော မသိတတ်နိုင်။

[သောကြာမဂ္ဂဇင်း၊ ၂၀၀၁ ခု၊ ဇန်နဝါရီ]



http://www.cherrythitsar.org

# အလိမ်အညာသတ္တဝါ

(၁)

မှတ်မှတ်ရရ ၁၉ဂဂ-ခုနှစ် ဧပြီလ။

မိမိအသက် (၃၀)ဝန်းကျင်၊ မန္တလေးကို ပထမဆုံးရောက်ခဲ့ဖူးခြင်းဖြစ်သည်။ ခရီးဝေးကို ပထမဆုံး စထွက်ခဲ့ဖူးခြင်းဖြစ်၏။

ကျုံးအနောက်လမ်း (ဂ၀)က တည်းခိုခန်းတစ်ခုမှာ မိမိတည်းဖြစ်သည်။ ထိုစဉ်ကတည်းက တည်းခိုခန်းခက တစ်ယောက်မှ ၂၅ ကျပ်သာ။

ထမင်းစရိတ်က တစ်နပ်မှ ၁၂ ကျပ်သာ။

ငွေစအနည်းငယ်ဖြင့် မိမိမန္တလေးရောက်ဖြစ်သည်။

နန်းမြို့ရိုးကြီးကို မိမိ တမေ့တမောကြီး ငေးရီကြည့်မိ၏။ ထူးဆန်းအံ့သြသော စိတ်အဟုန်ဖြင့် ဖြစ်ပါသည်။

မန္တလေးမြို့ရိုးကို ရုပ်ပုံကားချပ်များ၊ ရုပ်ရှင်များထဲတွင်သာ တွေ့

တွတ်ပီစာအုပ်တိုက်

http://www.cherrythitsar.org



မြင်ဖူး၏။ ယခုကဲ့သို့ မျက်ဝါးထင်ထင် အနီးကပ်တွေ့မြင်ရသောအခါ အံ့သြဘနန်း ဖြစ်ရတော့သည်။

ကြက်သွေးရောင် နီညို့နေသော အုတ်ရိုးတံတိုင်းကြီးတွင် တစ်ခါက မြန်မာမင်းနေပြည်တော် မင်းတုန်းမင်း၊ သီပေါမင်းတို့ စံမြန်း ခဲ့ရာ ဘုန်းတန်ခိုး ထွန်းပခဲ့ရာ နေရာတစ်ခုပါတကားဟု အတိတ်ကို စိတ်ပျံ့လွင့်မိစေ၏။

ပြီးတော့ ပါတော်မူ ရှုခင်း။

သေနတ်တစ်ချက် မပစ်ရဘဲနှင့် နန်းတွင်းဝင်ရောက်ခဲ့ကြသော နယ်ချဲ့စစ်တပ်များ။

သီပေါမင်းနှင့် စုဖုရားလတ်။

မှူးမတ်များ၊ ရံရွေတော်များ။

ကာနယ်စဒေါင်နှင့် နန်းတွင်းရတနာများ ပျောက်ဆုံးမှု။

ကြက်သွေးရင့်ရောင် နီညို့နေသော အုတ်တံတိုင်းကြီးကား တိတ်ဆိတ်နေသော ရေးဟောင်းအမှတ်အသား တစ်ခုပင်။

(၂)

လမ်း (၈၀) တစ်ဝိုက် မန္တလေးနံ့နက်ခင်းကား ရှုပ်ထွေးပွေလီ လှ၏။ စက်ဘီးများ၊ လူများ၊ ကားများ၊ စူပါကတ်များ။ ထိုစဉ်က ယခု လို တိုက်တာမြင့်မြင့်မားမားလည်း မရှိလှသေးသဖြင့် နေရောင်ခြည်ကို တိုက်ရိုက်ရ၏။

http://www.cherrythitsar.org



မန္တလေးနွေဦးနံနက်ခင်းမှာ မိမိလမ်းလျှောက်ခဲ့ဖူးသည်။ ကျုံးဘေးမှာ လျှောက်ရင်း ကျုံးကိုဖြတ်သန်းတိုက်ခတ်လာသော လေပြေကို တစ်ဝကြီး ရှူသွင်းရ၏။

လမ်း (၇၀)နှင့် ၁၆ဘီလမ်းဆုံရာ မီးပွိုင့်အနီးမှ မစိုးရိမ်ရပ်ရှင်ရုံတွင်းရှိ ကဖီးဆိုင်တစ်ဆိုင်တွင် မိမိထိုင်ဖြစ်သည်။

ကော်ဖီဖန်ချိုနှင့် ထပ်တစ်ရာသည် မန္တလေး၏ ဓလေ့တစ်ခုဖြစ်၏။ ကော်ဖီ၏ ဖန်ဆိမ့်သောအရသာကို သောက်ရင်း၊ ပဲများသော ထပ်တစ်ရာကို အဝစားရ၏။

ပြီးတော့ ၂၆ ဘီလမ်းအတိုင်း ဈေးချိုတော်ဘက် မိမိ လမ်းလျှောက်ခဲ့သည်။ စက်ဘီးတပ်ကို ရှောင်ရှားရင်း မန္တလေးမြို့၏ လုပသော ကျက်သရေဆောင် ဆိုင်းဘုတ်စာလုံးများကို မိမိငေးမောခဲ့ရသည်။

မိမိကား ပန်းချီဆရာမို့ ဆိုင်းဘုတ်စာလုံးများကိုလည်း ခံစားတတ်၏။

မန္တလေးကား တစ်ဘာသာပင်။ ပန်းချီအရာမှာလည်း တစ်ဘာသာထူးခြား၏။ မန္တလေးဆိုင်းဘုတ် အနုပညာကား မန္တလေးမြို့၏ ဂုဏ်ယူစရာ အနုပညာတစ်ရပ်ပင်။ စာလုံးပုံစံ၊ အရောင်အသွေး၊ ဖောင်းကြွ၊ ထုထည်၊ ခန့်ငြားမှု၊ အခြားဘယ်မြို့နှင့်မှ မတူချေ။

မန္တလေး၏ ဆိုင်းဘုတ်အနုပညာကား ရန်ကုန်မြို့တော်မှ ဆိုင်းဘုတ်များထက် များစွာ ကွာခြား၏။ များစွာကောင်း၏။ အနုပညာဟန်စွက်ဖက်မှု လွန်ကဲသည်။ ဆိုင်းဘုတ်တွင် အနုပညာဟန်ပန်ကို ထည့်

http://www.cherrythitsar.org



သွင်း ရေးဆွဲထားကြောင်း တွေ့ရသည်။

ဆိုင်းဘုတ်တွေကို မော့ကြည့် ရပ်ကြည့် နောက်ပြန်လာကြည့် လုပနေစဉ် မိမိကို လူတစ်ဦးက လှမ်းနှုတ်ဆက်၏။

“ဟော့ကောင်း…ဘယ်တုန်းကရောက်လဲ”

မိမိအနီးသို့ ကပ်မေးလိုက်သော အသံကြောင့် မိမိဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။ စက်ဘီးပေါ်မှ ခုန်ဆင်းလိုက်ရင်း မေးလိုက်သော လူတစ်ဦး။ အသားညိုညို။ လူပုံညှက်ညှက်။ ဆံပင်က မတိုမရှည်။ သူ့မျက်နှာက ပြုံးနေ၏။ သူ့မျက်လုံးက မိမိကို မျှော်လင့်တကြီး ကြည့်နေဟန်။

မိမိစိတ်ထဲမှာ သူ့ကို မြင်ဖူးသလိုလို၊ ထင်နေမိ၏။ သို့သော် မသေမချာ။ ဝိုးတဝါး၊ မိမိလည်း သူ့ကို ဇဝေဇဝါကြည့်ရင်း ပြန်ဖြေမိ၏။

“ငါ မနေ့က ရောက်တယ်ကွာ”

“ဒါထက် မင်းအခုဘယ်လဲ”

“ဒီလိုပဲ လမ်းလျှောက်”

ထိုလူက မိမိကို စဉ်းစားခွင့် သိပ်မပေး။ သူဘယ်သူဟုလည်း မပြော။ စကားကို တရစပ်ပြောနေ၏။ ပြောဟန်နှင့် အသွင်ကတော့ တကယ့်ကို ရင်းနှီးကျွမ်းဝင်နေသူပမာ။

မိမိလည်း ကိုယ့်အရပ်မဟုတ်သဖြင့် လိုက်လိုက်လျောလျော သတိထားပြောနေရင်း ထပ်မံကြုံရသည့် အခင်းမှာ…

လူတစ်ဦး စက်ဘီးနင်းနေရာမှ မိမိတို့နားရောက်သည်နှင့် ဖုတ်ခနဲ ခုန်ဆင်းလာပြန်သည်။ ထိုလူက မိမိတို့နှစ်ယောက်နား ကပ်လာ၏။ သူ့အသက်က ၅၀ ကျော်ကျော်ခန့်ရှိပေမည်။ ပုံစံက တိုင်းရင်းသား ပုံစံကြီး။ ရိုးရိုးကြီး။ အသံက ဝဲဝဲကြီး။

"ကျွန်တော်···လားရှိုးကားဂိတ် မသွားတတ်လို့ အဲဒါ ဘယ်လိုသွားရမလဲဗျ"

ပထမယူက ချက်ချင်းပြန်ဖြေ၏။

"××× ××× အဲဒီနားမှာ"

"သူပြန်ပြောလိုက်သည့် နေရာ ညွှန်းစကားကိုတော့ ယခုအခါ မိမိ မမှတ်မိတော့"

မှတ်မိနေသည်ကတော့ ထိုလူရိုးရိုးပုံစံ ဒုတိယလူက ပထမလူကို ထိုနေရာ လိုက်ပို့ခိုင်းခြင်းပင်။ ပထမလူကလည်း အပန်းမကြီးဟန်ဖြင့် လိုက်ပို့ပါမည်ပြော၏။

တစ်ဖန် ဆက်ပြောပြန်သည်မှာ···ဒုတိယလူက သူ့ကို ပျော်စရာများရှိသော တည်းခိုခန်းတစ်ခုကို ညွှန်ပါဟု ပြောပြန်၏။ ပထမလူက ဘယ်လောက်ပေးမလဲဟု ပြော၏။

ဒုတိယလူက ချက်ချင်းပင်။

ပြားနှစ်ဆယ်ပေးမည် ပြော၏။ ပြားနှစ်ဆယ်ဆိုသည်မှာ ထိုစဉ်က ၂၀၀၀ ကျပ်လောက်ကို ပြောတာဖြစ်ပေမည်။

မိမိကလည်း ထိုနေရာမှ ခွာချင်ပေပြီ။ ပထမလူကို မိမိ အသိ

http://www.cherrythitsar.org



များဖြစ်နေမလား ပုံဖော်ကြည့်နေသဖြင့် ခဏ ကြန့်ကြာသွားရခြင်း ဖြစ် သည်။ အရေးထဲ ထိုပထမနှုတ်ဆက်သူမှာ မိမိတို့ဇာတိမြို့ နေဖြူက သူငယ်ချင်းနှင့် ရုပ်ချင်းဆင်ဆင်တူလှသည်။

သေချာကြည့်တော့လည်း ဟုတ်သယောင်ယောင် မဟုတ်သယောင်ယောင်။ အာရုံသည် မပီဝိုးဝါး။ ထိုသူ၏အကြည့်နှင့်အပြောက ညှို့ငင်အားရှိနေပုံရ၏။

သူတို့အတိုင်အဖောက် ညီနေချိန် မိမိလည်း ခွာမည်ဟု နှုတ်ဆက်မည်အပြု…

"ဟာ… သူငယ်ချင်း…ပွတာပဲကွာ ဒီလူကြီးကို တို့ဟိုတည်းခိုခန်းလိုက်ပို့လိုက်မယ်။ ၂၀၀၀ ရမှာကွ။ မင်း ၁၀၀၀ ယူ"

ပထမလူက တိုးတိတ်စွာ ကပ်ပြောခြင်းဖြစ်၏။

မိမိကား အားနာတတ်၏။

တွေဝေနေဆဲကို အခွင့်ကောင်းယူပြီး ဟိုလူက ချက်ချင်းပင် စက်ဘီးကို တွန်းကာ ခုန်တက်လိုက်ပြီး…

"လာ…လာ…လာ… သူငယ်ချင်း နောက်ကတက် မကြာဘူး။ ဒီနားလေးတင်ပို့ပြီး ပြီးပြီ ဒါငွေအချောင်ရတာကွ"

မိမိလည်း ညှို့ငင်ခံရသူပမာ သူ့စက်ဘီးကယ်ရီယာပေါ် ပါသွားရ၏။ ထိုသူက စက်ဘီးကို အားစိုက်နင်းနေ၏။ မိမိတို့ စက်ဘီးနောက်မှ ဒုတိယလူ စက်ဘီးက အားကြိုးမာန်တက် နင်းလိုက်လာ၏။

နင်းရင်း ပြောသေးသည်မှာ သူ့ကို တည်းခိုခန်း ကောင်း

http://www.cherrythitsar.org



ကောင်းပို့ပေးရန် ဖြစ်၏။ မိမိလည်း ကယ်ရီယာပေါ်မှ စိတ်တွေဝေလျက် ပါလာစဉ် နေဖြူမြို့မှ ထိုသူငယ်ချင်း၏ ဘကြီးကို မေး၏။

"ဒါနဲ့···ဦးစောမန်း တစ်ယောက်ကော နေကောင်းလားဗျ"

"ဟေ ဘယ်သူ"

"နေဖြူက ဦးစောမန်းလေဗျာ"

"ဟာ···ဒါတွေ နောက်မှပြောပါကွာ၊ ငါ စက်ဘီးနင်းရတာ မောနေလို့"

အမှန်မှာ ထိုသူသည် မိမိပြောသော ဦးစောမန်းကို သိဟန်မရှိ။ မိမိမှာ သူသည် မိမိသူငယ်ချင်း တစ်ဦး မဟုတ်မှန်းသိသော်လည်း စိတ်သည် ဇဝေဇဝါဖြင့် တွေဝေနေရ၏။

စက်ဘီးနှစ်စီးသည် မြို့ပြကို လွန်ခဲ့၏။ ရပ်ကွက်တစ်ခုထဲ ရောက်လာသည်။ တာရိုးအတိုင်း နင်းနေသည်ကို မှတ်မိ၏။ တာရိုးကြီးတစ်ဘက်တစ်ချက်တွင် ခြသေ့်ကြီး ရုပ်တုဖြူဖြူကြီးနှစ်ခုကို တွေ့ရ၏။ ဘယ်နေရာတွေ ရောက်နေသနည်း။ ရန်ကုန်မှလာသော မိမိ မသိ။ သို့ဖြင့် မြစ်ကမ်းသို့ရောက်လာသည်။ မြစ်ကမ်းတာဘောင်ပေါ်မှ ဆက်နင်းခဲ့သည်။ ဆင်းရဲသားရပ်ကွက် ဖြစ်ဟန်ရှိ၏။

ဘယ့်နှာ···ဟိုလူကြီးကို တည်းခိုခန်းပို့မယ်ပြောပြီး ဆင်းရဲသား ရပ်ကွက်ရောက်လာပါလိမ့်ဟု တွေးတောနေစဉ် စက်ဘီးက ရပ်၏။

စက်ဘီးကို တော်ရာမှာ ထောင်ထားခဲ့ပြီး ပထမလူက အိမ်

http://www.cherrythitsar.org



တစ်အိမ်ထဲဝင်၏။ အိမ်က ရောဝတီမြစ်ရေစပ်တွင် ဆောက်ထားသော အိမ်။ မြစ်ကြီးကို ကျောပေးထား၏။

တဲအိမ်လေး။ ထိုတဲအိမ်လေး၏ လင်းချင်းသော ကြမ်းပြင်တွင် မိမိကို နေရာပေးသည်။ ဒုတိယလူလည်း ထိုင်၏။ ပထမလူက အညောင်းဆန့်ရင်း ···မျက်နှာကျက်ပေါ်က အထုပ်ကလေးတစ်ထုပ်ကိုယူပြီး မိမိတို့အနီးတွင် ထိုင်ချ၏။

"အပျင်းပြေ··· ဖဲကစားရအောင်ကွာ"

ထိုအခါ ဒုတိယလူကလည်း···

"ဟာ···ဒါဆိုတည်းခိုခန်းနောက်မှ လိုက်ပို့···ဖဲဆို ကျုပ်ကလည်း အသေဝါသနာပါတာဗျ··· ဝိုင်းကစားရအောင်"

မိမိကို ဖဲကစားဖို့ခေါ်၏။

မိမိက ခေါင်းခါ၏

"ကျွန်တော် မကစားတတ်ဘူး"

"အို···အပျင်းပြေပေါ့ဗျ။ လောင်းကြေး နည်းနည်းပါးပါးပေါ့"

ထိုလူနှစ်ဦးလုံးက မိမိ၏ လွယ်အိတ်ကို မျက်လုံးဝဲပြီး ကြည့်ကြည့်ပြော၏။ မိမိ ဤနေရာမှ ထပြေးချင်စိတ် ပေါက်လာသည်။ ထိုလူနှစ်ယောက်က ဖဲရိုက်ဖို့ အတင်းမြူဆွယ်၏။

တစ်ခု ကံကောင်းသွားသည်မှာ မိမိကား ဖဲလုံးဝ မကစားတတ်ချေ။ ဖဲဝါသနာပါလည်း ပြုတ်မည်။ နည်းနည်းပါးပါး ကစားတတ်လည်း အားနာပါးနာ ကစားရင်း ပါလာတာ ကုန်မည်။

http://www.cherrythitsar.org



ယခုမှ မိမိကား အားနာသော်လည်း ဖဲလုံးဝမကစားတတ် ဟု ဆိုသဖြင့် ထိုလူနှစ်ယောက်၏ မျက်နှာကြောမျှား တင်းသွားကြသည်။ ပြီးတော့ မိမိ၏ သကာ်မကင်းဖြစ်ဟန် စူးစမ်းလာမှုကိုလည်း စိုးရိမ်ဟန် ရှိသည်။

"အေး မင်းမကစားတတ်လည်း ပြန်ကွာ···ဟော့ကောင် သူ့ကို ကားဂိတ် လိုက်ပို့လိုက်စမ်းကွာ"

ပထမလူက ထိုအခါမှ ခပ်စိမ်းစိမ်းပြောပြီး အိမ်ရှေ့မှ အကဲခတ်နေသော ကောင်ကလေးကို အော်ဟစ်ခိုင်းလိုက်၏။

ထိုကောင်လေးကား အသက် ၁၅နှစ်ခန့်ရှိမည်။ မိမိကို တဲတွင်း ဝင်ခေါ်၏။ မိမိလည်း တဲတွင်းမှ ထွက်လိုက်လာ၏။

ရပ်ကွက် လမ်းသွယ်တချို့ကို ဖြတ်ပြီး ကားဂိတ်ကို ခေါ်ခဲ့၏။ ကားက သစ်သား ဘတ်စ်ကားအိုကြီးတွေ။

ထိုကားပေါ် မိမိတက်လိုက်၏။ နေရာမရ။ ကိစ္စမရှိ။ ဟိုနှစ်ယောက်ရန်က လွတ်လျှင်ပြီးပြီ။ ကောင်လေးက ကားပေါ်အသေအချာ ပြန်တင်ပေးလိုက်ပြီး ပြန်ထွက်သွားသည်။

သို့ဖြင့် ဘတ်စ်ကားအိုကြီးလည်း အိတွဲ့လေးလံစွာ ထွက်ခွာလာတော့သည်။

မိမိကား အခုမှ ရင်ထဲဘလောင်ဆူနေသော အလုံးကြီး ကျသွားရကား ဖြစ်စဉ်ကို ပြန်တွေးတောနိုင်တော့၏။

အမှန်ကား သင်တို့ကား မိမိကို ဖဲလိမ်ရိုက်ရန် စည်းရုံးခေါ်လာ

http://www.cherrythitsar.org



ခဲ့ခြင်းတည်း။ သူတို့လိမ်ပုံက သင်းသည်။

မလုမယက်၊ မနှိုက်မပြူ၊ မရိုက်မနှက်၊ ပြဿနာမရှာ။

လိမ်ခေါ်သွားပြီး ဖဲလိမ်ရိုက်ခြင်းမျှသာ။ ဖဲရှုံးသွားသော ငွေကို ဘယ်ရဲစခန်းတိုင်၍ ရပါမည်နည်း။ မိမိလည်း အလိုတူအလိုပါ ဖြစ်နေ ရော မဟုတ်ပါလား။

ထိုလူနှစ်ဦးကား လမ်းလျှောက်လာသော မိမိကို (သို့မဟုတ်) လက်ဖက်ရည်ဆိုင်တွင် ထိုင်နေသော မိမိကို တစ်နယ်တစ်ကျေးမှ လာသောလူဟု သိကြပုံရသည်။ မိမိဟန်က မန္တလေးဟန်မရှိ။ ပြီးတော့ မိမိက တစ်ဦးတည်း။ လွယ်အိတ်ထဲတွင်လည်း ငွေပါသော ခရီးသွား ဖြစ်ဖွယ်ရှိသည်ဟု သူသို့တွေးဆပြီး အမဲဖမ်းခြင်းဖြစ်သည်။

စည်းဝါးရိုက်ပြီး တွေဝေငေးမောစဉ် ခေါ်ခဲ့ခြင်းဖြစ်သည်။

မိမိ၌ တစ်ခုခံသာသွားရသည်က ဖဲမကစားတတ်ခြင်း အကျိုး တည်း။

(၃)

နောက်နေ့တွင်လည်း မနက်စောစော မိမိလမ်းလျှောက်ထွက် ခဲ့ပြန်၏။

ဒီတစ်ခါ လမ်း ၂၆ ဘီလမ်းတိုင်းဖြစ်ပြန်၏။ ၈၄ လမ်း ဈေးချို တော်အထိ အန္တရာယ်မရှိ။

ဈေးချိုနာရီစင်ကြီးကို မော့ကြည့်လိုက်ပြီး ၈၄ လမ်းထဲ အကွေ့

http://www.cherrythitsar.org



ဝယ်··· ဘွားခနဲတွေ့ရသည်က စက်ဘီးရပ်ပြီး မှီနေသော လူတစ်ဦး။ ရှေ့ခြင်းထဲတွင် တစ်ပေခန့်ရှိသော ပိုက်ဆံအိတ်အနက်ရောင် ဖောင်းဖောင်းကြီးကို မြင်သာအောင် ထည့်ထား၏။

ထိုလူက လမ်းကွေ့ဝင်လာသော မိမိကိုတွေ့သော် ချက်ချင်း လက်ဆွဲနှုတ်ဆက်၏။

"ဟာ သူငယ်ချင်း ဘယ်တုန်းကရောက်လဲ"

မိမိလည်း ထိုလူကို ကြည့်၏။ သိသလား ဦးနှောက်ထဲ ပုံဖော်ကြည့်၏။ မသိ။ သေချာသလား။ သေချာသည်။ ဒါဆို···ဒီလူလည်း မနေ့ကလို လူလိမ်ဖြစ်ချေပြီဟု မိမိတစ်ထစ်ချ သတ်မှတ်လိုက်သည်။ သို့သော် မိမိအလိုက်သင့် ရောလိုက်၏။

"မနေ့ကဗျ"

"မင်း သူငယ်ချင်း···ရုံးက တင်ဝင်းနဲ့ တွေ့ပြီးပြီလား"

သူပြောသည့်လူကို မိမိမသိ။ ဒီလူလိမ်နေတာ သေချာပြီဟု မိမိ သိပြီး သတိထားလိုက်၏။

"မတွေ့ဘူး"

ထင်သည့်အတိုင်းပင် ခပ်လှမ်းလှမ်း စက်ဘီးသုံးလေးစင်း အုပ်စုမှ သူ့ရှိးရိုး အသက်ကြီးကြီးလူက စက်ဘီးနှင့် ပြေးကပ်လာကာ··

"ညီလေးတို့···ဟိုလားရှိုးဂိတ်ကို ဘယ်ကသွားလဲဟင်"

အသံဝဲဝဲနှင့် မေး၏။ ယင်းအသံမှာ လုပ်သံဖြစ်၏။ ပထမ စက်ဘီးက သွက်သွက်လက်လက်···

"ဟာ ကျွန်တော်သိတယ် ... ပို့ပေးရမလား"

"အေး...ဒါထက် တည်းခိုခန်းကောင်းကောင်း ပျော်စရာလေး တွေ ရှိတာ..."

"လာပြီ...လာပြီ။ ဓာတ်ပြားဟောင်းကြီး"

မိမိလည်း ထိုသူနှစ်ယောက်အနီးမှ ဖယ်ကြဉ်ခဲ့၏။

"ဟာ ဟော့ကောင်သူငယ်ချင်း နေဦးလေ... ဒီမှာ ငွေရမှာ ကွာ၊ ပြားနှစ်ဆယ်ပေးမယ်ပြောတယ်။ မင်းနဲ့ငါ တစ်ယောက်တစ်ဝက် ခွဲယူ...ယူ"

နောက်က ပထမစက်ဘီးက လှမ်းလိုက်လာပြီးပြော၏။ မိမိက တစ်ခွန်းပဲ ပြန်ပြောပြီး ထွက်ခွာခဲ့သည်။

"ကျွန်တော် ဖဲမကစားတတ်ဘူးဗျ"

"ဟေ"

"ဟင်"

ထိုစက်ဘီး လှူနှစ်ဦး အာမေဋိတ်ဖြင့် ကျန်ရစ်၏။ မိမိ၏ ကွက်ကျော်ပြောလိုက်သော စကားတစ်ခွန်းက သူတို့ကို နှုတ်ဆွံ့သွား စေပုံရ၏။

(၄)

ထိုအဖြစ်အပျက်ဖြစ်ခဲ့သည်က ၁၉၈၈ ခုနှစ်။ ၁၉၈၉ခုနှစ် မိမိ မန္တလေးပြန်ရောက်တော့ လမ်းလျှောက်လာစဉ် စက်ဘီးစီးသွားသော

http://www.cherrythitsar.org



ပထမဆုံးစက်ဘီးရှင်ကို တွေ့လိုက်ရ၏။ မိမိက သူ့ကိုရပ်ကြည့်သည်။ နောက်ပြန်လှည့်ပြီးလည်း မျက်စိတစ်ဆုံး ကြည့်နေလိုက်၏။ သူက လည်း မိမိကို ကြည့်သွား၏။ တစ်နှစ်ကျော်ခဲ့ပြီမို့ ကျန်ခဲ့သည့်နှစ်က သူ့ စက်ဘီးကယ်ရီယာခုံပေါ် တင်နင်းခဲ့ဖူးသော မိမိကို မှတ်မိဟန်ရှိ သလား၊ မရှိသလားတော့မသိ။ စက်ဘီးကိုတော့ ပိုမိုသွက်လက်စွာ စီးသွားဟန်ရှိ၏။

(၅)

ကြာတော့ ကြာခဲ့ပါပြီ။ ခုဆိုလျှင် ၁၂နှစ် ဝန်းကျင်ရှိပြီပဲ။ မန္တလေးကား ၁၂နှစ်အတွင်း တိုက်တာ အဆောက်အဦများစွာ ပြောင်း လဲခဲ့၏။ ဈေးချိုတော်ကြီးလည်း အသစ်ဖြစ်သွားပြီ။

နာရီစင်ကလေးကတော့ ယခင်ကအတိုင်း မပြောင်းလဲ။
ထိုအလိမ်အညာသတ္တဝါများကော ရှိသေးပေသည်လား။
ရှိတော့မည်တော့ မထင်တော့။

[သောကြာမဂ္ဂဇင်း၊ ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလ]

http://www.cherrythitsar.org



http://www.cherrythitsar.org



# ငှက်ကြီးတောင်နှင့်ကဗျာဆရာ

(၁)

မန္တလေးကို ပထမဦးဆုံးအကြိမ် စရောက်ခဲ့ဖူးစဉ်က ဖြစ်သည်။ မှတ်မှတ်ရရ ပြောရလျှင် ၁၉၈၈ ခုနှစ် ဧပြီလ သင်္ကြန်ပြီးစရက်များ။ ကျုံးအနောက်လမ်း (၈၀)က တည်းခိုခန်းမှာ တည်းခိုရသည်။

နေ့လယ်ဘက်တွင် တွေ့ဆုံစီစဉ်စရာရှိသည်များ ပြီးသည်နှင့် မိမိမှာ အချိန်အားလပ်နေရတော့သည်။ မန္တလေး၌ မိမိမိတ်ဆွေသူငယ်ချင်းများများမရှိ။ အရင်းနှီးဆုံးဆို၍ ကာတွန်းမောင်ဝင်းအောင် (မန္တလေး)သာ ရှိသည်။ (၈၈)ခုနှစ် မတိုင်ခင်က သူက ရန်ကုန်သို့ ရောက်နေသည်။ မိမိက ထိုစဉ်က ရန်းကန်ကြိုးစားနေရဆဲ ကာတွန်းဆရာ လွယ်အိတ်ထဲ ကာတွန်းဒီဇိုင်းတွေ ထည့်ပြီး မဂ္ဂဇင်းတိုက်တွေ လှည့်လည်ကာ တွန်းပို့နေရသော ကာလ။

http://www.cherrythitsar.org



ထိုကာလမှာ မိမိနှင့် မောင်ဝင်းအောင် (မန္တလေး) က နေ့စဉ်လိုလို တွေ့ဖြစ်သည်။ ရွှေကြည်အေးကဖီးမှာ ထိုင်ဖြစ်ကြသည်။ ကာတွန်းအကြောင်း၊ စာအကြောင်း၊ မမောမပန်းနိုင် ပြောဖြစ်ကြသည်။ မိမိ သည်လည်း လွယ်အိတ်တစ်လုံး အရင်းတည်ခဲ့ရသော ကာတွန်းဆရာ တစ်ဦးသာ။

ထိုစဉ်က မဂ္ဂဇင်းတော့နည်းသည်။ မဂ္ဂဇင်းတွင် ကာတွန်းပုံပါဖို့ကမလွယ်။ လူငယ်များ သုံးပေးသည့်မဂ္ဂဇင်းတွင် မိမိတို့ ကြိုးစားရေးဆွဲ ပေးပို့ရသည်။ ကာတွန်းရေးဆွဲခရသော ငွေကြေးသည် မစို့မပို့။ တစ်လ တစ်လ ဖြတ်သန်းမှုသည် ဝမ်းရေးအတွက် ရင်ခုန်စရာ။ တစ်ခါတစ်ရံ လက်ထဲတွင် ငွေတစ်ပြားတစ်ချပ်မှ မရှိဘဲဖြစ်နေတတ်သည်။

သို့သော် ဝါသနာနှင့် ဇောထက်သန်မှုသည် ဒုက္ခများကို မေ့နေစေ၏။

ထိုစဉ်က မိမိက တောင်ဥက္ကလာရှိ အဘအိမ်တွင် နေရသည်။ မောင်ဝင်းအောင် (မန္တလေး) က သဃ်န်းကျွန်းရှိတွင် နေသည်။

နောက်ပိုင်းကာလတွင် မောင်ဝင်းအောင် (မန္တလေး) တစ်ယောက် မန္တလေးပြန်သွားသည်။ သူ့အဖေ ဆုံး၍ဟုထင်သည်။

မိမိက ရန်ကုန်ကာတွန်းလောကမှာ ကျန်ရစ်သည်။ ထိုမှ အကြောင်းတိုက်ဆိုင်သဖြင့် မိမိ မန္တလေး ရောက်ခဲ့ရသည်။

မောင်ဝင်းအောင် (မန္တလေး) ၏ အိမ်သို့မိမိလိုက်သွားသည်။ သူ့အိမ်က မန္တလေးမြောက်ဘက်။ မင်းတဲအီကင်းထဲမှာ။ ညကြီးမင်းကြီး

http://www.cherrythitsar.org



မိမိကို စက်ဘီးတစ်စီး ကယ်ရီယာခုံပေါ်တင်ပြီး လိုက်ပို့သူက ကာတွန်းဝါသနာရှင်လေး ညီညီမောင် (မန္တလေး) ဖြစ်၏။ မိမိက သူတို့နှင့် စာအားဖြင့်၊ ပြီးတော့ လူအားဖြင့် ခင်မင်သည်။

မင်းတဲအီကင်းကား ထိုစဉ်က ရပ်ကွက်ကြီးဖြစ်၏။ အိမ်ခြေများ ပြားလွန်း၏။ လမ်းသွယ် လမ်းမြောင်တွေကလည်း များသည်။ လမ်းမီး အိမ်မီးရောင်များသည် မှိန်ပျပျ။ အိမ်အတွင်းမှ ဆူညံသံများသည် လမ်း မသို့တိုင် ပျံ့လွင့်နေ၏။

ညီညီမောင်ကလည်း အိမ်သေသေချာချာ မှတ်မိသည်မဟုတ်။ လမ်းတွေ ဝင်လိုက်ထွက်လိုက်။ အိမ်တွေ ဝင်မေးလိုက်။ ပြန်ထွက်လိုက်။ လမ်းအတော်များများ ဝင်ထွက်ပြီးကာမှ မောင်ဝင်းအောင် (မန္တလေး) အိမ်သို့ ရောက်ရသည်။

ရောက်တော့လည်း သူမရှိ။ သူ့အိမ်က ညီအစ်ကိုများလွန်းသည်။ သူ့ညီများက အစ်ကိုကြီး ဘုရားကြီးထဲက ပန်းပုဆိုင်မှာရှိသည် ဟု ပြောသည်။ မိမိလည်း မိမိရောက်ရှိနေကြောင်း ပြောပြီးပြန်လာသည်။

ထိုညက မိမိတည်းခိုခန်း ပြန်အိပ်ရသည်။

(၂)

နောက်နေ့ကျ မိမိ မန္တလေးဘုရားကြီးသို့ လိုက်သွားသည်။ တွေ့၏။ ပန်းပုဆိုင်တစ်ဆိုင်မှာ သူကနေသည်။ သူ့သူငယ်ချင်း ပန်းပု

http://www.cherrythitsar.org



ဆရာ လင်မယားဆိုင် ဖြစ်၏။

ထိုမှ မောင်ဝင်းအောင် (မန္တလေး) နှင့် မိမိ မန္တလေးတွင် အတူတူ လျှောက်သွားဖြစ်ကြသည်။

ညကျတော့ သူကမိမိကို ကဗျာဆရာတစ်ဦးနှင့် တွေ့ပေးချင်သည်ပြော၏။ ကဗျာဆရာက သူသူငယ်ချင်း။ နေတာက မင်းတဲအီကင်းထဲမှာပဲ…တဲ့။

သို့ဖြစ် ညရှစ်နာရီလောက်ကျ မောင်ဝင်းအောင် (မန္တလေး) နှင့် မိမိ မင်းတဲအီကင်းရပ်ကွက်ထဲ လမ်းလျှောက်လာကြသည်။ ထိုကဗျာဆရာအိမ်သို့ ဖြစ်၏။ မင်းတဲအီကင်းကား အိမ်ခြေများသလို လမ်းသွယ် လမ်းမြောင်များလှသော ရပ်ကွက်ကြီးဖြစ်၏။ လမ်းမီးကမကောင်း။ အိမ်တွင်းမှ မီးရောင်တချို့က လမ်းမပေါ် ဖိတ်စင်ကျနေသည်။ မပီဝိုးဝါး။

ထိုရပ်ကွက်ကြီးထဲ၌ တစ်ယောက်တည်း ကျန်ခဲ့လျှင် မိမိဘယ်ဆီမှ သွားတတ်တော့မည်မဟုတ်။ မောင်ဝင်းအောင် (မန္တလေး) ကို မျက်ခြည်မပြတ် အမှီသဟဲပြုရင်း ပတ်ဝန်းကျင်ကို စူးစမ်းကာ မိမိ လိုက်ပါနေရသည်။

"ရောက်တော့မယ် - ဟိုရှေ့နားကအိမ်"

မောင်ဝင်းအောင် (မန္တလေး)က အားပေး၏။ မင်းတဲ အီကင်းရပ်ကွက်၏ အတွင်းအူကြောင်းထဲမှ အိမ် တစ်အိမ်။ ယင်းအိမ်၌ ကဗျာဆရာတစ်ဦး နေထိုင်သည်ဆို၏။ ထိုကဗျာဆရာအိမ်အနီးရောက်တော့

http://www.cherrythitsar.org



ပွက်လောရိုက်နေသော ဆူညံသံများ ကြားရသည်။

ရန်ဖြစ်နေသောအသံ။

ယောက်ျားများ ရန်ဖြစ်ကြသောအသံ။ လူငယ်များ ရန်းရင်းဆန်ခတ်မြင်ကွင်း။ မြင်ကွင်းက ခဏလေး။ ရတ်ချည်းပင် ရန်ဖြစ်နေကြသူများ အလျှိုလျှိုပျောက်သွားကြသည်။

မိမိကား မိမိမကျွမ်းကျင်သော ဒေသစိမ်းမို့ ရင်တုန်ပန်းတုန်ကာ မျက်လုံးမျက်ဆန်ပြူးနေသည်။ အိမ်တစ်အိမ်၏ ခြံစည်းရိုးသို့ကပ်နေမိ၏။

ပြေးလည်း မပြေးရဲ။ ပြေးပါမှ ရန်ဖြစ်သည့်အဖွဲ့ဝင်ထင်ပြီး ရန်သတ္တုရှုပြုမှာ ကြောက်ရသေး။ မောင်ဝင်းအောင် (မန္တလေး) လည်း အခြေအနေ အကဲခတ်နေ၏။ သူက မန္တလေးသားမို့ ဤမင်းတဲအီကင်းရပ်ကွက်ကြီးကို လမ်းအသွယ်သွယ်သိပေမည်။ မိမိမှာသာ ပထဝီ စိမ်းသောဒေသကို ကြောက်ရွံ့နေရသည်။

အိမ်များမှ လူတွေ အလျှိုလျှို ထွက်လာကြသည်။

“ဟေ့လူ ကိုဝင်းအောင် ပြန်···ပြန်···ကြမယ်လေဗျာ”

“ဟာ···ရောက်ပြီဗျ။ ရောက်မှတော့ တွေ့ရအောင်”

အရေးထဲ သူက ထိုကဗျာဆရာကို တွေ့ချင်နေသေးသည်။ မိမိနှင့် မိတ်ဆက်ပေးချင်နေသေး၏။ မိမိကား သိကြားမင်းနှင့်တွေ့ပါရစေ။ ဤလိုပစ္စက္ခမှာမူ မတွေ့လိုတော့။

အန္တရာယ်အငွေ့အသက်ကို ရနေပြီ မဟုတ်ပါလား။

http://www.cherrythitsar.org



မိမိက ပြန်ဖို့လောဆော်နေဆဲမှာပင် သူက…

"ဟော ဟိုမှာ လာပြီ ကဗျာဆရာ"

မောင်ဝင်းအောင် (မန္တလေး) က လူတစ်ဦးကို အားရဝမ်းသာ လက်ညှိုးညွှန်ပြ၏။ မိမိလည်း လှမ်းကြည့်လိုက်သည်။ ထိုသူကား စောစောက ရန်ဖြစ်ခဲ့ရာ အနီးခြံဝန်းတစ်ခုမှ ထွက်လာ၏။

"ဟော့… ဟော့လူ…ကိုဝင်းအောင်…လာဗျို့…လာ"

ကဗျာဆရာတဲ့။ မောင်ဝင်းအောင် (မန္တလေး) က ထိုကဗျာဆရာနှင့် မိမိကို မိတ်ဆက်ပေး၏။

"ဒါ ရန်ကုန်ကလာတဲ့ ကာတွန်းဆရာ ကိုဆွေမင်း (မိုးနေဖြူ)လေ"

"ဟာ…ဟုတ်လား။ တွေ့ရတာ ဝမ်းသာသဗျာ၊ လာ…လာ လက်ဖက်ရည်ဆိုင် ထိုင်ရအောင်"

ထိုကဗျာဆရာက အားရဝမ်းသာ ဖိတ်ခေါ်၏။

နှုတ်ခမ်းမွေး စစရှိသည်။ ဆံပင်တို့က ရှည်လျားစွာကျနေသည်။ ဖော်ရွေပုံကတော့ သူ့မျက်နှာတွင် ခပ်ကွယ်ကွယ်လုပ်ထား၏။

လက်ဖက်ရည်ဆိုင်သို့ သွားမည်ဟု လှည့်ထွက်လိုက်သောအခါ သူ့ကျောဆီမှ လက်ခနဲ ဝင်းသွားသော ငွေရောင်ကို တွေ့လိုက်ရ၏။

အလို ငှက်…ငှက်ကြီးတောင်ဓားကို ကျောတွင် ဝှက်ကိုင်လာသူ။ ကဗျာဆရာ။

မိမိလည်း မျက်လုံးပြူး ပါးစပ်ဟသွားသည်။

http://www.cherrythitsar.org



မောင်ဝင်းအောင် (မန္တလေး) လည်း ထိုအခါမှ မျက်လုံးပြူး သွားပြီး…

“ဟေ့လူ…ခင်ဗျား ဓားကြီးနဲ့”

“ဟုတ်တယ်ဗျာ၊ စောစောက တခြားရပ်ကွက်က ကောင်တွေ ဒီမှာလာကျယ်လို့ ကျုပ်ဓားနဲ့ ထွက်လိုက်တော့ မမီလိုက်တာ ဒီကောင် တွေ ကံကောင်းသွားတယ်”

သူက ကြိတ်မနိုင်ခဲမရပြောနေသေး။

မိမိလည်း မောင်ဝင်းအောင် (မန္တလေး) ကို အတင်းဆွဲခေါ်ကာ

“ဟာ…ဟေ့လူ လာ လာ ပြန်မယ်။ လက်ဖက်ရည်ဆိုင် မထိုင်ရဲဘူး… တော်ကြာ ဟိုအဖွဲ့က ပြန်လာမှ ကျွန်တော်တို့ပါ ရော ပြီး ဖိုက်တင်ချနေရမယ်…လာ…လာ”

မောင်ဝင်းအောင် (မန္တလေး)လည်း စိုးရိမ်သွား၍ထင့်။ ကဗျာ ဆရာကို အတင်းနှုတ်ဆက်ပြီး ထိုနေရာမှ အမြန် ခွာခဲ့ကြသည်။

ထိုကဗျာဆရာနှင့် စတင်တွေ့ဆုံမိတ်ဆက်ပြီး သိကျွမ်းရပုံကား အလွန်တရာ မနိပ်လှသော ဖြစ်ရပ်တစ်ခုပင်။

ကဗျာဆရာသည် ငှက်ကြီးတောင်ဓားကို ကျောတွင်ဝှက်ကပ် ခါ ကိုင်တွယ်ရင်း သူ့မိတ်ဆွေ စာပေသမားနှစ်ယောက် ကသုတ်ကရက် ထွက်ခွာသွားပုံကို နားမလည်နိုင်စွာ ငေးမောကျန်ရစ်ခဲ့၏။

ထိုစဉ်က မင်းတဲအီကင်းရပ်ကွက်တစ်ခု၏ မီးအလင်းရောင် မှိန်ပျပျအောက်ဝယ်… ငှက်ကြီးတောင် ဓားတစ်ဘက်နှင့် လက်ဆွဲ

နှုတ်ဆက်ခဲ့ရသော ကဗျာဆရာကို မိမိတစ်သက် မမေ့နိုင်ခဲ့။

ကဗျာဆရာကား ခင်ငိုင်ငိုင် ကျန်ရစ်၏။

အကြမ်းနှင့်အနုကို ရောမွှမ်းသွန်းထုထားသော လူ တစ်ယောက်ပေလား။

(၃)

နောက် နှစ်အနည်းငယ်ကြာသောအခါ ထိုကဗျာဆရာကို ရန်ကုန်လေထန်ကုန်းတွင် မိမိ ပြန်တွေ့ရသည်။

သူက ချစ်ကြည်လှိုက်လှဲစွာ နှုတ်ဆက်၏။ ဆံပင် ရှည်ဖားလျား။ နှုတ်ခမ်းတွန့်လေးနှင့်။ သူ့အသံက မပီ။ သို့သော် ဖော်ရွေလှိုက်လှဲမှုတော့ရှိသည်။ သူ့ဟန်ကလည်း ဖော်ရွေလှိုက်လှဲသော အသံနှင့် လိုက်ဖက်သည်။ ထိုညက အကြောင်းကို ပြောပြတော့ သူက ရယ်သည်။ ထိုအချိန်၌ မောင်ဝင်းအောင် (မန္တလေး) ရန်ကုန်မှာမရှိ။ မန္တလေးမှာလည်း မရှိ။

(၄)

ယခုအခါ မောင်ဝင်းအောင် (မန္တလေး) မဟုတ်တော့။ ကာတွန်းဝင်းအောင် တစ်ဖြစ်လဲနေချေပြီ။ ကလောင်နာမည်ကို သူက လိုရင်းတိုရှင်း လုပ်ပစ်လိုက်၏။

မိမိလည်း စာနယ်ဇင်းကာတွန်း မရေးဖြစ်တော့။ မိမိက လုံး

http://www.cherrythitsar.org



ချင်းလောကထဲ ရောက်နေသည်။ ကာတွန်း ဂျာနယ်လောကထဲ ဝဲလည်နေသည်။ မြိုင်ရာဇာတွတ်ပီသည် မိမိဘဝကို ဖန်တီးနေ၏။

(၅)

ကဗျာဆရာ၏ အမည်မှာ "အောင်ဘညို" ဖြစ်သည်။

[သောကြာမဂ္ဂဇင်း၊ ၂၀၀၁ ခုနှစ်၊ မတ်လ

http://www.cherrythitsar.org



http://www.cherrythitsar.org

# ပါရမီဖြည့်သူ

(၁)

ယုံကြမလားတော့မသိ။

မိမိ၏ဖခင်မျိုးရိုးဘက်၌ ဆိုရိုးစကားတစ်ခွန်းရှိသည်။ မျိုးရိုးစဉ်ဆက်တစ်လျှောက် သား၊ သမီးများမွေးလျှင် သားယောက်ျားလေး ဘယ်လောက်များပါစေ။ သမီးမိန်းကလေး တစ်ယောက်တည်းသာ ပါသည်ဟူလို။

မျိုးဆက်တစ်လျှောက် သမီးဆိုလျှင် တစ်ယောက်သာထွန်းကားသည့် မျိုးရိုးတည်း။ မိမိ သိတတ်စအရွယ်မှစ၍ ထိုဆိုရိုးစကားကြားခဲ့ရသည်ဖြစ်သဖြင့် ဖခင်ဘက်မှ ဆင်းသက်လာသော မျိုးရိုးစဉ်ဆက် ပြန်စေ့ငုံကြည့်သည်။

http://www.cherrythitsar.org



မိမိဖခင်တို့၌ ညီအစ်ကို မောင်နှမကိုးယောက်ခန့် ထွန်းကား၏။ ယောက်ျားလေး ရှစ်ယောက်။ မိန်းကလေးကား တစ်ယောက်။ ယောက်ျားလေး (၆)ယောက်က ငယ်စဉ်ကတည်းက ဆုံးပါးသွားကြသော်လည်း တစ်ဦးတည်းသော မိန်းကလေးကား ယခုထိပင် အသက်ရှင်ကျန်ရစ်၏။ ထို့ကြောင့် ဖခင်ဘက်မှ မိမိတွင် အဒေါ်ရင်းတစ်ယောက်ရှိသည်ဟူလို။

ဖခင်တို့ မောင်နှမ သုံးယောက်တွင် ဖခင်က မိမိအပါအဝင် သားသမီး ငါးယောက်မွေးဖွားခဲ့ရာ မိမိတွင် အစ်ကိုလေးယောက်ရှိပြီး ညီမလေးတစ်ယောက်သာ ပါခဲ့၏။ ဖခင်၌ သမီးမိန်းကလေး တစ်ဦးသာ ထွန်းကား၏။ ဖခင်ကား သူ့မျိုးဆက် ဆိုရိုးစကားကို ထိန်းသိမ်းသူပင်။

ဖခင်၏ညီမ မိမိ၏အဒေါ်လေးကကော။ သူလည်း သားသမီး ခြောက်ယောက်မွေးဖွားခဲ့ရာ သမီးမိန်းကလေး တစ်ဦးသာ ရှားရှားပါးပါး ပါခဲ့၏။ သူသည်လည်း သူ့မျိုးဆက်ဆိုရိုးစကားကို ထိန်းသိမ်းသူပင်။

ဖခင်၏ညီ မိမိဦးလေးကကော သားယောက်ျားလေး နှစ်ယောက်မွေးပြီး ထပ်မရတော့။ သူ့ကိုလည်း မျိုးရိုးဆိုစကားကို ထိန်းသိမ်းသည်ဟု ဆိုသော်ရကောင်း၏။

အဘယ်ကြောင့်ဆိုမူ သမီးမိန်းကလေးကို တစ်ဦးထက်ပိုမို မွေးဖွားခဲ့သည်ဟု မျိုးဆက်ဆိုရိုးစကားကို ဖောက်ဖျက်ခဲ့ခြင်း မရှိသောကြောင့်ပင်။

သမီးမွေးလည်း တစ်ဦးတည်း။ မမွေးရင်လည်း အရှင်း။ တစ်

http://www.cherrythitsar.org



ဦးထက်တော့ ပိုမိုမွေးဖွားခဲ့ခြင်း မရှိသည်ကတော့ အမှန်ပင်။ ဆိုရိုးစကားမှန်သည် မမှန်သည်ကတော့ မပြောတတ်။ ဖခင်မျိုးရိုးဘက်၌ တစ်လျှောက်လုံးက သားယောကျ်ားလေးတွေ မည်မျှများများရရ သမီးမိန်းကလေးကတော့ တစ်ယောက်တည်း ထုံးကို နှလုံးမူပြီး ချီတက်ခဲ့ရာမှ . . .။

(၂)

သို့ဖြင့် မိမိတို့ လူလားမြောက်ခဲ့ကြသည်။ မိမိတို့ ညီအစ်ကိုငါးယောက်ရှိကြ၏။ လေးယောက် အိမ်ထောင်ကျသည်။

မိမိအစ်ကိုကြီးက သားသမီး သုံးယောက်ထွန်းကား၏။ သားနှစ်ယောက်၊ သမီးတစ်ယောက်တည်း။ သူကလည်း မိမိဖခင်ဘက်မှ မျိုးဆက်ဆိုရိုးကို ထိန်းသိမ်းခဲ့သူပင်။

မိမိကျတော့ကော။

ပြောချင်သည်မှာ ထိုအကြောင်းဖြစ်သည်။ နိဒါန်းချီလာရခြင်းမှာ ထိုကိစ္စကြောင့်ဖြစ်၏။ မိမိကျမှ သမီးနှစ်ယောက် သားတစ်ယောက်မွေးတော့သည်။ မိမိကား ဖခင်မျိုးဆက် ဆိုရိုးစကားကို အဦးအစ ချိုးဖျက်ခဲ့သူဖြစ်နေပါပကော။

မိမိဖခင်က ပြော၏။

"တို့မျိုးရိုးမှာ သမီးမိန်းကလေးဆို တစ်ယောက်စီပဲ မွေးခဲ့တဲ့အစဉ်အလာရှိတာ မင်းကျမှ သမီးနှစ်ယောက်မွေးသဟေ့ . . ." ဟု

http://www.cherrythitsar.org



ညြဘာပေး၏။

မတတ်နိုင်။ ဖခင်ဘက်မှ သမီးမိန်းကလေးတစ်ဦးတည်းသာ ထွန်းကားခဲ့သော အစဉ်အလာသည် မိမိကျမှ ပျက်ရတော့သည်။

မိမိမိန်းမဘက်ကမူ ထူးဆန်းသည်။ ညီအစ်မလေးယောက်ရှိ၏။ လုံးဝယောက်ျားလေးမပါ။ မိန်းမ၏မိဘကား သားယောက်ျားလေးမရ။ သမီးများသာ လေးယောက်တိတိရခဲ့သည်။

မိမိမိန်းမနှင့် မိမိပေါင်းဖော်သောအခါ သူ့မျိုးရိုး မမျိုးစေ့များက အနိုင်ယူသွားပုံရပါချိမ့်။

ထားတော့။

မိမိ၌ သားတစ်ယောက်နှင့် သမီးနှစ်ယောက်ရှိသည်ဟူလို။

(၃)

သားကအလတ်။

အစ်မနှင့် ညီမကြား ကြားညှပ်နေသည်။

သားက ယခု ခုနှစ်နှစ်ရှိပြီ။ သားလေးနှစ်သားက ကိစ္စလေးတစ်ခုပြောချင်သည်။

မိမိမိန်းမ၏ မိဘများက အသက်ကြီးလှပြီ။ ရှစ်ဆယ်နားနီးနီး။ သူတို့၌ သားယောက်ျားလေး မထွန်းကား။ ရင်တစ်ခါမှ မပြုခဲ့ရ။ မလှူခဲ့ရ။ ပြီးတော့ သမီးလေးယောက်ကလည်း အငယ်ဆုံးသမီးသာ မိမိနှင့် အိမ်ထောင်ကျသည်။ အကြီးများက အပျိုကြီးများ။ သူ့မျိုးဆက်မှာ

http://www.cherrythitsar.org



အငယ်ဆုံးသမီး၌ သာရှိသည်။ ပြီးတော့လည်း မြေးယောက်ျားလေးက တစ်ဦးတည်း။

မိမိ၏သား သူတို့၏မြေးလေးကို အဘိုးအဘွားက ချစ်ရှာ သည်။ ရှင်ပြုအလှူ မလုပ်ခဲ့ရသဖြင့် မြေးကို သင်္ကန်းစီး အလှူ လုပ်ချင်သည်။

ခက်တာက သားကငယ်လွန်းသေးသည်။ သို့သော် အဘိုး အဘွားများက အသက်ကြီးလွန်းပြီ၊ မှည့်ယွန်းစပြုချေပြီ။

မိမိမိန်းမကလည်း သူ့မိဘ သန်သန်မာမာရှိတုန်း သား ယောက်ျားလေးကို သာသနာ့အလှူ လှူချင်၏။

ဆန့်သောလက် မကွေးမီ၊ ကွေးသောလက်မဆန့်မီ၊ အချိန်ဟူ သည် အစိုးမရတတ် မဟုတ်ပါလား။

သို့ဖြင့် သားလေး လေးနှစ်သားအရွယ်၌ မိမိတို့ ရှင်ပြုအလှူ ကို လှူဖြစ်ကြတော့သည်။

(၄)

မှတ်မှတ်ရရ ဆိုရပါလျှင် ၁၉၉၇ ခုနှစ်၊ ဧပြီလ ၂၅ရက်။ မန္တလေးမြို့ မြောက်ပြင်၊ ထားဝယ်ရပ် နဂါးပရိယတ္တိစာသင်တိုက်၌ မိမိ တို့ အလှူလုပ်ရန် စီစဉ်ခဲ့ကြရတော့သည်။

မိန်းမ၏အဖေ (မိမိ၏ယောက္ခမ) ပါ ရဟန်းခံမည်ဖြစ်၏။ ထို ရောအခါ တောင်းဆိုမှုတစ်ခုက ဖြစ်ပေါ်လာခဲ့ရပြန်ချေသည် တမုံ့။

http://www.cherrythitsar.org



ယင်းမှာ မိမိကိုပါ ရဟန်းခံဖို့ တိုက်တွန်းကြခြင်းပင်။ မိမိကား တစ်မြန်နှစ်ကပင် ရဟန်းခံခဲ့ပြီးဖြစ်၏။

ပြီးတော့ မိမိက သားလေးဝေယျာဝစ္စ လုပ်ကိုင်းပေးရမှာမို့ သားရှင်ပြုနှင့် တစ်နှစ်တည်း ရဟန်းမခံချင်။

သို့သော် မိန်းမနှင့် နီးစပ်ရာ ဆွေမျိုးများက သားလေး ဝေယျာဝစ္စအတွက်ပင် မိမိကိုရဟန်းခံပါဟု တိုက်တွန်းကြောင်းဆိုလာ သောအခါ အစဦး၌ မိမိနားမရှင်း။

နောက်ကျမှ သားလေး လေးနှစ်သား ရှင်သာမဏေကို သင်္ကန်းဝတ်ကြီးနှင့် ဒီအတိုင်း ပစ်ထားရ၍မဖြစ်။ ငယ်လွန်းသည်။ သင်္ကန်း မနိုင်ဘဲ ကြုံရာကျပန်း လျှောက်လုပ်နေပါက ဇရဲကြီးမည်။ ပြီးတော့ ဘုန်းကြီးကျောင်းမှာလည်း တစ်ယောက်တည်း (တစ်ပါးတည်း) နေမည် မဟုတ်။ အော်ဟစ်ငိုနေပါကအခက်။ ညအိပ်ဖို့ကလည်း ကလေး တစ် ယောက်တည်း (တစ်ပါးတည်း) မဖြစ် ရေးချ မဖြစ်။

သားက ရှင်သာမဏေ။ မိမိက လူဝတ်ကြီးနှင့် ကလေးကို ထိန်းကျောင်းနေ၍လည်း မသင့်တော်။ လူဝတ်ကြီးနှင့် ဘုန်းကြီးကျောင်း မှာ နေ့နေ့ညည နေပါကလည်း မဖြစ်နိုင်။

ထိုအကြောင်းများကြောင့် မိန်းမနှင့် ဆွေမျိုးများက မိမိပါ ရဟန်းဝင်ခံဖို့ တိုက်တွန်းကြောင်း ပြောပြသောအခါ မိမိမှာ ငိုရမလို ရယ်ရမလို ဝမ်းသာရမလို ဝမ်းနည်းရမလို ဘာလိုလိုဖြစ်ရတော့သည်။

ငြင်းဖို့အတွက် မဖြစ်။ သား ရှင်သာမဏေအတွက် နေရေး

http://www.cherrythitsar.org



ထိုင်ရေးခက်ပေမည်။ နှစ်ရှေ့ခိုင်းဖို့ကလည်း အဘိုးအဘွားတွေက အိုမင်းနေကြပြီ။

ရှင်ပြုမင်္ဂလာက ရွှေ့မဖြစ်။

မိမိသာ ရဟန်းခံရန် အခြေအနေတောင်းဆိုလာ၏။ ကောင်းသော မင်္ဂလာပေပဲ။ သို့ဖြင့် သားနှင့်အတူ မိမိသည် နှစ်ကြိမ်မြောက် ရဟန်းခံခြင်း အမှုကို ပြုရတော့သည်တကား။

(၅)

စိတ်တုံးတုံးချ ဆုံးဖြတ်လိုက်သောအခါ ဗုဒ္ဓတရားတော်၏ အေးမြမှုက မိမိတစ်ကိုယ်လုံးကို လွှမ်းခြုံသွားတော့သည်သာ။ သို့နှင့် အမှု...

မန္တလေး မြောက်ပြင်၊ ထားဝယ်ရပ် နဂါးပရိယတ္တိစာသင်တိုက်တွင် သားလေးကို ရှင်သာမဏေအဖြစ် သွတ်သွင်းခဲ့၏။ အဘိုးနှင့် မိမိ ရဟန်းခံဖြစ်ကြသည်။

ဆံချသောအခါ သားလေး၏ ဦးပြည်းစိမ်းစိမ်းလေး ပေါ်လာ၏။ သင်္ကန်းစီးပေးသောအခါ သားလေး၏ ဖြူဝင်းသောအသားအရေ၊ နီစွန်းသော သင်္ကန်းရောင် ဦးပြည်းစိမ်းစိမ်းတို့ကား မိမိနှင့် အဘိုးအဘွားတို့၏ စိတ်တွင်းဝယ် ရှုမဝနိုင်ဖြစ်ခဲ့ရတော့သည်။

အဘိုးအဘွားများကား တစ်ခါမျှ ရှင်ပြုအလှူကို မလှူခဲ့ရဖူးသဖြင့် အလွန်တရာပင် ဝမ်းသာ ပီတိဖုံးလွှမ်းနေတော့၏။

သားလေး၏ ဦးပြည့်စိမ်းစိမ်း၊ အဘိုးဖြစ်သူ၏ ရင့်ကျက်တည်

http://www.cherrythitsar.org



ငြိမ်သောအသွင်ကို မြင်ရသောအခါ ပါရမီဖြည့် ရဟန်းဝတ်ခဲ့ရသော မိမိ၏ ရင်ဝယ်ဖော်မပြနိုင်တတ်သော ကြည်နူးချမ်းမြေ့မှုက ဖြစ်ပေါ်လာခဲ့ပါချိမ့်။

သမီးနှစ်ယောက်က နားထွင်းမင်္ဂလာ ပြုကြသည်။ ပရိသတ်ကို ဒံပေါက်ထမင်းနှင့် ညှေ့ခံကြ၏။ နဂါးပရိယတ္တိစာသင်တိုက်ကြီးက ကျယ်ဝန်းသည်။ အလှူစားတော်ဆောင်က သန့်ရှင်းသပ်ရပ်၏။ ကျောင်းထိုင်ဆရာတော်က အသက်လေးဆယ်ကျော်သာရှိသေးသည်။

ဆရာတော်ကား အနုပညာကိုလည်း တီးခေါက်မိသဖြင့် မိမိနှင့် လေပေးဖြောင့်လှသည်။

ညနေခင်းကျ ရဟန်းနှစ်ပါး သိမ်ဝင်သည်။

သိမ်ဝင်သည်မှာ တစ်နာရီကြာ၏။ သိမ်ထွက်တော့ မိန်းမနှင့်သူတပည့်များ ဆွေမျိုးမိတ်သင်္ဂဟများက လှူကြသည်။

မိမိကား သားလေး ရှင်သာမဏေကို ကြည့်လိုက်တော့ သားကား သင်္ကန်းကို ဖိုသီဖတ်သီနှင့် သူ့မိခင်နား တွယ်ကပ်နေသည်။ မိခင်ကလည်း မြင့်မြတ်သော သင်္ကန်းကို သူမကိုယ်ဝတ်များနှင့် ထိတွေ့ကုန်မည်စိုးသဖြင့် မချီရဲ၊ ရှောင်တိမ်းနေတာ တွေ့ရသည်။

သားလေး ရှင်သာမဏေကား ကျောင်းပေါ်ခေါ်မရ၊ မိခင်တို့၏ကားနှင့်သာ အိမ်ပြန်လိုက်သွားသည်။

ရဟန်းနှစ်ပါးသာ ကျောင်းတော်ပေါ်သို့ စကြ္ဂလ္လာမြေ့ကို အသာချခါ ရောက်ခဲ့ရတော့သည်။

ညချမ်းကျ ဒကာမကြီးတို့ အဖွဲ့လာကြ၏။ အအေးလာ ကပ်

http://www.cherrythitsar.org



ကြခြင်းပင်။

“ကိုရင်လေးကော” ဟု မိမိမေးတော့...။

ဒကာမကြီး အဖြေမှာ “ကိုရင်လေး လူထွက်သွားပြီ ဘုရား” တဲ့။

“ဟဲ့ ဘယ်လောက်ကြာသေးလို့တုန်း...” ဟု မိမိက ပြန်မိန့်ရာ “နာရီဝက် ဘုရား...မထွက်လို့ မဖြစ်တော့ဘူး... အိမ်မှာ သင်္ကန်းကြီးနဲ့ ဟိုဝင်ဒီဝင်ဆော့နေတာ...” ဟု ဒကာမကြီးက ပြုံးပြုံးရယ်ရယ်ဖြေ၏။

“တကယ်၊ ဟင်...ဒါဆို ဘုန်းကြီးက အဖတ်တင် အဲ... ဟို အင်း...”

မိမိက ယောင်ယမ်းထွက်သွားသော နှုတ်ကို အမြန်ပြန်ပိတ်ရ၏။ ရဟန်းကြီးက လှမ်းကြည့်လိုက်သောကြောင့် ဖြစ်သည်။

(၆)

အစတုန်းကတော့ သား ရှင်သာမဏေနေရန် မိမိပါ ရဟန်းဝတ်ခဲ့သည်။ သားက နာရီဝက်မျှသာ သင်္ကန်းစီးပြီး ပြန်ထွက်သွားသောအခါ မိမိမှာသာ စိတ်တုံးတုံးချပြီး ဒုလ္လဘရဟန်း သုံးရက်တိတိ ဝတ်ခဲ့ရကြောင်းပါ။

[သောကြာမဂ္ဂဇင်း၊ ၂၀၀၀ပြည့်၊ ဇူလိုင်လ]

http://www.cherrythitsar.org



# တစ်ခုသောသင်္ကြန်မှာ

(၁)

နှစ်စဉ်သင်္ကြန်ရက်ရောက်တိုင်း တစ်ခုသော သင်္ကြန်ခါက အဖြစ်အပျက်လေးတစ်ခုကို အမြဲ သတိရစေသည်။

သို့နှင့်အမျှ...

ရက်တို့သည် ကြာခဲ့ပြီဖြစ်သော်လည်း သင်္ကြန်ပေါင်းများစွာ ဖြတ်သန်းခဲ့ပြီ ဖြစ်သော်လည်း ယင်းအဖြစ်အပျက်က ထမင်းလုံးတစ္ဆေ ပမာ မိမိကို ခြောက်လှန့်ဆဲ။

အစွဲအလန်းသည် အစွဲအလန်းသာဖြစ်၏။ တကယ်တမ်း ဖျောက်ဖျက်ပစ်ဖို့ကျ မလွယ်လှပါချေ။

http://www.cherrythitsar.org



(၂)

သင်္ကြန်ချစ်သူများက သင်္ကြန်ကို မျှော်ကြသည်။ သင်္ကြန်ရောက်လျှင် ကဲကြသည်။ သောက်တတ်သူတို့က သောက်ပြီးကဲကြသည်။ အရက်သောက်လေ့မရှိသူတို့ကလည်း သင်္ကြန်ရောက်ပြီဆို လျှင် အရက်သောက်ကြသည်။ အရက် နေ့စဉ်ကြိုက်သူတို့အဖို့မူ ဆိုဖွယ်ရာမရှိတော့။

သင်္ကြန်ရေကို အရက်ရောကြသည်။ အချမ်းခံရန်ဟုအကြောင်းပြကြသည်။ မူးမူးရူး၍ကောင်းသည်။ သောက်မှ ပေါက်၍ ကောင်းသည်။ အရက်ရှိန်ရမှ က၍ကောင်းသည်ဟု စောဒကလည်း တက်ကြသေး၏။

သင်္ကြန်ကို မိမိလည်းချစ်သည်။ သင်္ကြန်သည် မိမိတို့မြန်မာ့ ရိုးရာ လုပသောရက်များသာ။ သင်္ကြန်ကို ချစ်သော်လည်း မိမိက ရေကြောက်သည်။ တစ်နေ့လုံး ရေစိုတိစိုရွှဲနှင့် နေရသည်ကို မိမိ မနှစ်သက်။

မိမိက အချမ်းကြောက်သည်။ အချမ်းပျောက်ဖို့ ယမကာ သောက်ရန်လည်း မိမိအစာအိမ်က အယ်လ်ကိုဟောကို လက်မခံ။

ပြီးတော့ မိမိကမူးလျှင် သွေးဆူတတ်သူမျိုးမဟုတ်။ ကရခုန်ရအော်ဟစ်ရမှာ မိမိက ရှက်တတ်သည်။ မူးလျှင်လည်း မသွက်လှ။ သောက်ဖူးခဲ့စဉ်ကလည်း မူးတာကတခြား၊ ကဖို့ပျော်ဖို့က ရှက်တာကတခြား။ ထိုနှစ်ခုရောစပ်မရသဖြင့် မိမိမှာ မူးသော်လည်း ကြက်ကြီး လည်လိမ်ထားသလို ငေါးစင်းစင်း ပေခံနေရတတ်သည်။

http://www.cherrythitsar.org



မှူးသော်လည်း မပျော်တတ်။ မအော်တတ်။ ထို့ကြောင့် မိမိ အရက်လည်း မသောက်ဖြစ်။ သင်္ကြန်လည်း မလည်ဖြစ်သည်မှာ နှစ်စဉ်လိုလိုပင်။

သင်္ကြန်မှာ အိမ်တွင်းအောင်းပြီး အလုပ်စားပွဲနှင့် မျက်နှာအပ်ရသည်က နှစ်စဉ်လိုလို။

သို့ပေမယ့် တစ်ခါတုန်းကတော့ သင်္ကြန်ကို မိမိကားနှင့် ထွက်လည်ဖူးခဲ့သည်။ တစ်ခါဆို ဆိုသလောက် မှတ်လောက်အောင် အဖြစ်မျိုး ကြုံခဲ့ရဖူးပါချိမ့်။

(၃)

(၁၃၅၆)ခုနှစ် သင်္ကြန်။

မိမိကား ခါတိုင်းနှစ်များလိုပင် အိမ်တွင်းအောင်း၏။

သို့သော် ယခုနှစ်ကား အောင်းမရသော အဖြစ်မျိုးနှင့် ကြုံရသည်။ ထိုစဉ်က မိမိထံတွင် ပတ်ဘာလစ်ကာ ကားတစ်စီးရှိ၏။

ထိုနှစ်က ဆရာမ မသူဇာက သင်္ကြန်လည်ချင်၍ အကူအညီတောင်းသောအခါ . . .

ဆရာမ မသူဇာက မိမိတို့ မိသားစုအပေါ် ကျေးဇူးရှိခဲ့ဖူးသည်။ ဘယ်လိုမှ ငြင်းမကောင်း။

ထို့ကြောင့် ထိုနှစ်က သင်္ကြန်အကျနေ့တွင် မိမိသင်္ကြန်ကား ထွက်ဖြစ်သည်။ နေ့တစ်ဝက်တည်းဟု ပြော၍သာ တော်ရေ့သည်။

http://www.cherrythitsar.org



သကြံ့န်အကျနေ့ကျ ပတ်ဘလစ်ကာ ကားကလေးကို အမိုး ကိုင်းဖြုတ်ချ၍ အသင့်စောင့်နေလိုက်သည်။

မနက်(၇)နာရီကျတော့ လာပါပြီ လူတွေ။ မိမိက ကားလေး ကို အိမ်ရှေ့ထုတ်ရပ်ထားလိုက်သည်။ ဆရာမလာရင် အဆင်သင့်ဖြစ် အောင်။ သို့သော် စစချင်း လာသူတွေက ဆရာမ မဟုတ်။ လမ်းထဲက မိန်းကလေးတွေ။

နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ကားပေါ်တက်ထိုင် ကြ၏။ အပျိုတွေလည်း ပါသည်။ အအိုတွေလည်းပါ၏။ ပျိုပျိုအိုအို အဝတ်အစားကတော့ အပျံစား။ သကြံ့န်ဖက်ရှင် ကြောင်ကြောင်ကြား ကြားတွေနှင့်

(၇)နာရီကျော်ကျော်မှ ဆရာမ ပေါက်ချလာသည်။ ဆရာမကို ရုတ်တရက် မမှတ်မိ။ ဆရာမက အသက်လေးဆယ်ကျော်ရှိပြီ။ သို့ သော် ဂျင်းဘောင်းဘီနှင့် တီရှပ်နှင့် ဂျင်းဂျက်ကက်နှင့် မျက်နှာကလည်း ရောင်စုံခြယ်သထားသည်။ သြော် သကြံ့န်ဖက်ရှင်ပေကိုး။ ဆရာမက ထိုအခါမှ သတင်းပေးသည်။

"အရပ်ထဲက ကလေးမတွေနဲ့ ကျွန်မတပည့်တွေကလည်း လိုက်ချင်တယ်ဆိုတာနဲ့ အားနာတာနဲ့ လိုက်ခိုင်းလိုက်တယ်ရှင်"

"ရပါတယ် ဆရာမရယ်"

မိမိလည်း နှမ်းချိချိ တုန့်ပြန်မိ၏။ မရလို့ကလည်း မဖြစ်တော့။ ကားပေါ်တွင် လူကထပ်တက်၍ မရလောက်အောင်ပင် ပြည့်ကြပ်နေ

http://www.cherrythitsar.org



ချေပြီကော။ ကားပေါ်မှ မိန်းကလေးများက လမ်းထဲမှ မိမိနှင့်သိသူများ လည်းပါသည်။ မျက်နှာစိမ်း မိန်းကလေးများလည်း ပါ၏။

ဘော်ဒီကား မြေနှင့်တစ်ထွာမျှပင် မဝေးတော့။

မိမိလည်း ကားအောက်ကို ငုံ့ကြည့်၏။

လေးကား ပြောင်းပြန်လန်နေသည်။ ဗုဒ္ဓေါ။ ဒီပုံစံနှင့် ဖြစ်ပါ့ မလား။

"လေးတောင် စန့်နေပြီဟ၊ ဝိတ်သိပ်များနေတယ် ဖြစ်ပါ့ မလား၊ ဟို...နည်းနည်း...နည်းနည်း ပြန်ဆင်းလို့မရဘူးလား"

"အို...သင်္ကြန်လည်ချင်လို့ လိုက်ပါတယ်ဆိုတာ ဘယ်သူက ပြန်ဆင်းချင်မှာတုန်း..."

"ဟုတ်ပ...ကျွန်မတို့တော့ မဆင်း"

"ကွယ်...ကားပဲ၊ သံထည်တွေနဲ့ လုပ်ထားတဲ့ဥစ္စာ၊ လူထက် တော့ ခံနိုင်ပါတယ်...ဖြည်းဖြည်းမောင်းပေါ့"

"ဟုတ်တယ်...သင်္ကြန်တွင်းပဲ...မြန်မြန်မောင်းလို့မှ မရ တာဘဲ"

မိန်းကလေးတွေပုံစံက ကုတ်နှင့် ကော်ချတာတောင် ဆင်းမည့် ဟန်မရှိ။ ထို့ကြောင့် မိမိလည်း ဖြစ်ချင်ရာဖြစ် သဘောထား၍ ကား စတီယာရင်နောက်တွင် ဝင်ထိုင်လိုက်သည်။

ဘီးကို ဖြည်းညင်းစွာ စတင်လိမ့်၏။ မဆိုးသေး။ မဏ္ဍပ်များ တစ်ခုပြီး တစ်ခုဝင်သည်။ မဏ္ဍပ်များက ရေထိုးသည့်အခါ ရေများက

http://www.cherrythitsar.org



ကားမှန်ပေါ် ဝေါခနဲ ဝေါခနဲ ထိုးကျသည်။ ဝိုက်ဘာမနိုင်။ မိမိမှာ ကားကို သတိထားပြီး မောင်းရ၏။ ကားက ဝိတ်အဆမတန်များသဖြင့် ယိမ်းနွဲ့ပါးဖြစ်နေသည်။

မိန်းကလေးချည်းမို့ မဏ္ဍပ်တိုင်းတွင် ရေသဲသဲမဲမဲ ပက်ခံရ၏။ ယောက်ျားလေးဆို၍ မောင်းသူ မိမိတစ်ယောက်တည်း။ ဂွတ္တာလစ်ရောက်သည်။ ကမ္ဘာအေးရောက်၏။ တာမွေလည်းရောက်သည်။ မိမိမှာ နောက်မှ ရေပက်ခံမမများ၏ ညွှန်ကြားချက်အတိုင်း မောင်းနေသည်။

တစ်ချီတော့ ဆူးလေအဝိုင်းရောက်လာသည်။

ပြီးရော။ ဆူးလေအဝိုင်း၌ ကားက တင်းကြမ်းခံနေသည်။ မြို့တော်ဝန်မဏ္ဍပ်၌ ရေပက်ခံကား ကြည့်သူ၊ အကကြည့်သူများဖြင့် ကားများသည် သိပ်မရွေ့ချင်ကြတော့။

ဆူးလေအဝိုင်းပတ်တွင် ကားများသည် ယာဉ်လိုင်းသတ်သတ်မှတ်မှတ် မရှိတော့။ အတည့်ကား၊ ရွေ့စောင်းကား၊ ကန့်လန့်ကား၊ စက်ပျက်ကား စသဖြင့် စုံတကာစေ့နေတော့၏။ တစ်ဖွဲ့က (စ)လုံးနံပါတ် အိုပယ်လ်လို စက်ပျက်ကားကို သကြန်စတန့်ထွင်ကာ ရေပက်ခံသူများလည်း ရှိ၏။ စက်ကမမောင်း။ လူတွေကသာ တွန်းတွန်းရွှေ့နေကြသောစနစ် ဖြစ်၏။

ဆူးလေအဝိုင်းပတ်တွင် မိမိကား ဇောချွေးပြန်နေသည်။ ရေစိုရက်တန်းလန်းနှင့် စတီယာရင်ကိုင်ထားသောလက်သည် ချွေးစေးတို့ပြန်နေ၏။ ကားကို တစ်ထွာလောက် ရွှေ့ရဖို့အရေး ငါးမိနစ်ဆယ်မိနစ်

http://www.cherrythitsar.org



စောင့်ရသည်။ သိပ်လည်း မတိုးရဲ။ ရှေ့ကားနှင့်တိုးမိမှာ ဘေးကားနှင့် ချိတ်မိမှာ ပူပန်ရ၏။

ဆူးလေအဝိုင်းကို တစ်နာရီ ကျော်ကြာအောင် ပတ်ရသော အခါမှာ ထိုတစ်ကြိမ်သာ ကြုံရဖူး၏။

ရေပက်ခံမမများကား မိမိ၏ ဒုက္ခကို မသိကြ။ ကားပေါ်မှာ အော်လိုက်ကြ ယော်လိုက်ကြ မော်လိုက်ကြ။ မိမိတို့ကား,ကား မိန်းကလေး ကားမို့ အခြားကားများနှင့် ဘေးချင်းကပ် အော်ဟစ်နောက်ပြောင်မှုကို အခံရဆုံး ဖြစ်၏။

ဆရာမက ကားခေါင်းခန်းက မစီး။ ခေါင်းခန်းတွင် လမ်းထဲ မှ အဝစံချိန်တင်သူ မမကြီးကို ထည့်ထားပြီး သူမက ကားနောက်ခန်း ဘေးဘောင်ပေါ်တွင် တင်ပလွဲထိုင်ပြီးလိုက်၏။

ဘေးကားများက ကောင်လေးများက မိမိကားပေါ်မှ မိန်းက လေးများကို စကြသည်။ သင်္ကြန်တွင်းမို့ ရေပက်ခံကားများက အော်ဟစ် စကြရာ မိမိမှာ မိမိတို့ကားမှ မိန်းကလေးများက ပက်ခနဲပြန်ပြောလိုက် မှာ ကားမောင်းရင်း အလွန်စိုးရိမ်နေရ၏။

မခံချင်အောင် စကြသဖြင့် မခံနိုင်ပါက ပြန်လှန်ပြောရင်း ရန် ဖြစ်ကြသော် သင်းတို့က ကားကို စွန့်ခွာပြေးကြပေမည်။ ကားရှင် မိမိ မှာသာ ပြေးလည်း မပြေးရက်။ နေလည်း မနေရဲနှင့် ကားပျက်စီး လူ အန္တရာယ်ဖြစ်ကိန်းပါပေ။

တော်သေး၏။ မိမိကားပေါ်မှ မိန်းကလေးများကား ခေါင်းငုံ့

http://www.cherrythitsar.org



ခံကြသည်။ ပြန်လှန်မပြော။ သကြိန်တွင်းကား တစ်နှစ်တာအတွင်း တွင်ကျယ်စွာ စနောက်ခွင့်ရကြသော လိုင်စင်ရက်ကြီးများပါပေ။

ကမ်းနားလမ်းဘက်ရောက်တော့ ကားတန်းကြီးတွင် ဝင်တန်းစီရင်း နောက်ဘက်မဏ္ဍပ်တစ်ခုတွင် ရုပ်ရှင်သရုပ်ဆောင် ရဲအောင် သီချင်းဖြင့် ဖျော်ဖြေနေချေရာ···

"ဟယ်···ကိုရဲတော့··· ကိုရဲ ကိုရဲ···"

"ကားဆရာကြီး ပြန်လှည့်ပေးပါ··· ပြန်လှည့်ပေးပါ"

"ကိုရဲ ကြည့်ချင်လို့"

ကားနောက်ခန်းမှ လက်ပံပင် ဆက်ရက်ကျသလို စီစီညံညံ အသံထွက်ပေါ်လာရာ မိမိလည်း ကားစတီယာရင်ကို ယောင်နနဖြင့် ဆွဲလှည့်လိုက်ရာ···

"ဂျိန်း···"

ကားချင်းတိုက်မိခြင်း မဟုတ်။

ဝိတ်က မတန်တဆ တင်ထားပြီး ပုံမှန်ရွေ့မောင်းနေရာက ရုတ်တရက် စတီယာရင်ခေါက်လိုက်သဖြင့် ကားအလိုင်းမင်း အောက်သွားခါ အရှေ့မှ ကျိုးကျသည်။

မိမိလည်း ကမန်းကတန်းပင် ကားအောက်ဆင်းကြည့်ရာ ညာဘော်ဒီရှေ့ပိုင်းသည် ကတ္တရာလမ်းနှင့် မိတ်ဆက်ရ၏။

ကားပေါ်မှ မမများ "အမေရေ" "အစ်မရေ"အော်ဟစ်သံများ ဆူညံသွားပြီး မိန်းမများကား ကားပေါ်မှ ဆင်းသူဆင်းကြည့်ကြ၏။

http://www.cherrythitsar.org



အချို့ကား ကားပေါ်တွင် ကြောင်စီစီဖြင့် ဆက်ထိုင်နေကြဆဲ။ လူများ ဝိုင်းလာပြီး ဝေဖန်ကြ၏။

ကားပေါ်မှ ထိုင်နေသူ မမများလည်း လူအုပ်အလယ်တွင် မျောက်ပွဲအလား ဝိုင်းအကြည့်ခံနေရသဖြင့် အလျှိုလျှိုဆင်းကြ၏။

ထို့နောက် အလျှိုလျှိုပျောက်သွားကြသည်မှာ သိပ်မကြာလှသော အချိန်တွင် ဟန်ချက်ပျက်နေသော ခြေတစ်ပေါင်ကျိုးကားနှင့် မိမိသာ ငေါင်းစင်းစင်း ကျန်ရစ်ရှာသည်။

သကြင်္န်ရက်မို့ ကားဝပ်ရှော့တွေကလည်း မရှိပြီ။

မိမိသည် တဖြည်းဖြည်းနှင့် ရှည်လျားလာသော တိုက်တာ အရိပ်တွေအောက်ဝယ် ပူလောင်သော ရင်ပြင်နှင့် သကြင်္န်ရေကလည်း မအေးမြနိုင်တော့ပြီတကား။

(၄)

မှတ်မိသေးတော့ တစ်ခါတုန်းက သကြင်္န်····· ။

[သောကြာမဂ္ဂဇင်း၊ ၂၀၀၀ပြည့်နှစ်၊ မေလ]

http://www.cherrythitsar.org



# တစ်ခုသော ဆောင်းတစ်ညပုံပြင်

(၁)

အစကတော့ ညနေခင်း စားသောက်ဆိုင် တစ်ဆိုင်တွင် စားကြ သောက်ကြရုံသာဖြစ်၏။

မိမိတို့အလုပ်က စားပွဲနှင့် မျက်နှာအပ်နေရသည့် အလုပ်။ အချိန်မီအောင် တက်သုတ်ရိုက် ဆောင်ရွက်ကြရသော အလုပ်၊ အချိန်မှန် အလုပ်မို့ ရုံးချိန်အတိုင်း မိမိတို့ ရုံးခန်းသို့ ရောက်ရသည်။ လူကိုယ်စီပင် အိမ်မှထမင်းချိုင့်ကိုယ်စီ ယူခဲ့ကြရ၏။

ဟင်းပေါင်းစုံကို စားရခြင်းကိုက အရသာ၊ ကျေနပ်မှု တစ်မျိုးပင်။ မွန်းကြပ်သော အလုပ်ချိန်များမှ အနားရရာ ညနေခင်းများတွင် မိမိတို့ အပန်းဖြေ ဂေဟာများသို့ ရောက်တတ်၏။

ကန်တော်ကြီး ရေပြင်ထဲ ဆင်းဆောက်ထားသော စားသောက်

ဆိုင်တစ်ဆိုင်တွင် မိမိတို့ ညနေခင်းထိုင်ဖြစ်ကြသည်။

မိမိအပါအဝင် ကာတွန်း ဆရာနှစ်ဦး၊ တာဝန်ခံအယ်ဒီတာ တစ်ဦး၊ ဒီဇိုင်းဆရာတစ်ဦး၊ ထုတ်ဝေသူ နှစ်ဦးနှင့် ပုံနှိပ်လုပ်ငန်းရှင် တစ်ဦး ပေါင်း (၇)ဦး ဖြစ်၏။

သောက်တတ်သူ တစ်ဝက်က ဘီယာသောက်သောက်ကြပြီး တစ်ဝက်ကတော့ အချိုရည်သောက်ကြ၏။

(၂)

စင်မြင့်ပေါ်မှ အဆိုတော်များ၏ သီချင်း အစီအစဉ်စသောအခါ ဆိုင်က ပိုစည်လာသည်။ ခေတ်ပေါ် သီချင်းများနှင့် ရောင်စုံခြယ်သ ထားသော မိန်းကလေးများမှာ ခန္ဓာကိုယ်ကို လှုပ်ခါ နွဲ့ခါဖြင့် စည်းချက် ကျကျ ဟစ်ကြွေးနေကြသည်။

ပန်းကုံးစွပ်သူ၊ လက်ခုပ်သံ၊ ဆောင်းဘောက်များမှ ဂီတသံစဉ် များ။ ပုလင်းသံ၊ ခွက်သံ၊ စကားပြောသံတို့ဖြင့် ညချမ်းသည် အရှိန်မြင့် လာလေ ဆူညံလာလေ။

"စားကြ သောက်ကြပါခင်ဗျ"

ဒကာခံသူက တိုက်တွန်း၏။ သူဘယ်လို တိုက်တွန်း မိမိတို့ ကတော့ မတတ်နိုင်ကြတော့။ စားထားတာကလည်း ဗိုက်တင်းနေချေ ပြီ။ သောက်ထားကြသူများကလည်း ရီဝေနေကြချေပြီ။

"ဒါဖြင့်ရင် နေရာပြောင်းကြရအောင် ကလပ်သွားကြမယ်. .

http://www.cherrythitsar.org



• ဘယ့်နှယ်လဲ . . .”

ကလပ်ဆိုသဖြင့် မိမိတို့ စိတ်ဝင်စားသွားရသည်။ ကလပ်သို့ မိမိတို့ တစ်ခါမျှ မရောက်ဘူး။ ရောက်စရာကလည်း အကြောင်းမရှိ။ ယင်း ကလပ်ဟူသည် မိမိတို့နှင့် အပ်စပ်မှုမရှိ။

မိမိတို့ တစ်ခါတစ်ရံ အပန်းဖြေပုံက ညနေခင်း စည်ဘီယာဆိုင်တွင် ထိုင်ခါ ဘီယာသောက်သူက ဘီယာလေး မော့လိုက်၊ အချို ရည်သောက်ပြီး အစားမြုံ့ရုံလောက်သာ။

ကလပ်ဆိုသည်ကို မိမိတို့ စူးစမ်းလေ့လာချင်စိတ်ဖြင့် နေရာဆက်ပြောင်းဖြစ်ခဲ့သည်။

ကန်တော်ကြီးစောင်းမှ ကားကိုယ်စီဖြင့် ချီတက်ခဲ့ကြသည်။ ကန်တော်ကြီး၏ ညှင်းသက်နွေးထွေးသော ပြည်လမ်းမပေါ်မှ လေပူနွေးနွေး၏ ထွေးပွေ့ကျီစယ်မှုကို ခံယူခဲ့ကြသည်။

ပြည်လမ်းမသည် အမှောင်လွှမ်းလာသဖြင့် ကားအသွားအလာ ရှင်းနေချေပြီ။

ပြည်လမ်းမမှ မာကျူရီမီးတို့ဖြင့် ထိန်လင်းနေသော အဆောက်အဦးကြီးတစ်ခုထဲသို့ မိမိတို့ ဝင်ခဲ့ကြသည်။

အပေါ်ထပ်တက်ခဲ့ကြ၏။ ကျောက်လှေခါးအဆုံးတွင် စားပွဲလေးတစ်လုံးကို တွေ့ရသည်။

လက်မှတ်ဝယ်ရသည်။ အဝေးမှလာသော ဂီတသံစဉ်များကို သဲ့သဲ့ကြားရ၏။ စားပွဲရှေ့မှ တံခါးချပ်ကို ဖွင့်ပေးလိုက်ပြီး မိမိတို့ ဝင်

http://www.cherrythitsar.org



လိုက်ကြတော့ မျက်လုံးများ ပြာသွားသည်။ မှောင်နေ၏။ အလင်းထဲမှ အမှောင်ထဲသို့ ရုတ်တရက် ဝင်လိုက်သဖြင့် မျက်လုံးတို့က ကျင့်သားမရ။

ဆူညံပေါက်ကွဲနေသော ဂီတသံတို့ကြောင့် ရုတ်ချည်း ကမ္ဘာသစ်တစ်ခုသို့ ရောက်သွားသလို ထင်ရသည်။ စောစောက အဝေးက သဲ့သဲ့သာကြားနေရသည်ထင်သော ဂီတသံသည် အလုံပိတ်ထားသော ဤအခန်းထဲမှပါတကား။

တဖြည်းဖြည်း မျက်လုံးများ ကျင့်သားရလာသောအခါ အလင်းရောင်ပျပျအောက်ဝယ် ကမ္ဘာသစ်လေးတစ်ခုကို တွေ့ရ၏။

သိပ်မကျယ်လှသော အခန်းကလေးထဲတွင် ကခုန်နေကြခြင်းပင်။ အကက အနောက်တိုင်းအက။ ယင်းအကကို မိမိ ရုပ်ရှင်ဗီဒီယို တွေထဲမှာသာ မြင်ဖူးသည်။ ခုမှ နဖူးတွေ့ ဒူးတွေ့!

ကခုန်ခန်း၏ နောက်ဘက်တွင် နားနေခန်း။ မိမိတို့လည်း ကနေသူများကြားမှ တိုးဝှေ့ဖြတ်သန်းခဲ့ကြ၍ နားနေခန်းသို့ လာခဲ့ကြ၏။

ထိုင်ခုံ အလွတ်များတွင် ထိုင်ကြသည်။ မှိန်ပျပျ အလင်းရောင်အောက်ဝယ် မိမိတို့အဖွဲ့က ရယ်စရာဖြစ်နေသည်။ အကြောင်းမှု ယင်းအခန်းကလေး၏ မှိန်ပျပျ အလင်းရောင်က မည်သည့်ဓာတ်ပါသည်မသိ။ အဖြူရောင်ကို အနုမြူမီးစုန်းရောင်တွေ ထွက်စေသည်။ အနီးစပ်ဆုံး ပြောရလျှင် ရုပ်ရှင်ဗီဒီယို ကားတွေထဲမှာ ကြည့်ရဖူးသည့် ဂြိုဟ်သားဝတ်စုံများနှယ်။

http://www.cherrythitsar.org



လာနေကျ လူများကား အဖြူရောင်ဝတ်လာသူ အလွန်နည်းပုံရ၏။ သူတို့က မီးစုန်းရောင် မတောက်ပ။ မိမိတို့ တစ်တွေသာ အင်္ကျီဖြူ ဆင်တူ၊ အဖြူများသော အစင်းကျား ဝတ်သူတို့ဖြစ်နေကြရာ မိမိတို့သာ ထိုအခန်းကလေးထဲဝယ် အလွန်တရာ လင်းလက်တောက်ပနေကြ၏။

တစ်ယောက်နှင့် တစ်ယောက် မျက်နှာကို မှန်ဝါးဝါးသာ မြင်ရသော်ငြား၊ အင်္ကျီဖြူ ဝတ်ထားသည့် ခန္ဓာကိုယ်ကြီးက မီးစုန်းဓာတ်ဖြင့် ထင်းထင်းကြီး တောက်ပနေ၏။ ကောင်မလေးများကား အချို့က ထိုင်နေကြသည်။ အချို့က လမ်းသလားနေ၏။ အချို့က ဒွိယံ ဒွိယံ ကခုန်လျက်။

ကလပ်လာသူများကား အသက်လေးဆယ်ကျော်များသာ များနေကြောင်း တွေ့ရသည်။ စီးပွားရေးသမားများ ဖြစ်ကြပေမည်။ တစ်နေ့တာလုံး စီးပွားရေးဖြင့် မွန်းကြပ်နေရာမှ ညချမ်းများတွင် လာရောက်အပမ်းဖြေကြခြင်း ဖြစ်ပေမည်။

မိမိတို့ကား အချိုရည်သောက်ရင်း အခြားသူများကိုသာ ကျီးကြည့် ကြောင်ကြည့် ကြည့်နေမိ၏။ စားပွဲတွင် လာထိုင်သော မိန်းကလေးများကိုလည်း ဟုတ္တိပတ္တိ စကားမပြောတတ်ကြသဖြင့် သင်းတို့က မိမိတို့အဖွဲ့ကို စိတ်မဝင်စားကြ။ ခဏပဲထိုင်ပြီး ထသွားကြသည်။ တကယ်ပဲ မိမိတို့အဖွဲ့က မိန်းကလေးများနှင့် စကားပြောရာကျ အဖြစ်မရှိကြ။ မိမိတို့က စကားပြောပုံ လူကြီးဆန်နေသည်။ ရယ်ရွှန်း ဖတ်ရွှန်း

http://www.cherrythitsar.org



ပေါက်ကရ ရယ်စရာပဟာသတွေ ပြောမှ မိန်းကလေးများက သဘော ကျသည်။

မိမိတို့အဖွဲ့မှ အတန်ငယ် ရဲရင့်သူတချို့ကတော့ ထိုင်ရာမှ ထ ပြီး ကခုန်ခန်းသို့ ထွက်သွားကြ၏။ အတန်ကြာတော့ ကိုယ့်လူတွေ တော့ မိန်းကလေးတစ်ယောက်ယောက်နှင့် တွဲပြီး ဒွိယံ ဒွိယံ ကခုန် နေပြီဟု မိမိတို့က အထင်ကြီးနေသည်။ ပြန်လာလို့ မေးကြည့်လိုက် တော့ ဘေးကထိုင်ကြည့်နေတာတဲ့။ အာဂလူတွေ။ အခြားသူများကား သွားကဲလိုက် ပြန်လာလိုက်၊ မိန်းကလေးများနှင့် ရယ်ရယ်မောမော စကားပြောလိုက်၊ အချိုရည် သောက်လိုက်ဖြင့် အံဝင်ခွင်ကျဖြစ်နေကြ ၏။

မိမိတို့အဖွဲ့မှာသာ ခြောက်ကပ်ကပ်ဖြင့် ကိုယ့်အချင်းချင်း စကားစမြည် ပြောဆိုနေကြခါ အချိန်တို့ ကုန်လွန်ခဲ့၏။

၁၂ နာရီကျ ကလပ်ပိတ်ကာနီးပြီ။ အားလုံး လူစုံတက်စုံ ကခုန်ခန်းတွင် ဝင်နွှဲကြ၏။ မိမိတို့ အဖွဲ့လည်း ကခုန်ခန်းထဲရောက် သွားကြသည်။ ယနေ့ညအဖို့ ယင်းစုပေါင်းအကကား နောက်ဆုံးပင်။

လေးဆယ်ကျော် ဘူတာကြီးများကား လူပျိုလေးများပမာ လက်မြှောက်ခြေမြှောက် စိတ်လွတ် လက်လွတ်ကကြ၏။ လက်တွေ ခေါင်းတွေ မြှောက်ပြီး ကိုယ်တစ်ပတ်ပင် လှည့်လိုက်ပါသေး။

အတွဲညီညီ ကခုန်နေကြ၏။ ဂီတသံများကား ရင်ကွဲထွက် မတတ် ပေါက်ကွဲ ဆူညံမြည်ဟီးနေ၏။

http://www.cherrythitsar.org



မိမိတို့အဖွဲ့ကား ထိုင်ကြည့်အဖွဲ့သာ ပါဝင်၏။ ထိုင်ကြည့်အဖွဲ့ လက်နှစ်ဖက်စာသာ ရေတွက်၍ရမည့် အထဲတွင် မိမိတို့လူကုန် ခုနစ်ယောက်ပါနေ၏။

တစ်ယောက်မှ မကရဲ။ တစ်ယောက်မှ မတွဲရဲ။ ပြူးကျယ်သော မျက်လုံး၊ ပြုံးဖြဲဖြဲ ပါးစပ်များဖြင့်သာ ကနေသူများကို ကြည့်နေမိကြ၏။

မိမိတို့နှင့် လက်တစ်ကမ်းအကွာလောက်မှာ သူတို့ကနေကြပါသည်။ ကပွဲလာသူ အားလုံးကား ပျော်နေကြ၏။ မိမိတို့ကား အပျော်မျက်နှာဖုံးများ တပ်ထားကြခါ တငုတ်တုတ်တုတ် ထိုင်နေရင်းဖြင့် မလှုပ်မယှက်။

ည ပြန်ကြတော့ (၁)နာရီဝန်းကျင်ရှိနေပြီ။ ကလပ်ရှေ့မှာပင် မိမိတို့ကားသုံးစင်း လမ်းခွဲကြပေမည်။ နေထိုင်ရာ နယ်မြေချင်း မတူကြ။

တစ်ယောက်က ခုနစ်မိုင်ပြန်မည်။ တစ်ယောက်က ရှစ်မိုင်။ တစ်ယောက်က မြောက်ဥက္ကလာ။ မိမိက တောင်ဥက္ကလာ။

ကားပေါ်မှ ထမင်းချိုင့်များကို ကိုယ်စီယူပြီး ကိုယ့်အိမ်နှင့် နီးစပ်ရာ ကားပေါ်ပြောင်းတင်ကြ၏။

ကလပ်ရှေ့တွင် ထမင်းချိုင့်ကိုယ်စီဖြင့် ကလပ်လာကြသော မိမိတို့ကို ကားစောင့် ဝန်ထမ်းက အထူးအဆန်းသဖွယ် ကြည့်နေ၏။ မတတ်နိုင်။ မရည်ရွယ်ဘဲ ရောက်သကိုး။

ထိုဝန်ထမ်း၏ ဤကလပ်စောင့် သက်တမ်းတစ်လျှောက်တွင်

http://www.cherrythitsar.org



ဤကဲ့သို့ အလုပ်သွား ထမင်းချိုင့်ကိုယ်စီဖြင့် ကလပ်လာသူ အမျိုးသားများကို တွေ့ဖူးဟန်မတူ။

ရပ်ကွက်လေးထဲ မိမိတို့ မော်တော်ကား ဝင်လာတော့ ရပ်ကွက်လေးက တိတ်ဆိတ်စွာ အိပ်မောကျနေချေပြီ။ လမ်းသွယ်တစ်ခုရှေ့ကျ ရပ်၏။

သူငယ်ချင်း ကာတွန်းဆရာက ထမင်းချိုင့်ဆွဲပြီး အမှောင်ထုထဲသို့ တိုးလျှိုးဝင်ရောက်သွားသည်။ သိပ်မကြာခင် ခွေးတို့၏ စူးစူးဝါးဝါး ထိုးဟောင်သံကြားရ၏။ သူငယ်ချင်း၏ "ဟဲ့ခွေး ဟဲ့ခွေး" ဟု မောင်းသံကြားရသည်။

မိမိတို့ကား စိတ်ပူရမည့်အစား တဟားဟားအော်ရယ်မိကြတော့သည်။ မဆင်းကြတော့။ သူ့အရပ်နှင့် သူ့ခွေး အဆင်ပြေပါချိမ့်မည်။

ကလပ်တက်ပြီး ညဉ့်နက်သန်းကောင်အချိန် ထမင်းချိုင့်လေးဆွဲပြီး ပြန်လာသော လူဟူ၍ မိမိတို့ အဖွဲ့သာရှိချိမ့်မည်ဟု ပြောပြီး မိမိတို့ ဟားကြရသည်။ စောစောက လွတ်လွတ်လပ်လပ် မရယ်မောခဲ့ကြရသမျှ ယခုကျမှ မိုးပြိုမခန်း ရယ်မောမိကြတော့သည် တကား။

(၃)

တစ်ခုသော ဆောင်းတစ်ညတွင် ထိုနေရာသို့ မိမိတို့ ရောက်သွားခဲ့ကြဖူးသည်။ သို့သော် ထိုနေရာကား မိမိတို့လို စိတ်လွတ် ကိုယ်လွတ် မပျော်တတ်ကြသူများနှင့် မအပ်စပ်ချေ။ နောက်တစ်ခေါက် ထပ်

http://www.cherrythitsar.org



ရောက်တော့မည် မဟုတ်သည်ကတော့ အမှန်ပင် သေချာနေပါတော့သည်။

[သောကြာမဂ္ဂဇင်း၊ ၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လ]


POZAR
DECEMBER

# မထင်မှတ်တဲ့ ဖြစ်ရပ်ကလေးတွေ

(၁)

၁၉၇၅ ဝန်းကျင်လောက်က ဖြစ်ပေမည်။ မိမိက ထိုစဉ်က မဂ္ဂဇင်း၊ ဂျာနယ်များတွင် ကာတွန်းများရေးနေဆဲကာလ။ ဇာတိမြေ မြေနေပြည်မှနေ၍ အနုပညာလောကထဲ ခြေစုံပစ်ဝင်ဖို့ ရန်ကုန်ရွှေမြို့တော်ကို ရောက်လာခဲ့ပြီး ကြိုးစားနေဆဲ ကာလ။

၁၉၇၇ ခုနှစ်၊ ဩဂုတ်လ၌ မိမိဇာတိမြေမှ ခွာခဲ့၏။ ရန်ကုန် ပန်းချီ၊ ပန်းပုကျောင်း၏ ကွန်းရိပ်ကို ခိုနေရခြင်းဖြစ်၏။

ပန်းချီ ပန်းပုကျောင်းက နယ်ကျောင်းသားများအတွက် အဆောင်ပေးသည်။ စတိုင်ပင်ပေးသည်။ စတိုင်ပင်က မိမိတို့ စတက်ခါစက တစ်လ ၅၀/- ပေးသည်။ ထမင်းစရိတ် ၄၀/- ပြန်သွင်းပြီးသော်၊ ၁၀/- ပို၏။

http://www.cherrythitsar.org



မိမိကျောင်းတက်ပြီး (၅) လလောက်အကြာ ပန်းချီကျောင်းသားများကို စတိုင်ပင် ၇၅/- တိုးပေး၏။ ဝမ်းမသာနိုင်၊ အဘယ်ကြောင့်ဆိုသော် ထမင်းစရိတ် ၆၀/- တိုးဖြတ်လိုက်သောကြောင့်ပင်။ ထို့ကြောင့် မိမိတို့ အသုံးစရိတ်က ၁၅/-ပဲ ပြန်ရသည်။

ထိုခေတ်အခါက ကျောင်းသားတစ်ယောက်ကို ထမင်းကျွေးစရိတ်သည် ၄၀/-၊ ၅၀/- လောက်နှင့် တစ်လလုံးလောက်၏။ ဟင်းတော့မကောင်း။ သို့ပေမယ့် ထမင်းတော့ အဝကျွေးနိုင်ပါသည်။

ထိုပန်းချီ ပန်းပုကျောင်းတွင် (၃)နှစ်လောက် ပညာသင်ခဲ့ပြီး ၁၉၈၀ ခုနှစ်တွင် မိမိကျောင်းဆင်းခဲ့သည်။

ကျောင်းနေစဉ်က အဆောင်လည်းရ၊ ဝမ်းရေးလည်း မပူရသမျှ ကျောင်းပြီးသောအခါ အဆောင်လည်း နေခွင့်မရတော့။ ကျွေးမည့်သူကလည်း မရှိတော့။

မိမိတို့ ပန်းချီကျောင်းဆင်းတချို့ကမူ အနုပညာနယ်ပယ်ထဲတွင် ရှန်းရင်းကန်ရင်း ဝမ်းစာရှာဖွေရင်းဖြင့် အနုပညာဝမ်းစာရဖို့ မိမိတို့၏ အနုပညာဝမ်းတစ်ထွာ ဝမ်းစာကို အမျိုးမျိုးကြံစည် ရှာကြံ ဖြည့်တင်းရတော့သည်။ အသက်ဆယ်ဖို့ကိုး။ အသက်ရှင်သန်မှ အနုပညာ ဖန်တီးနိုင်ဦးမည် မဟုတ်လား။

(၂)

မိမိက ရန်ကုန်ကို လာကတည်းက ရည်ရွယ်ချက်နှင့် ဖြစ်

http://www.cherrythitsar.org



သည်။ ကာတွန်းပညာဖြင့် ဘဝကို ရှင်သန်မည်ဟု ယုံကြည်ချက်၊ ဖွဲ့၊ နဘဲက မိမိ၏ သွေးသားထဲတွင် အမြဲလှည့်လည်စီးမျောနေဆဲ။

ကာတွန်းပညာအတွက် ပန်းချီအခြေခံပညာ လိုချင်သဖြင့် ပန်းချီကျောင်း တက်ခဲ့သည်။ ပြီးတော့ ရန်ကုန်တွင် ကွန်းခိုဖို့ အမိ ပန်းချီပန်းပုကျောင်း၏ အေးရိပ်ကို မိမိ ခိုလှုံရသည်။

ရန်ကုန်တွင် ကျောတစ်နေရာစာရဖို့ ခက်ခဲလှပါဘိတောင်း။ စာရေးထက်ပင် ပိုခက်သေး၏။

ပန်းချီ ပန်းပုကျောင်းကို တက်သူအများစုက ပန်းချီဆွဲချင်တာပဲရှိသည်။ ရည်ရွယ်ချက်ကြီးကြီးမားမား မရှိကြ။ ပန်းချီကျောင်းဆင်းလျှင် ပန်းချီပညာဖြင့် အသက်မွေးမည်လော။ ရေရေရာရာ ဆုံးဖြတ်ချက်မရှိကြ။

ပန်းချီကားဆွဲမည်လော၊ ဇဝေဇဝါ။ စာနယ်ဇင်း ပန်းချီဆွဲမည်လော။ မရေမရာ။ ပန်းချီဆွဲမည်လော။ မသေမချာ။ ရုပ်ပြပန်းချီဆွဲမည်လော။ ယောင်ဝါးဝါး။

သို့နှယ် ပန်းချီဆွဲချင်သည့် ဆန္ဒတစ်ခုတည်းဖြင့် ပန်းချီကျောင်း ရောက်လာပြီး သုံးနှစ်သင်တန်းပြီး ကျောင်းဆင်းသော် ဦးတည်ရာ ဝါသနာမရှိရှာသဖြင့် နယ်မှအများစု နယ်သို့ ပြန်ကြ၏။

ရန်ကုန်မှ အများစု မိဘလက်ငုတ်လက်ရင်း အလုပ်လုပ်၊ ရုံးဝင်လုပ်၊ စီးပွားရေးလောကရောက် စသဖြင့် ပန်းချီနှင့် မသက်ဆိုင်သည့် ဌာနများသို့ ရောက်ကုန်ကြသည်မှာ ပန်းချီကျောင်းသားအများစု

၏ သဘာဝလိုလို ဖြစ်နေတော့၏။

မိမိတို့ (၁၉၇၇/၈၀)ခုနှစ် (ကော်မာရှယ်) နှင့် (ဖိုင်း) နှစ်တန် ပေါင်းလျှင်ပင် သင်တန်းသား ခြောက်ဆယ်ကျော်ရှိရာ ယခု အနုပညာ နယ်ပယ်တွင် ဆက်လက်ရေးဆွဲနေကြသူမှာ ငါးယောက်ပင် မပြည့် တတ်တော့။

ပန်းချီကျောင်း မတက်ခင်ကတည်းက ပြင်းပြခဲ့သော ဝါသနာ ဖြင့် စိုက်လိုက်မတ်တတ် လုပ်ခဲ့သူများသာလျှင် တင်ကျန်ရစ်ခဲ့ရပါချိမ့်။ အနုပညာလောက၏ ကြမ်းတမ်း ခက်ထန်သောလမ်းမဝယ် အလဲလဲ အကွဲအကွဲ အဖူးဖူး အယောင်ယောင် ဒဏ်ရာ ဒဏ်ချက်တို့ကတော့ ရင်နှင့်အပြည့်။

စိုင်းခမ်းလိတ်ရေးသော သီချင်းလို "နတ်စီတဲ့ အိပ်မက်များ လွယ်လွယ်နှင့် မရ"

အောင်မြင်ခဲ့သူတိုင်း လာရာလမ်းကို ပြန်ကြည့်လျှင်ဖြင့် ရင် မောစရာတွေ ပြည့်နေတတ်သည်။

၁၉၈၀ ခုနှစ် ကျောင်းဆင်းတော့ မိမိက မိမိဝါသနာပါရာ ကာတွန်းများကို ဇောက်ချရေးဆွဲနိုင်ဖို့ ရန်ကုန်မြေမှာ ကြံဖန်နေထိုင် ရတော့သည်။

ပထမ ရုပ်ပြကာတွန်းဆရာတစ်ယောက်၏ နောက်ကွယ်တွင် ခဲအောက်လိုင်း ရေးဆွဲပေးခြင်းဖြင့် ဝင်ငွေရှာရ၏။ ခဲအောက်လိုင်း ရေးဆွဲနေစဉ် မဂ္ဂဇင်း၊ ဂျာနယ်များတွင် တစ်ကွက်ကာတွန်းများ ဇာတ်

http://www.cherrythitsar.org



လမ်းကာတွန်းများ ပေးပို့ရသည်။

ရွေးချယ်ဖော်ပြခံရသည်ထက် အပယ်ခံရသည်က များ၏။ သို့သော် မိမိကား ဖွဲမလျှော့နိုင်။ မဂ္ဂဇင်းတွင် ကာတွန်းပုံ (၁)ပုံ ပါလာပါက ပုံသုံးလေးဆယ် အပယ်ခံရသဖြင့် မောပန်းနွမ်းမယ်မှုတို့ ပြေပျောက်ရသည်။

ထိုစဉ်က မဂ္ဂဇင်းများမှာ ယခုလိုမများ။ ဆယ်မျိုးပင် မပြည့်တတ်။ ထိုမဂ္ဂဇင်းများတွင်လည်း ပင်တိုင်ကာတွန်းဆရာတို့က နေရာယူထားကြသည်။ မိမိတို့က ဝါရောသမ္မာရော ပညာရော သူတို့ထက်နုနယ်၏။ အချိန်ကာလက စကားပြောသည်။

ထိုစဉ်က ကလောင်ငယ်များ ဝင်ရောက်ရေးဆွဲခွင့် ရသမျှနေရာတို့တွင် မိမိကြိုးစားခဲ့သည်။

သို့ဖြင့် အချို့စာစောင်များတွင် ရံဖန်ရံခါ ဇာတ်လမ်းတစ်ပုဒ်။ အချို့မဂ္ဂဇင်းများတွင် ရံဖန်ရံခါ ကာတွန်း တစ်ကွက်၊ တစ်မျက်နှာ အချို့လများတွင် နှစ်ပုဒ်သုံးပုဒ် အပါရှိပြီး ဝမ်းရေးအတွက် ကသုတ်ကရက် ရုန်းကန်ခဲ့ရပုံများကို ပြန်တွေးကြည့်မိ၏။ ထိုစဉ်က မမောခဲ့သမျှ ယခု ပြန်တွေးမှ မောပန်းလှသည်။ တွေးရုံနှင့်ပင် မောခဲ့ရသောကာလများ။

(၃)

တစ်နေ့တွင် လူနှစ်ဦး ရောက်လာ၏။ နံနက် ရှစ်နာရီ ကျော်

ကျော်လောက် ရှိပေမည်။ ထိုစဉ်က မိမိ တောင်ဥက္ကလာပသို့ ရောက်နေပြီ။ အဘ၏အိမ်တွင် ကပ်နေရ၏။

လူနှစ်ဦးက လူစိမ်း။

မိမိမှာ မတောက်တစ်ခေါက် ကာတွန်းများကို ရေးဆွဲနေစဉ်ကာလမို့ ကြော်ငြာအပ်မည့်သူများလည်း မဖြစ်တန်ရာ။ ထိုစဉ်က ကြော်ငြာအပ်သူမှာလည်း ယခု ခေတ်လောက်မရှိ။

ကာတွန်း မတောက်တစ်ခေါက် ရေးဆွဲနေသူ သူငယ်ချင်း ကာတွန်းဆရာထံ အမြတ်ခွန်ဌာနမှ လာဖူးသည်ဟု ကြားထားဖူးသဖြင့် မိမိမှာ ထိုလူနှစ်ယောက်သည် အမြတ်ခွန်ဌာနက ပေလောဟု ရင်ခုန်စိတ်စောနေရသည်။

ထိုလူနှစ်ဦးက မေး၏။

"ဆရာကိုဆွေမင်း ဆိုတာ"

"ဟုတ်ကဲ့ ကျွန်တော်ပါပဲ။ ဘာကိစ္စများ ရှိကြပါသလဲ"

ထိုလူနှစ်ဦးက သူတို့ကို သူတို့ မိတ်ဆက်ပေး၏။ တစ်ယောက်က စန္ဒာရုံစုံမဂ္ဂဇင်း နှင့် ပတ်သက်သူ။ တစ်ဦးက အလှကုန်ပစ္စည်း ထုတ်လုပ်သူ မိသားစုနှင့် ပတ်သက်သူ။

မဂ္ဂဇင်း ကာတွန်းအပ်ဖို့ ကိစ္စတော့ မဟုတ်ချေ။ အလှကုန်ပစ္စည်းကြော်ငြာလည်း မဟုတ်ပြန်။

သူတို့လာရင်းကိစ္စက ပြီးခဲ့သည့်လ မိုးဝေမဂ္ဂဇင်းတွင် ပါခဲ့သော မိမိ၏ ကာတွန်းတစ်မျက်နှာနှင့် ပတ်သက်၏။

http://www.cherrythitsar.org



ပတ်သက်ပုံမှာ ထိုကာလ မိုးဝေမဂ္ဂဇင်းမှ ရွေးချယ်ဖော်ပြပေးခဲ့သော မိမိကာတွန်းမှာ "ဆွေမ" ဟူသော မိန်းကလေးဇာတ်ကောင်ဖြင့် ရေးဆွဲထားသော ကာတွန်းဖြစ်၏။

ထိုတစ်မျက်နှာ ကာတွန်းဇာတ်လမ်းတွင် မိန်းကလေး အသုံးအဆောင်ပစ္စည်းများကို ဇာတ်ကွက်အရ မိမိဖော်ပြရေးဆွဲခဲ့သည်။ ယင်းအသုံးအဆောင်များမှာ ထိုစဉ်က ခေတ်စားနေသော နာမည်ကျော်အလှကုန်ပစ္စည်းများသာဖြစ်၏။

လေးငါးခြောက်မျိုးခန့် ရှိပေမည်။ စာဖြင့် ရေးဆွဲဖော်ပြခြင်းသာဖြစ်သည်။ အလှကုန်ပုံပင်မပါ။

ထိုမိမိရေးဆွဲခဲ့သော ကာတွန်းတစ်မျက်နှာထဲတွင် မိန်းကလေးအသုံးအဆောင် ပစ္စည်းများ ဖော်ပြခဲ့ရာ သူတို့၏ နာမည်ကျော် အလှကုန်ပစ္စည်း နာမည်လည်းပါနေ၏။

မိမိက ဇာတ်ကွက်အရ အမှုမဲ့ အမှတ်မဲ့ ရေးထည့်လိုက်ခြင်းသာ ဖြစ်သည်။ သို့သော် သူတို့က အမှုမဲ့ အမှတ်မဲ့ မနေကြ။

မိုးဝေမဂ္ဂဇင်းမှ ထိုကာတွန်းကလေးကို ဖတ်မိပြီး သူတို့အလှကုန်ပစ္စည်းအမည် ပါသဖြင့် ကျေးဇူးတင်စွာ ကာတွန်းဆရာကို ဆက်သွယ်ခြင်းဖြစ်သည်။

မိမိကား ထိုစဉ်က ပါမွှားကလောင်ပေါက်စဖြစ်သဖြင့် မိမိကို ရှာဖို့မလွယ်လှချေ။ ထိုသူလည်း စန္ဒာမဂ္ဂဇင်းတိုက်မှ မိတ်ဆွေကို ခေါ်လာခါ မိုးဝေမဂ္ဂဇင်းသို့ သွားရသည်ဆို၏။

http://www.cherrythitsar.org



စန္ဒာမဂ္ဂဇင်းမှ မိတ်ဆွေကလည်း မိမိလို ကလောင်ပါမွှားကို မသိနိုင်။

သို့ဖြင့် သူတို့ခမျာ မိုးဝေမဂ္ဂဇင်းသို့ သွားရသည်။ မိုးဝေ က ထိုစဉ်က ကျောက်မြောင်း ဇောတိကလမ်းထဲက ရွှေပြည်စိုးပုံနှိပ်တိုက်မှာ။ အယ်ဒီတာက ဆရာနတ်နွယ်၊ မောင်သွေးသစ်။

မိုးဝေတိုက်တွင် ရှိနေသော မိမိကာတွန်း ဒီဇိုင်းများမှာပါသည့် လိပ်စာကို ကူးယူပြီး မိမိဆီရောက်လာကြသည်။

မိမိရေးဆွဲသော ကာတွန်းတစ်မျက်နှာတွင် သူတို့၏ အလုကုန် ပစ္စည်းနာမည်လေး စာလုံးသုံးလုံးပါသဖြင့် ကျေးဇူးတင်စွာ ငွေလာရောက်ချီးမြှင့်ခြင်းပင်။

မိမိမှာ မမျှော်လင့်သော ဖြစ်ရပ်မို့ အထူးအံ့အား သင့်ရ၏။ ငွေကို အတန်တန် ငြင်းသော်လည်း မရပြီ။ ဇွတ်အတင်းသာ ပေးနေ၏။ ယူလိုက်မှ သူတို့စိတ်ချမ်းသာနိုင်မည်မို့ မိမိ လက်ခံလိုက်ရသည်။

ငွေသား ၁၅ဝိ/-။

ထိုကာတွန်းအတွက် မဂ္ဂဇင်းမှ မိမိရသော စာမူခမှာ ၄ဝိ/- သာ။

ထိုစဉ်က မိမိမှာ ကြိုးစားဆဲ ငွေစပါးရှားသော အနေအထားမို့ ကျေးဇူးတင်ရသည်။ လမ်းထိပ် လက်ဖက်ရည်ဆိုင်မှာ မိမိက ညှော့ခံတော့ သူတို့ကပင် မိမိကို လက်ဖက်ရည်ဖိုး အတင်းပေးပြီး ဒကာခံ သွားပြန်သည်။

http://www.cherrythitsar.org



အမှန်မှာ မိမိက သူတို့ ကုန်ပစ္စည်းနာမည် ထည့်ရေးသော်လည်း သူတို့အနေနှင့်က အနေသာကြီး ဖြစ်ပါသည်။

သူတို့ကုန်ပစ္စည်း အမှတ်တံဆိပ်ကား ထိုစဉ်က နာမည်ကြီးလူသိများသော တံဆိပ်သာ ဖြစ်ချေ၏။ ယခုအထိလည်း သူတို့၏ ကုန်ပစ္စည်းတံဆိပ်က နာမည်ရနေဆဲ။

ထိုစဉ်ကတည်းက ထိုကုန်ပစ္စည်းတံဆိပ်သည် မဂ္ဂဇင်းများတွင် နောက်ကျောဖုံးနှင့် အတွင်းများ၌ လစဉ်ကြော်ငြာပါ၏။

နာမည်ရပြီးသော အလှကုန်ပစ္စည်းများဖြစ်သော်လည်း မိမိက မဂ္ဂဇင်းကာတွန်း တစ်မျက်နှာတွင် မိန်းကလေး အသုံးအဆောင်ပစ္စည်းအဖြစ် စာလေးသုံးလေးလုံး ထည့်ရေးပေးလိုက်ခြင်းကို စေတနာသဒ္ဓါတရား ရှေ့ထား၍ မိမိလို ကလောင်ငယ်ကို မရမက ရှာဖွေကာ အိမ်တိုင်ရာရောက် လာရောက် ချီးမြှင့်ပေးခဲ့လေ၏။

ထိုစဉ်က အလှကုန်ပစ္စည်း လေးငါးမျိုး ထည့်ရေးရာ ကျန်အလှကုန်ပစ္စည်း ထုတ်သောသူများကလည်း ခင်ဗျားဆီ လာကြမည်ဟု ရေးဖော်သူငယ်ချင်း တချို့က နောက်ကြသည်။

နောက်ကြခြင်းသာ ဖြစ်သည်။ လာကြကောင်းစေဖို့လည်း သဘောမထားပါ။ လာလည်း မလာကြပါ။ လာစေလို၍ ရေးခြင်းလည်း မဟုတ်ပါ။

သို့သော် ထိုစဉ်က မိမိရေးဖော်များကို မိမိက ပြောခဲ့သည်။

ဤသို့သော မထင်မရှား အသေးအဖွဲကိစ္စလေးတွင်ပင် ဂုဏ်

http://www.cherrythitsar.org



ပြုဖော်ရသူသည် နောင်လည်း အစဉ်သဖြင့် အောင်မြင်တိုးတက်နေဦး မည်သာဟု ပြောခဲ့ဖူး၏။

(၄)

ကြာတော့ကြာခဲ့ပြီ။

လွန်ခဲ့သော (၁၅)နှစ်လောက်က အဖြစ်အပျက်လေး။ ထို အလှကုန်အမည်တံဆိပ်နှင့် ထုတ်ကုန်သည် ယခုအခါ ပိုလို့ပင် တိုးတက် အောင်မြင်နေချေပြီ။

(၅)

ဒီဇင်ဘာ မျက်ခုံးမွေးဆွဲခဲတံ ဖြစ်ပါသည်။

[သောကြာမဂ္ဂဇင်း၊ ၂၀၀၀ပြည့်နှစ်၊ အောက်တိုဘာလ]

http://www.cherrythitsar.org



# တစ်ခါတုန်းက မျက်နှာဖုံးတစ်ခု

(၁)

အပတ်စဉ် ဂျာနယ်များ ပလူပျံအောင် ထွက်လာနေသော အချိန်အခါဖြစ်သည်။ တစ်ကျော့ပြန် ဂျာနယ်ခေတ်ဟု ဆိုသော်ရစ ကောင်း၏။

အဘယ်ကြောင့်ဟူမူ . . .

မိမိတို့ငယ်စဉ် (၁၉၇၀) ဝန်းကျင်ခန့်ကလည်း အပတ်စဉ် ဂျာနယ်များ တစ်စခန်းထခဲ့ဖူး၏။ ရွှေတူ၊ ရှုဒေါင့်၊ အိုးဝေ၊ ပြည်သူ့ ကြယ်၊ သတင်းဂျာနယ် စသဖြင့် အပတ်စဉ်ထုတ် ဂျာနယ်များသည် ထိုခေတ် ထိုအခါက ပြည်သူလူထု၏ စိတ်နှလုံးကို ရသပေးစွမ်းနိုင်ခဲ့ ၏။

http://www.cherrythitsar.org



သတင်းဂျာနယ်သည် အခြားဂျာနယ်များလို မျက်နှာဖုံးစက္ကူချောမဟုတ်။ သတင်းစာ စက္ကူကိုပင် မျက်နှာဖုံးလုပ်ကာ ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ သတင်းစာများဖြင့်သာ ပရိသတ်ကို ဖမ်းစားခဲ့၏။ သတင်းဂျာနယ်တစ်ခေတ်ကား အုတ်အော်သောင်းတင်း အောင်မြင်ခဲ့ဖူးသည်။

ထိုစဉ်က မိမိတို့ ငယ်ငယ်။ ဆယ့်သုံးလေးနှစ် ဝန်းကျင်၊ စာဂျာနယ်ထက် ကာတွန်း ရုပ်စုံဂျာနယ်များကို မက်မက်မောမော ဖတ်ရှုဖြစ်နေချိန်။

ထိုစဉ်ကတော့ အနေအထားတစ်မျိုး။ ယခုလို မဟုတ်။ ယခုခေတ်က စာဂျာနယ်များသည် ကာတွန်း ဂျာနယ်နည်း၏။ ထိုစဉ်ကတော့ စာဂျာနယ်ကနည်းပြီး ကာတွန်းဂျာနယ်က အရေအတွက် ပိုများသည်။

လင်းယုန်နက်၊ ရွှေစွန်ညို၊ မင်းသား၊ လူရည်မွန်၊ နီလာ၊ မြစန္ဒာ၊ စန္ဒာသီဂီ၊ ရွှေဝါဖူး၊ ရွှေဝါနု၊ ရွှေကြာ၊ ပုံပမာ၊ စန္ဒာမြိုင် စသည့် အပတ်စဉ် ကာတွန်းစာစောင်၊ လစဉ်ကာတွန်း စာစောင်များသည် ပလူပျံအောင် ထွက်ပေါ်ခဲ့၏။

မိမိကလေး ဘဝကဆို ထိုစာစောင်ဂျာနယ်များကို မပြတ်တမ်း ဖတ်ခဲ့၏။ စွဲလန်းခဲ့၏။ စာရေးစာဖတ် ဝါသနာထုံခဲ့၏။ ကာတွန်းရုပ်များ ရေးခြစ်ခြင်းကို ရင့်သန်စေခဲ့၏။

သို့ဖြင့် ကာတွန်းလောကထဲကို ရောက်ရှိသောအခါ ငယ်စဉ်က အပတ်စဉ် ကာတွန်းဂျာနယ်ချဉ်ခြင်းသည် တစ်ရံမပြတ် ချဉ်ခြင်း

http://www.cherrythitsar.org



ပြန်တပ်ခဲ့၏။

ကိုယ်တိုင် ကိုယ်ကျ ကာတွန်းဆရာ ဖြစ်လာသောအခါ အပတ်စဉ် ကာတွန်းဂျာနယ် ထုတ်ဝေလိုသော ဆန္ဒ ပြင်းပြခဲ့သည်။

(၂)

၁၉၉၅ ဝန်းကျင်လောက်မှ အပတ်စဉ် ဂျာနယ်များ ပြန်လည် ခေတ်စားလာခဲ့သည်။ စာဂျာနယ်များ ထွက်လာ၏။ အပြိုင်းအရိုင်း။ မိုးဦးကျမှိုများထွက်လာသလို ဟိုမှာ တစ်ပွင့် ဒီမှာ တစ်ပွင့် မလှမ်း မကမ်းမှာ အပွင့်ချင်း ပြိုင်နေကြ၏။

ထိုအထဲ၌ ကာတွန်းဂျာနယ်တချို့လည်း ထုတ်ဝေခွင့် ရလာကြ၏။ ရွှင်ပြုံး၊ ဦးရုံစာ၊ ပီတိ၊ မိုးသောက်ပန်း၊ လှပ ပြီးတော့ မိမိတို့ တတိုင်းမွှေးကာတွန်းဂျာနယ်။

မိမိကိုယ်တိုင် ကာတွန်းဂျာနယ် ထုတ်ခွင့်ရသော ငယ်စဉ်က အပတ်စဉ် ဂျာနယ်ထုတ်ဝေလိုခြင်း ချဉ်ခြင်းပြည့်ခဲ့ရသည်။

မိမိတို့ အစွမ်းကုန် ကြိုးစားခဲ့ကြ၏။

အတွင်းကဏ္ဍများကို သမရိုးကျ ကာတွန်းများမှ ခွဲထွက်ဖို့ ကြိုးစားခဲ့ကြသည်။ အချို့ကဏ္ဍများကို အယ်ဒီတာက ဇာတ်လမ်းရေး သားပေး၏။ ကာတွန်း ဆရာဇာတ်လမ်းကို မယူ။ ဥပမာ "ရပ်ကွက် ထဲမှာဗျာ" "သားရေးသမီးရေး အိမ်ထောင်ရေး" "လင်နှင့်မယား"။

ကာတွန်းဆရာများ ရေးသားသော ဇာတ်လမ်း မဟုတ်သဖြင့်

http://www.cherrythitsar.org



ထိုကာတွန်း ဆရာများ အခြားကာတွန်း ဂျာနယ်များတွင် ရေးဖွဲ့သည့် အခါ ဇာတ်လမ်းမတူကြတော့။

ကာတွန်းဆရာကို အရုပ်ပဲ အပ်ခြင်းဖြစ်သည်။ ထိုသို့ စီစဉ်သဖြင့် တတိုင်းမွေးဂျာနယ်၏ မူပိုင်ဖြစ်လာသည်။ ကာတွန်းဆရာ လက်ရာသာ တူသော်ငြား ဇာတ်လမ်းအဖွဲ့က တစ်ဘာသာ။

မျက်နှာဖုံးကိုလည်း ထူးထူးခြားခြားရေးဆွဲဖို့ မိမိတို့ စဉ်းစားခဲ့ကြသည်။ ထိုစဉ်က ဂျာနယ်အဖုံးများတွင် ကွန်ပျူတာအဖက်များကို တွင်တွင်ကျယ်ကျယ် သုံးနေကြချေပြီ။

ကာတွန်းဂျာနယ်ဟူသည် ယခင်က လိုင်းခွဲအရောင်များဖြင့်သာ ထွက်နေကြ။ ဖလက်ခွဲဟု ခေါ်ရပေမည်။ ကာတွန်း ဒီဇိုင်းနောက်ကျောတွင် အရောင်သွင်းပြီး အရောင်ထပ် ဖလင်များကို စုတ်တံတစ်ချောင်းဖြင့် အိုပိတ် ဆေးပိတ် ကာလာခွဲနေကျ။

သေချာ မလုပ်ပါက မတိကျ။

ပန်းချီဆရာ ပေးထားသည့်အရောင်ကို ဖလင်လက်ခွဲ ဆရာ မသေချာပါက မရကြ။ အရောင်ကျန် အရုပ်ဆိုးတွေ အမြဲဖြစ်ရသည်။ ပြီးတော့ ဖလင် စခရင် အနုအရင့်အပေါ်လိုက်ကာ ကာလာအရောင် အသွေးကလည်း အနုအရင့်မညီ။ စခရင် မမှန်ပါက လိုချင်သည့် အရောင်မရ။

ကွန်ပျူတာက စက်ဖြစ်သဖြင့် တိကျသည်။ ကာလာခွဲက လည်း ကွန်ပျူတာများ ခေတ်ရောက်ပြီမို့ သေချာသပ်ရပ်သည်။

http://www.cherrythitsar.org



အကျန်မရှိ။ အရောင်မှန်၏။

မျက်နှာဖုံး တစ်ခုကို ထိုသို့ ထိုသို့ ကွန်ပျူတာက လိုသလို ဖန်တီးနိုင်ပြီမို့ မိမိတို့လည်း တတိုင်းမွေး ကာတွန်းဂျာနယ်မျက်နှာဖုံးကို သီးခြားခွဲထွက်နိုင်ဖို့ စိတ်ကူးယဥ်ခဲ့ကြသည်။

သို့ဖြင့် ကာတွန်းဇာတ်လမ်း ဇာတ်ကွက်နှင့် လိုက်သော နောက်ခံရှုခင်းကို ဓာတ်ပုံရိုက်ကာ ရှေ့မှ ကာတွန်းဇာတ်ကောင်များဖြင့် ပသာဒဆင်ဖို့ စိတ်ကူးမိကြ၏။

မိမိတို့ စိတ်ကူးကို ထိုစဉ်က ကွန်ပျူတာဖြင့် အကောင်အထည် ဖော်ပေးကြသူများမှာ ကာတွန်း မောင်မောင်အောင်နှင့် ပန်းချီ သဲဇာ တို့သာ ဖြစ်ကြသည်။

ဇာတ်ကွက်ဝင် ဓာတ်ပုံကိုရိုက်ကူး၍ ဓာတ်ပုံပေါ်တွင် ကာတွန်း ဇာတ်ကောင် အနေအထားသင့်အောင် ပြုပြင်ရေးဆွဲကြခြင်း ဖြစ်သည်။

ပန်းချီဆရာများ၏ အနုပညာများနှင့် ကွန်ပျူတာပေါင်းစပ် လိုက်သောအခါ တတိုင်းမွေးအဖုံးများသည် တစ်ဘာသာ ထွက်ခဲ့၏။ ထူးခြားခဲ့၏။ ပေါ်လွင်ခဲ့၏။ လူကြိုက်များခဲ့၏။

သို့သော် ဖန်တီးရသော အယ်ဒီတာအဖွဲ့မှာ မသက်သာ။ ဇာတ်ကွက်ဝင် ဓာတ်ပုံများအတွက် ခေါင်းစားသည်။ အချိန်ပေးရသည်။ အောက်ဒိုးထွက်ရိုက်ရသည်။

မိမိဇာတ်ကောင် မြိုင်ရာဇာတွတ်ပီက ကျေးလက်မှာနေသူမို့ ကျေးလက်ဓာတ်ပုံများ ကြုံသလို ရိုက်ရသည်။

လယ်ကွင်းများ ရိုးပြတ်တောများ၊ လယ်ကန်သင်း ပတ်ကြား အက်များ၊ ချောင်းတံတား၊ တဲ၊ ကောက်ရိုးပုံ၊ လွင်ပြင်၊ ကောင်းကင်ပြာ စသည်။

တစ်ခါတစ်ရံ အရေးကြီးလျှင် ရန်ကုန်နှင့် နီးစပ်ရာ လယ်ကွင်းများသို့ မိမိတို့ အယ်ဒီတာအဖွဲ့ ဓာတ်ပုံအရိုက်ထွက်ရသည်။ သို့ဖြင့် ပဲခူး၊ သုံးခွ၊ ညောင်တုန်း၊ သံလျင် ကျောက်တန်းသို့ မိမိတို့ ရောက်ကြရ၏။

ကားတစ်စီးဖြင့် သင့်ရာသင့်ရာ ရိုက်ကွင်းရှာကြရသည်။

ကာတွန်းပိုးဇာ ဇာတ်ကောင် အမြှာညီအစ်မနှင့် မောင်မောင်ဇာကျ မြို့သားများ။ မြို့ဇာတ်လမ်း၊ ရန်ကုန်အတွင်းလည်း ဓာတ်ပုံအရိုက်ထွက်ရသည်။ ကား၊ တိုက်တန်း၊ ဘုရားစောင်းတန်း၊ နီယွန်မီး၊ ရက်စတော့ရင့်၊ မီးပွိုင့်၊ ကြော်ငြာဆိုင်းဘုတ်၊ ရောင်စုံကောင်မလေးများ။

မောင်မောင်ဇာနှင့် တွဲဖို့ မြို့ပြနောက်ခံကို ဓာတ်ပုံရိုက်ကူးယူကြရသည်။ မြို့ပြက ဓာတ်ပုံရိုက်ရတာ သိပ်မလွယ်။ လူ အခြေအနေကြည့်ပြီး ရိုက်ရ၏။

လယ်ကွင်း၊ ကျေးလက်က ကိစ္စမရှိ။ အချိန်ယူ ရိုက်နိုင်သည်။

သို့ဖြင့် တတိုင်းမွှေးဂျာနယ် မျက်နှာဖုံး တစ်ခုအတွက် တစ်ခါက ဓာတ်ပုံရိုက်ကူးခဲ့ရင်း စိုးရိမ်ကြောင့်ကျဖွယ်ရာ အခင်းတစ်ခု ဖြစ်ခဲ့ရပါချိမ့်။

http://www.cherrythitsar.org



(၃)

ထိုအပတ်စဉ်ကား တတိုင်းမွေးဂျာနယ် အတွဲ (၂) အမှတ်(၄) (၂၂-၁-၁၉၉၈) ခုနှစ်တွင်ဖြစ်သည်။

ထိုတစ်ပတ် မျက်နှာဖုံးရေးဆွဲသူက ကာတွန်းပိုးဇာ၊ ဇာတ်ကောင်က အမြွှာညီအစ်မ လေးမွန်၊ ထွေးမွန်။ မောင်မောင်ဇာ။

ဇာတ်လမ်းက ကက တက္ကစီများအကြောင်း။

ထို့ကြောင့် မျက်နှာဖုံးတွင် နောက်ခံကားချပ်အဖြစ် ကက တက္ကစီ ဓာတ်ပုံများလိုအပ်လာသည်။

ရန်ကုန်မြို့ပြ အလယ်ခေါင်တွင် မိမိတို့ ဓာတ်ပုံဆရာက ကက တက္ကစီကားများကို ဓာတ်ပုံရိုက်သည်။

ပေါ်တင်တစ်မျိုး။ ခိုးကြောင်ခိုးဝှက် တစ်သွယ်၊ လစ်လျှင် လစ်သလို ကင်မရာချိန်ပြီး ခလုတ်နှိပ်ရ၏။

ဖလင်တစ်လိပ်စာ ကက တက္ကစီကားများရသောအခါ ဖလင်ပုံထုတ်ရသည်။ အားချင်းပါပဲ။

ကက ကားပုံများကို မိမိတို့ ပုံရေးကောင်းမည့် အနေအထားရွေးချယ်ရသည်။ ကာတွန်း ဆရာရယ် မိမိတို့အယ်ဒီတာအဖွဲ့ရယ် ပုံတစ်ပုံရွေးချယ်ပြီး ပန်းချီဆရာကို အပ်လိုက်သည်။

ပန်းချီ သဲဇာက ကွန်ပျူတာဖြင့် ဒီဇိုင်းဆင်မည်။ ရေးမည်ပေါ့။

မိမိတို့က လိုအပ်သည်များကို မှာရသည်။

လိုအပ်သည်များမှာ ကက ကားများ၏ နံပါတ်များကို ဖျက်ပစ်ရန်ဖြစ်၏။ အဘယ့်ကြောင့်ဟူမူ ဂျာနယ်မျက်နှာဖုံးတွင် ပုံနှိပ်မည်

http://www.cherrythitsar.org



ဖြစ်သဖြင့် တစ်ပြည်လုံးသို့ ပျံ့နှံ့မည့်ကိစ္စဖြစ်ချေရာ ကားပိုင်ရှင်က သူ့ခွင့်ပြုချက် မတောင်းခံဘဲ ပုံနှိပ်ရပါမည်လားဟု ပြဿနာ ရှာမည်စိုး၍ ဖြစ်သည်။

ထိုနည်းတူ နောက်ခံတိုက်တာမှ ဆိုင်းဘုတ်များကိုလည်း ကွန်ပျူတာဖြင့် ဖျက်ပစ်ရန် ပန်းချီဆရာ ကိုသဲဇာကို အသေအချာ မှာကြားခဲ့ရ၏။

နောက်ခံ ရှုခင်းမှာ ၃၃လမ်းထိပ်ကို အနော်ရထာလမ်းတစ်ဘက်မှ ကင်မရာ ဆွဲယူရိုက်ကူးထားခြင်း ဖြစ်သည်။

သို့ဖြင့် ထိုတစ်ပတ် တနင်္လာနေ့ မိမိတို့ ရုံးခန်းရောက်တော့ ရိုက်ပြီးသား မျက်နှာဖုံးများကို ဘိုင်းနင်းကလာပြသည်။ မိမိတို့လည်း မိမိတို့ ကြိုးစားပမ်းစား ဖန်တီးခဲ့ရသော ဂျာနယ်အဖုံးကို ကြည့်၍ ပီတိ ဖြစ်ရ၏။

ကက တက္ကစီကား သုံးလေးစီးဘေးမှာ ကာတွန်းရုပ် မောင်မောင်ဇာက သော့ကို လက်ညှိုးမှာ ပတ်ပြီး လှည့်ကစားခါ ရပ်နေသည်။ နောက်ခံ ရှုခင်းက တိုက်တာ စတိုးဆိုင်။

အရောင်က လွင်နေ၏။ ဓာတ်ပုံက ပြတ်သားသည်။ ကာတွန်းရုပ် အရောင်အသွေးကလည်း လိုက်လျောညီထွေရှိ၏။

မျက်လုံးအေး ဘဝင်ကျစရာအဖုံးပါပဲ။

သို့သော် သေချာကြည့်သော် မိမိတို့ ငယ်ထိပ် မြွေပေါက်ခဲ့သလို ခံစားလိုက်ရသည်။

"ဟာ သွားပဟေ့..."

http://www.cherrythitsar.org



တာဝန်ခံအယ်ဒီတာ ကိုဝေသာက အော်သဖြင့် မိမိလည်း လန့်သွားရသည်။

"ဘာ သွားတာလဲ ကိုဝေသာ..."

"ပန်းချီဆရာ မေ့သွားပြီဗျို့ ကျွန်တော်တို့ ဖျက်ခိုင်းတာ မဖျက်လိုက်ဘူး..."

"ဟာ ..."

ထိုအခါမှ မိမိလည်း မျက်နှာဖုံးကို သေချာစေ့ငုကြည့်ရာ။ ဟုတ်ပ။ ကက တက္ကစီ ကားများ၏ နံပါတ်များကို မဖျက်ထား။ ကက ဆရာများက သူတို့မသိဘဲ သူတို့ကားကို ဂျာနယ်မျက်နှာဖုံး တင်ရပါ မည်လားဟု ပြဿနာ ရှာသော် မခက်ပြီကော။

ကျွန်တော်တို့လည်း ဂျာနယ် မျက်နှာဖုံးကို စိတ်မသက်မသာ ဖြင့် ကြည့်နေကြရင်း...

"ဟာ ဒီဟာကလည်း မနိပ်ဘူးဗျို့... ဒါလည်း ပြဿနာ တက်မယ်ဆို တက်နိုင်တယ် ..."

ကိုပိုးဇာက ထောက်ပြ၏။

ဟုတ်ပ။ တက္ကစီကားနောက်မှ စတိုးဆိုင်ကြီး။ GIORDANO တဲ့။ ဆိုင်းဘုတ်ကြီးက ဟီးကာနေသည်။

ဆိုင်းဘုတ်ကြီးပဲဆို ကိစ္စမရှိ။

သူ့ဆိုင်ကို မိမိတို့ဂျာနယ်က မျက်နှာဖုံးတင် ကြော်ငြာပေး သည်ဟု ကျေနပ်ချင် ကျေနပ်ကောင်း ကျေနပ်နိုင်ပေမယ့် ဆိုင်းဘုတ် နောက်က စာက ဖတ်ရတာ မသက်သာလှ။

http://www.cherrythitsar.org



"အထူးလျှော့ဈေးရောင်းပွဲကြီး" တဲ့ ထိုအထူးလျှော့ ဈေးရောင်းပွဲကြီးမှာ GIORDANO ဆိုင်က သတ်မှတ်ရက်ကာလအတွင်း ကြော်ငြာခဲ့သည့် မှန်သော်ငြား၊ မိမိတို့ ဂျာနယ်ထွက်ရက်က ထိုသတ်မှတ်ချက်ရက် ကာလကို ကျော်လွန်နေပေပြီ။

သူ့ရက် သူ့အထိမ်းအမှတ်နှင့်သူ အထူးလျှော့ဈေးရောင်းပွဲကျင်းပသော်ငြား ထိုအထူးလျှော့ဈေးဆိုင်းဘုတ်သည် လျှော့ရက်ကာလအတွင်သာ အဓိပ္ပါယ်ရှိပေမည်။

မိမိတို့ဂျာနယ်က သူ့သတ်မှတ်ရက်ကျော်မှ ထွက်ချေရာ။

အထူးလျှော့ဈေးရောင်းပွဲကြီးနှင့် သူ့ဆိုင်းဘုတ်က မလိုက်ဖက်တော့။

အရောင်းသတ်မှတ်ရက် ကျော်ပြီးမှ ဂျာနယ်အဖုံးတွင် ပါနေသော ယင်းဈေးလျှော့ဆိုင်းဘုတ်မှာ ဆိုင်ရှင်ကို တစ်နည်း တစ်ဖုံ သွယ်ဝိုက်ပြီး ထိခိုက်နိုင်သလား မိမိတို့ ပူပန်ရသည်။

သို့သော် မျက်နှာဖုံးက ပြန်ပြင်ဖို့အချိန်မရတော့။ ကြာသပတေး အမီထွက်ရပေမည်။

ရင်တထိတ်ထိတ်နှင့်ပင် ယင်းအပတ်က ဂျာနယ် ဖြန့်လိုက်ရသည်။

(၄)

တုံ့ပြန်သံ ဘာကြားရမည်လဲ။

နေ့စဉ် ရင်တထိတ်ထိတ်။ ထိုတစ်ပတ်သာ ကျော်သွားသည်။ ဘာသံမှ မကြားရ။ မိမိတို့ စိတ်ပေါ့သွားရသည်။ နှစ်ပတ်။ ငြိမ်နေ၏။

http://www.cherrythitsar.org



မိမိတို့လည်း မေ့ပျောက်စပြုပြီ။ မထူးခြား။ မိမိတို့လည်း ထိုအခါမှ ဟင်းချနိုင်၏။

ဒီကြားထဲ မိမိတို့အမှတ်တမဲ့ ဖန်တီးမိခဲ့သော ထို GIORDANO စတိုးဆိုင်ကြီးပါ တတိုင်းမွှေးဂျာနယ် မျက်နှာဖုံးကို GIORDANO ကြော်ငြာထည့်သည် ထင်မှတ်သဖြင့် အောင်မေတ္တာ မျက်မှန်ဆိုင် ကိုမင်းဇော်က ထိုသို့ ကြော်ငြာထည့်ဖို့ နှုန်းထားမေးတော့ မိမိတို့မှာ ငိုအားထက် ရယ်အားသန်ရသည်။ သို့သော် သူ့ကိုလည်း မရှင်းပြဖြစ်။

သို့ဖြင့် တစ်မနက်ခင်းကျ မိမိအိမ်သို့ အမျိုးသမီးနှစ်ဦး ရောက်လာ၏။

ခေတ်မီပြီး လှပသော အမျိုးသမီးနှစ်ဦး။ ငယ်ရွယ်သည်။ အသက်က နှစ်ဆယ်ဝန်းကျင်ပင် ပြည့်တတ်ပုံမရ။

တစ်ဦးက ဆံပင်တိုတို။ တီရှပ်နှင့် ပြီးတော့ ဂျင်းဘောင်းဘီ အပြာနု။

တစ်ဦးက ဆံပင်ရှည်၏။ တဘီနှင့်။

ဂျင်းဘောင်းဘီ အပြာနုက ပိုသွက်သည်။ သူမပင် ဦးဆောင်၍ စကားပြော၏။ သွက်လက်သော စကားသံများ -

"တတိုင်းမွှေး ဂျာနယ် ထုတ်တာ ဦးတို့လား. . ."

"ဟုတ်ပါတယ်ကွယ်. . . ထိုင်ကြပါဦး. . ." အမျိုးသမီးနှစ်ဦးက ဧည့်ခန်းတွင် ထိုင်ကြ၏။

မိမိက ထိုအချိန်အထိ GIORDANO ကို သတိမရ။

http://www.cherrythitsar.org



ဂျာနယ်ကြော်ငြာ ထည့်ချင်သည့်ကိစ္စဟုသာ ထင်မြင်မိ၏။

"သမီးတို့က GIORDANO ကပါ…"

"ဟော"

ထိုအခါမှ မိမိခေါင်းလည်း ပုတ်လောက်ကြီးသွားရ၏။ ငြိမ် သက်သွားစပြုနေပြီဖြစ်သော ရင်ထဲမှာ အပူလုံးကြီးသည် ရုတ်ချည်းပင် အသစ်တစ်ဖန် ပြန်ဖြစ်ကာ ရင်တွင် တလုပ်လုပ် ခုန်လာ၏။

"ဟော GIORDANO က ဟုတ်လား…"

မိမိက အပြစ်တစ်ခု လုပ်ခဲ့မိသော ကလေးတစ်ယောက်ပမာ မည်သို့ ဖြေရှင်းရမလဲဟု ဉာဏ်များထုတ်ရ၏။

မိမိတို့ စိတ်ပူသလို သူတို့ရောက်လာကြပကော။

"အဲဒါက ဟိုဟို မျက်နှာဖုံးစာတ်ပုံ…"

မိမိစကားက ရှေ့မဆက်နိုင်။ စကားလုံး လှလှပပ သက်သက် သာသာ ဖြစ်စေမည့် အကြောင်းအရာ ရွေးစီးနေရသဖြင့် မသွက်လက်။

သူမတို့က သွက်သည်။

"အဲဒါ ဦးတို့ဂျာနယ်မှာ သမီးတို့ရဲ့ GIORDANO စတိုးဆိုင် ပုံ ထည့်သုံးလို့ ဦးတို့လို လက်ဆောင်လာပေးတာပါ…

"ဟော လက်ဆောင်"

"ဟုတ်ကဲ့…လာမယ် လာမယ်နဲ့ သမီးတို့လည်း မအားလို့ မလာဖြစ်တာ…"

"ဟော အေးအေး ရပါတယ်ကွယ်… ကိစ္စမရှိပါဘူး …"

ထိုအခါမှ အလုံးကြီးကျ၏။

http://www.cherrythitsar.org



ဂျင်းဘောင်းဘီ အပြာနုက သူမလက်တွင် ဆွဲလာသော GIORDANO အိတ်ကလေးကိုပေး၏။ လက်ဆောင်တဲ့။ အတွင်းတွင်တော့ GIORDANO တီရှပ် လှလှလေး။ မီးခိုးနုရောင်။ အသားက ချည်ပွပွနှင့် နွေးထွေးမည်။

ပြီးတော့ သူမတို့က ချက်ချင်း ထပြန်ရင်း နှုတ်ဆက်၏။ လိပ်စာကဒ်လေး ပေးသွား၏။

တစ်ယောက်က မဦးတဲ့။ တစ်ယောက်က မအေးတဲ့။

လှပပြီး သွက်လက်ချက်ချာသော ခေတ်မိန်းကလေးများဖြစ်သည်။

(၅)

အမှတ်တမဲ့ ဖန်တီးမိခဲ့သော ဂျာနယ်မျက်နှာဖုံးနောက်ခံ ဓာတ်ပုံတစ်ပုံကြောင့် ကာယကံရှင်များ၊ စိတ်အနှောက်အယှက် ဖြစ်မည်လား တွေးတော ပူပန်နေမိရသော်ငြား သူတို့က အမှတ်တရ လက်ဆောင်ကလေး လာပေးကြသဖြင့် မိမိတို့ ဝမ်းသာကြရတော့သည် တကား။

[သောကြာမဂ္ဂဇင်း၊ ၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလ]

http://www.cherrythitsar.org



# ရုပ်ရှင်ရိုက်ခဲ့စဉ်က

(၁)

ဘဝတစ်ခု အမှတ်တရသည် မိမိဘဝတွင် ဖျတ်ခနဲ ဖျတ်ခနဲ ကြုံတွေ့ခဲ့ရသော အမှတ်တရဖြစ် စရာများကို စားမြုံ့ ပြန်ရေးဖြစ်နေခြင်းသာ ဖြစ်ပါ၏။

ပန်းချီစောတင်မောင်သည် မိမိ အသက် (၂၀) ဝန်းကျင်က စပြီး ပေါင်းခဲ့သောသူငယ်ချင်းဖြစ်၏။ မိမိ၏ ဘဝတစ်ခု အမှတ်တရ ဖြစ်စရာများတွင် စောတင်မောင်သည်လည်း ကြိမ်ဖန်များစွာ ပါခဲ့သည်သာ ဖြစ်၏။

သူငယ်ချင်း စောတင်မောင်သည် မိမိ၏ ဘဝတစ်ခု အမှတ်တရ ဆောင်းပါးများကို ဖတ်ရသောအခါ မိမိတို့ သူငယ်ချင်းတွေ ကြုံတွေ့ ဖြတ်သန်းခဲ့ရသည့် ရယ်ဖွယ်၊ ပြုံးဖွယ်၊ လွမ်းတသသဖြစ်ဖွယ် အခင်း

http://www.cherrythitsar.org



များကို ဖြည့်စွက်သတိပေးပြော၏။

အချို့ဖြစ်ရပ်များကို မိမိကား ယခုအခါ မှုံဝါးဝါးအဖြစ် မြင်တော့၏။ ဖြတ်သန်းဖော် ငယ်သူငယ်ချင်းများနှင့် ပြောဆိုကြသောအခါ အတိတ်ဖြစ်ရပ်တို့သည် အရောင်ပြန်လက်လာစမြဲသာ။

သို့ဖြင့် စောတင်မောင် သတိပေးပြောကြားသော မိမိတို့ သူငယ်ချင်းတချို့ ရုပ်ရှင်ရိုက်ခဲ့ဖူးစဉ်က အဖြစ်အပျက်ကလေးကို အမှတ်ရခဲ့၏။

မိမိတို့သည်လည်း ငယ်စဉ်အခါက ရုပ်ရှင် ပိတ်ကားထက်သို့ ရောက်ခဲ့ဖူးပါ၏။ တစ်ကားတည်းပင် မဟုတ်။ ရုပ်ရှင်ကားကြီး နှစ်ကား တိတိကြီးများတောင်။

ကြာတော့ ကြာခဲ့ပြီ။ ယခုဆို ၁၅နှစ် အနှစ် ၂၀လောက်ပင် ရှိရော့မည်။

သူငယ်ချင်း စောတင်မောင်ကတော့ ရယ်စရာ ပြော၏။

"ရုပ်ရှင်လောကထဲဝင်ရတာ မလွယ်ဘူးဗျ၊ အနှစ် ၂၀လောက်မှာမှ နှစ်ကားပဲ ရိုက်ရတာ"

ဟူ၏။

(၂)

၁၉၇၀ခုနှစ် ဝန်းကျင်ကဖြစ်သည်။

ထိုစဉ်က မိမိက ပန်းချီပန်းပုကျောင်းမှာ တတိယနှစ်။

http://www.cherrythitsar.org



နောက်ဆုံးနှစ်ပေါ့။

တစ်နေ့ကျ ဆရာဦးဘလုံလေးက မိမိတို့ကို သတင်းတစ်ခု ပေး၏။ ယင်းမှာ ဒါရိုက်တာစာရေးဆရာ ဆရာကြီး ဦးသုခ၏ ရုပ်ရှင်ကားတစ်ကားတွင် ပန်းချီ သင်တန်းတစ်ခုပါရာ၊ ယင်းပန်းချီ သင်တန်းတွင် သင်တန်းသားများအဖြစ် မိမိပန်းချီကျောင်းသားများကို ခေါ်ယူ ရိုက်ကူးချင်သည်ဟုဆို၏။

ရုပ်ရှင်ရိုက်ကူးသည်ကို တစ်ခါမှ မမြင်ဘူးသေးသဖြင့် မိမိတို့ လည်း ပျော်သွားသည်။ ထိုနေ့တွင် ရုပ်ရှင်ရိုက်ကွင်းရှိရာသို့ မိမိတို့ကို ဒေါ့ဂျစ်ကားကြီးဖြင့် လာခေါ်သွားသည်။ ပန်းချီသင်တန်းသား လူ နှစ်ဆယ်ခန့်တော့ပါမည် ထင်၏။ ပန်းချီကျောင်းသူလေးငါးဦးလည်း ပါ၏။

ရုပ်ရှင်ရိုက်ကွင်းကား ဟယ်လ်ပင်လမ်း (ယခု ပြည်ထောင်စု ရိပ်သာလမ်း) အနီးရှိ ဆိတ်ငြိမ်သော ခြံဝန်းကျယ်ကြီးတစ်ခြံတွင်းမှာ ဖြစ်၏။

အခန်းကျယ်တစ်ခုတွင် စားပွဲများချထားသည်။ သို့သော် စားပွဲများက စာသင်ခုံများဖြစ်နေသည်။ ပန်းချီသင်တန်းခုံများကား ယင်းသို့မဟုတ်ပါ။ အားကစားသမားများ ပက်လက်လှန်၍ အလေးမ သော ခုံကဲ့သို့ တန်းလျားလေးတစ်ဘက်တွင် ထုပျဉ်ချပ်ရှည်ကြီး ထောင် ပြီး ရိုက်ထားသော ခုံပုံသဏ္ဌာန်ဖြစ်ရပါမည်။

ပန်းချီဆွဲမည့်သူသည် ခုံတန်းလျားကိုကားလျား ခွ၍ ပုံဆွဲမည့်

http://www.cherrythitsar.org



ဘုတ်ပြားကို ထောင်ကာထားသော ပျဉ်ချပ်ရှည်ပေါ်ရှိ အထစ်များတွင် မှေးတင်ကာ ပုံဆွဲရမည် ဖြစ်သည်။

ပန်းချီသင်တန်းခန်းမဖြစ်လင့်ကစား ရုပ်ရှင် ရှုတင်မန်နေဂျာက သူနားလည်သလို အလျဉ်းသင့်သလို ကျောင်းစာသင်ခန်းမှ စားပွဲခုံ၊ ကုလားထိုင်များကိုသာ ငှားရမ်းစီစဉ်ချပေးခြင်း ဖြစ်သည်။ ပန်းချီခန်းမသည် ပန်းချီအခင်းအကျင်းနှင့် မတူ။ ကျူရှင်စာသင်ခန်းတစ်ခု အသွင်သာပေါက်နေ၏။

ထားတော့။ မိမိတို့ကား ရုပ်ရှင်အရိုက်ခံဖို့ လာခဲ့ကြခြင်းသာ။ ပြခန်းအခင်းအကျင်းက မိမိတို့ ဝင်စွက်ဖက်ဖို့အကြောင်းမရှိ။ အခွင့်အလမ်းလည်း မရှိ။ ထိုစဉ်က မိမိတို့က ချာတိတ်များသာ။ အသက်နှစ်ဆယ်ဝန်းကျင် ပန်းချီကျောင်းသားများသာ။

ဒါရိုက်တာကြီး ဦးသုခကို ထိုစဉ်က စတင် မြင်ဖူးခြင်းဖြစ်၏။ ဆရာကြီးသည် ထိုစဉ်က မျက်စိ အမြင်အားကောင်းသေး၏။ ဆံပင်တို့ကတော့ ဖြူနေပြီ။ သရုပ်ဆောင်မည့်သူက ဦးစံမတူ။ သူက ပန်းချီကျောင်းအုပ်ကြီးနေရာ။

ကျန်သရုပ်ဆောင်များက ကျော်ဟိန်းနှင့် ဆွေဇင်ထိုက်ဖြစ်၏။ ရုပ်ရှင်ကားကြီးနာမည်က "အကာကအချစ်၊ အနှစ်ကမေတ္တာ"။ ကျော်ဟိန်းက ပန်းချီဆရာ။ ဆွေဇင်ထိုက်က သူဌေးသမီး။

ကောလိပ်ဂျင်နေဝင်းက ဆွေဇင်ထိုက်အဖေ သူဌေးကြီး။ ထိုရုပ်ရှင်ကားမှာ တစ်ခေတ်တစ်ခါက ရုပ်ရှင်ရိုက်ကူးခဲ့ဖူး၏။ ဝတ္ထုမှာ

http://www.cherrythitsar.org



ပိုက်ဆံကြီးအမည်ခံ ဆရာကြီး ပီမိုးနင်းဖြစ်၏။ ထိုစဉ်က ရုပ်ရှင်ကားကြီး နာမည်မှာ "တစ်သက်လုံးဖုံးသမျှ ကုန်းတော့မပေါ်" ဖြစ်ကြောင်း မိမိဖတ်ဖူး၏။ ဆရာကြီးဦးသုခက ပြန်လည်ဆန်းသစ် ရိုက်ကူးခြင်း သာဖြစ်သည်။

ရုပ်ရှင်စရိုက်တော့ အခန်းတွင်း၌ စားပွဲခုံများတွင် ပန်းချီကျောင်းသားများကို ထိုင်နိုင်း၏။ ပန်းချီ ကျောင်းသားများလည်း စာသင်သောကျောင်းသားများသဖွယ် စားပွဲခုံများတွင် ဝင်ထိုင်ကြ၏။

မိမိကတော့ မထိုင်ဖြစ်။ မိမိက ထိုစဉ်က လူငယ်သဘာဝ ဆံပင်ရှည်ထားခြင်းကြောင့် ဖြစ်သည်။ ပုခုံးပေါ်ကျလုလု ဆံပင်ရှည်၏။ ဆံပင်ရှည်သည် ရုပ်ရှင်ကားအတွက် တစ်စုံတစ်ရာ ထိခိုက်နိုင်လေမလား စိုးရိမ်စိတ်ဖြင့် မိမိထိုအခန်းတွင် ဝင်မပါဖြစ်။

စံမတူကပန်းချီအကြောင်း ပြောနေခန်း ရိုက်၏။ ပန်းချီဆိုင်ရာ သင်ခန်းစာစကားအချို့ ပြော၏။ စံမတူမှာ အဝတ်အစားကား သာမန်ဖြစ်၏။ ဖျင်ကြမ်း တိုက်ပုံကြီးဝတ်ထားသည်။ မသားနား။

သို့သော် ယင်းရုပ်ရှင်တစ်ခေတ်မှာ အဖြူ အမည်း ခေတ်သာ ဖြစ်ချေရာ တော်တန်ရုံအင်္ကျီသည် ရုပ်ရှင်ထဲကျ အဖြူအမည်း ကွဲပြားပေါ်လွင်နေလျှင် ပြီးနေပုံရ၏။

အပြင်တွင် မသားနားသော်လည်း ရုပ်ရှင် ပိတ်ကားထဲကျ မသိသာ။ ထိုသို့ သင်ပြနေစဉ် မင်းသားကြီး ကောလိပ်ဂျင်နေဝင်း ရောက်လာ၏။

စကား အချီအချပြောခန်း။

ကောလိပ်ဂျင်နေဝင်းနှင့် စံမတူက ယယ်သူငယ်ချင်း။ ကောလိပ်ဂျင်နေဝင်းက သူ့သမီး ဆွေဇင်ထိုက်အတွက် ပုံတူပန်းချီဆွဲရန် ပန်းချီဆရာ လာရှာခန်းဖြစ်သည်။

ထိုအခန်းပြီးတော့ ပန်းချီကျောင်းသားတစ်ဦး ပန်းချီရေးဆွဲပုံကို အနီးကပ်ရိုက်ချက်ဖြစ်၏။

မှတ်မိသေးသည်။

ပန်းချီကျောင်းသား တစ်ဦးဟု ခေါ်လိုက်ရာ မော်လမြိုင်က ကျောင်းလာတက်သော အောင်သန်းတင်က ဘုတ်ပြားလေးကိုင်ကာ ပြေးဝင်ပြီးထိုင်၏။

သို့သော် ဦးသုခက သူ့ကိုသဘောတွေ့ဟန် မတူ။ အခြားတစ်ယောက်နှင့် ပြောင်းခိုင်းသည်။ အကြောင်းမှု အောင်သန်းတင်သည်လည်း ဆံပင်ရှည်နေသောကြောင့် ဖြစ်သည်။ (ယင်းသူငယ်ချင်း အောင်သန်းတင်ကား ယခုအခါ ကွယ်လွန်သွားပြီဟု ကြားရ၏။ ပန်းချီကျောင်းဆောင်မှာ အတူတကွနေခဲ့ရဖူးသော ပန်းချီရေးဖော်များပင်)

အခြားတစ်ဦးပြောင်းရိုက်သည်။ ဘယ်သူဘယ်ဝါ ယခုအခါ ပြန်စဉ်းစားမရတော့။ နေ့လယ်ကျ ထမင်းကျွေး၏။ ရှူတင်ထမင်းစားဖူးခြင်းပင်။ ထမင်းဝေသောနေရာကို သွားပြီး ဟင်းပုံပေးထားသော ထမင်းတစ်ပန်းကန်ပြား ယူရ၏။

http://www.cherrythitsar.org



မိမိတို့ ပန်းချီကျောင်းသားများကိုလည်း ဝင်ရိုက်သူကော ရပ်ကြည့်သူပါ ထမင်းကျွေးပါသည်။

နေ့လယ်ကျ တစ်ခန်းရိုက်ပြန်၏။

ယင်းအခန်းကား ပန်းချီပြခန်း ရိုက်ကွင်းဖြစ်၏။

အခန်းကလေးတစ်ခန်းအတွင်း ပန်းချီကားများ ချိတ်ဆွဲထား၏။ ထိုပန်းချီကားများကို ပြပွဲလာပရိသတ် လှည့်လည်ကြည့်ရှုခန်း ဖြစ်သည်။

ရိုက်ကွင်းအတွက် ထိုပန်းချီပြခန်းကို ကြည့်ကြပ်စီစဉ်ပေးရသူမှာ ပန်းချီမောင်ဌေးအောင် (တွံတေး) ဖြစ်၏။ မိမိတို့နှင့်လည်း ခင်မင်သည်။

ထိုအခန်းရိုက်သော် ပရိသတ်ကား လူစုံရှိမည်မို့ မိမိလည်း ဝင်ရိုက်သည်။ မိမိနှင့် တွဲဖက်က ကာတွန်းဆရာ (ယခုတော့ ပန်းချီဆရာ) လူရှည် တောင်တန်းမိုးယဉ် ဖြစ်၏။

မိမိဆံပင်က ဂုတ်ထောက်သာသာ ရှိသော်လည်း လူရှည် တောင်တန်းမိုးယဉ် ဆံပင်က ပုခုံးပင် ကျော်နေ၏။ ဆံစလည်ဝဲပင်။ ထိုခေတ်အခါက မိမိတို့ ပုံစံကို လူကြီးမိဘများ မည်မျှလောက် အကြည့်ရဆိုးမည်နည်းဟု ယခုအခါ ပြန်ပြန်တွေးကြည့်တိုင်း ရင် မောမိသည်။

ထိုပန်းချီပြခန်းကလေးကို ကင်မရာ ခြောက်ခါ ပြောင်းရိုက်၏။ ရှုထောင့်ခြောက်မျိုးမှ ပြောင်းရိုက်ခြင်း ဖြစ်သည်။ ကင်မရာကမှု

http://www.cherrythitsar.org



တစ်လုံးတည်း။ နေရာ ခြောက်နေရာ ပြောင်းရိုက်ရခြင်းဖြစ်၏။

မိမိတို့ကလည်း ကင်မရာပြောင်းရိုက်တိုင်း ဝင်ဝင်ပါ၏။ လူအုပ်ရှေ့ ကင်မရာရှေ့မှ ဖြတ်ဖြတ်လျှောက်ပြီး ပန်းချီကားတွေ လက်ညှိုးထိုးပြ၊ ရယ်ကြဖြင့် သရုပ်ဆောင်ချက်မှာ ဟုတ်နေ၏။ လူအုပ်ထဲမှာ မိမိနှင့် လူရှည်မိုးယဉ်မှာ အရပ်ရှည်ရှည်။ ဆံပင်ရှည်ရှည်။ လွယ်အိတ်တွေနှင့် ဘိုသီဘတ်သီ မားမား မားမားနှင့် အတော်မျက်စိရှုပ်စဖွယ် ဖြစ်နေကြောင်း ရိုက်ကွင်းထဲတွင်မသိ။

လေးခါခြောက် ပြောင်းရိုက်ပြီး ငါးခါခြောက် ကင်မရာချိန်ထားချေပြီ။ မီးများက ဝိုင်းထိုးလိုက်၏။ မိမိနှင့် လူရှည်က ရိုက်ကွင်းထဲ ထပ်ဝင်ဖို့ ခြေလှမ်းအပြင် . . . နောက်မှ မိမိပုခုံးကို ဆွဲလိုက်၏။ အရေးထဲ။ စိတ်တိုစွာ လှည့်အကြည့် အားတုံ့အားနာဖြင့် မိမိကို ရပ်ကြည့်နေသော ပန်းချီကိုဌေးအောင်ကို မြင်ရ၏။

"ဘာတုန်းဗျ ကိုဌေးအောင်"

"ဟိုဟို ဆရာကြီးဦးသုခက ပြောနေတယ်၊ ခင်ဗျားတို့ နှစ်ယောက်ခန်းတွေ သိပ်များနေတယ်။ ဒီ အခန်းတွေတော့ မဝင်ပါနဲ့ တော့တဲ့"

"ဗျာ . . ."

မိမိနှင့် လူရှည်လည်း ကြက်သေသေသွား၏။ ရိုက်ကွင်းထဲ လှမ်းဝင်လုလု ခြေလှမ်းတို့ကို အသာပြန်ရုတ်ကာ ပွဲကြည့်ပရိသတ်သာ လုပ်နေရတော့၏။

http://www.cherrythitsar.org



သို့ဖြင့် ခြောက်ခါရိုက်သော ရိုက်ကွင်းတွင် မိမိနှင့် လူရှည်မှာ လေးခါသာ ပါခဲ့ရပါတော့ချိမ့်။

နောက်မှ ပြန်စဉ်းစားမိရသည်မှာ အမှန်မှာ ထိုရိုက်ကွင်းကို ခြောက်ခါလောက် ရိုက်ဖို့တော့ လို မည်မထင်။ သုံးလေးကြိမ် ရိုက်ရုံမျှနှင့် ပြီးနိုင်၏။ ခြောက်ခါရိုက်ရသည်မှာ အခေါက်တိုင်း ဝင်ဝင်ပါနေသော ဆံရှည်လမ်းသူ့ရဲ မိမိနှင့် လူရှည်မိုးယဉ်တို့ အခန်းကို ဖြတ်တောက်ပြင်ဆင် အစားထိုးဖို့ ပိုရိုက်ကူးကြောင်း စဉ်းစားမိ၏။

မိမိတို့ကား အလွန်တရာမှ လူမှုရေးနားမလည် သူများပါတကား။ မိမိတို့ကား ကူညီရာမရောက်။ နှောင့်ယှက်သလို ဖြစ်နေကြတော့၏။

ထိုရပ်ရှင်ကား ပြန်ပြသောအခါ ခနေဖြူ၌ မိမိ၏မိခင်မှာ ရပ်ရှင်တကူးတကသွားကြည့်၏။ မိခင်ကား ရပ်ရှင်ထဲ မိမိသားပါသည်ဆိုပြီး အလွန်တရာ ဝမ်းသာနေတော့သည်။ အမှန်က ဖြတ်လျှောက်ခန်းတွင် ဝင်လျှောက်ရုံသာ။ သရုပ်ဆောင်အဖြစ်သာ လုပ်ပါက မိခင်၏စိတ်တွင် မည်မျှဝမ်းသာချိမ့်မည်နည်း။

မိဘကား သားသမီးအောင်မြင်ထွန်းကားမှုကို အစဉ်ပင် လိုလားမျှော်လင့်တောင့်တနေကြသူများပင်။ မိခင်သည် ရပ်ရှင် ပိတ်ကားအောက်၌ မိမိရုပ်ပုံ (ဖြတ်လျှောက်ခန်း) ပေါ်လာသောအခါ နံဘေးတွင် ထိုင်နေသူကို သူမသိပါဘဲနှင့် အဲဒါ ဆွေမင်းဆိုတာပေါ့ဟု ပြောရှာသည်ဟု အတူပါသွားသော မိမိညီမလုပ်သူက ပြော၏။ မေမေ

http://www.cherrythitsar.org



ကား ပိတ်ကားထက်မှ သူ၏သားကို ကြည့်ပြီး အတော်ဝမ်းသာဟန် ရှိ၏။ သရုပ်ဆောင်အလုပ် ဝင်လုပ်ပါက ဆိုဖွယ်ရာရှိတော့မည်မထင်။

ထိုရုပ်ရှင်ကားကို မြန်မာ့ရုပ်မြင်သံကြားမှ လာတော့မှ မိမိ ကြည့်ဖြစ်သည်။ မိမိအခန်း ရောက်ကာနီး ရင်ခုန်ရ၏။

ရောက်သောအခါ မိမိတို့ ရုပ်ပုံများကို မိမိ မကြည့်ရဲ။ ဒါရိုက်တာကြီး ဦးသုခကို အားနာလှသောကြောင့် ဖြစ်၏။

မိမိတို့လုပ်ရပ်က ဆွမ်းဆန်ထဲ ကြွက်ချေးရောနေသကဲ့သို့ပင်။ ဆံပင်ရှည်ရှည် မိုးယဉ်က ဘောင်းဘီနှင့်။ မိမိက ပုဆိုးတစ္ဆတ်တိုက်။ ဖြတ်လျှောက်တာကလည်း လူတွေရှေ့ ကင်မရာရှေ့ခုံးကချည်း။

မိမိတို့အရုပ်များ ထပ်မပါစေရန် တားသော ဆရာဦးသုခကို လည်းကောင်း၊ ဝင်မေတ္တာရပ်ခံပေးသော ပန်းချီကိုဗေအောင်ကို လည်းကောင်း ယခုအခါ အလွန်ပင် ကျေးဇူးတင်မိရတော့သည်။

ထိုရုပ်ရှင်ကားကလည်း အကယ်ဒမီတွေရ၏။ ကျော်ဟိန်းရ၏။ ဒေါ်စိန်ခင်ရ၏။ အကယ်ဒမီရ ဇာတ်ကားကောင်းမို့ မြန်မာ့ရုပ်သံမှ မကြာခဏဆိုသလို ပြန်ပြန်ပြတတ်ချေရာ ထိုကားပြတိုင်း စိတ်မှာ မလုံဘဲ ရင်ခုန်ရသူက မိမိသာ။

ထိုကားထဲမှ ပန်းချီရေးဖော် ကျောင်းသူ သူငယ်ချင်းများကို ကြည့်၏။ ငယ်ရုပ်များမို့ လွမ်းရသည်။ သူတို့ကား ယခုမူ မြန်မာပြည် တစ်နံတစ်လျား ပြန့်ကျဲ ရောက်ရှိနေကြချေပြီ။

မိမိတို့ဖြတ်လျှောက်ခန်းရောက်တော့ ရုပ်ရှင်ပိတ်ကားထက်သို့

http://www.cherrythitsar.org



ရောက်ရှိသွားသော ငယ်စဉ်က အတွေ့အကြုံများကို ယခုမှနှောင်တ ရနေမိတော့သည်သာ။

ယင်းကား ငယ်စဉ်အခါက ရုပ်ရှင်ကင်မရာရှေ့ဝင်ရပ်ခဲ့ဖူးသော မိမိ၏ ဖျတ်ခနဲ ကင်မရာ အတွေ့အကြုံ ဟုဆိုသော် ရကောင်းအံ့လေသာ။

ထူးဆန်းပေစွ။

[သောကြာမဂ္ဂဇင်း။ ၂၀၀၁ ခုနှစ်၊ ဧပြီလ]



# ကင်မရာရှေ့မှာ ခဏတာ

(၁)

ဒီတစ်လ ဒုတိယအကြိမ် ရုပ်ရှင်ကင်မရာရှေ့ ရောက်ခဲ့ရပုံ အတွေ့အကြုံကလေးကို ရေးရပါဦးမည်။

ရုပ်ရှင်လောကသားများအဖို့ ကင်မရာသည် မဆန်းကြယ်သော်လည်း မိမိတို့လို ရုပ်ရှင်နယ်ပယ်နှင့် မနီးစပ်သူလူအဖို့ ရုပ်ရှင်ကင်မရာရှေ့ အမှတ်မထင် ဝင်ရပ်သရုပ်ဆောင်ခဲ့ရပုံမှာ ဘဝတစ်ခု အမှတ်တရ ဖြစ်ရဖွယ်ပင်။

(၂)

ထိုစဉ်က မိမိတို့က လူပျိုလူလွတ်။

မိမိတို့ဆိုသည်မှာ မိမိနှင့် သူငယ်ချင်း ပန်းချီ စောတင်မောင်

http://www.cherrythitsar.org



သာ။ အချိန်အားဖြင့် ၁၉၇၆ ခုနှစ် ဝန်းကျင်။

မိမိတို့က ထိုစဉ်က တောင်ဥက္ကလာပမှာ နေကြသည်။ မိမိ၏အဘ (ယခု မိမိ၏ မြို့ရာဇာတွက်ပီ စာအုပ်တွင် သူကြီးဘစီအဖြစ် ဇာတ်ကောင်အသွင် ယူထားသော) အဘစီ၏ အိမ်တွင် မိမိကနေသည်။ ကိုစောတင်မောင်ကို မိမိတို့က စောကြီးဟုပဲ ခေါ်ကြ၏။

စောကြီးက အဘအိမ်၏ ခြေရင်းခန်းကို ငှားထားသည်။

မိမိက ထိုစဉ်က စာနယ်ဇင်းကာတွန်းဆရာဘဝ။ ပန်းချီ စောတင်မောင်က ပုံလွှားရုပ်ပြစာအုပ်များဖြင့် အောင်မြင်မှုရနေသော အချိန်ဖြစ်၏။

နှစ်ယောက်သား လူပျိုလူလွတ်များအဖို့ ညစဉ် လက်ဖက်ရည်ဆိုင်ထိုင်၊ ညဥ့်နက်သန်းခေါင် ပုံရေး။ နေ့လည်ကျ စိတ်ကူးတည့်ရာ လျှောက်လုပ်နေကြသော ကာလလေးဖြစ်၏။

အနှောင်အတွယ်မရှိ။ ပကတိ လွတ်လပ်၏။ မရှိအတူ ရှိအတူ ဝါသနာတူ သူငယ်ချင်းများ ဖြစ်သည်။

တစ်ညကျတော့ လူတစ်ဦး ရောက်လာသည် ကိုသန့်ဇင်ဖြစ်သည်။ ကိုသန့်ဇင်က ယခု မိမိတို့နေသော အဘစီအိမ်တွင် ငှားရမ်းနေထိုင်သွားဖူးသူ ဖြစ်သည်။

"ကိုဆွေတို့ အားသလား"

"အားတာပေါ့ ဘာကိစ္စရှိလို့လဲ"

အချိန်က ညဆယ်နာရီခန့်။ အိမ်တံခါးပိတ်ကြတော့မည့်

http://www.cherrythitsar.org



အချိန်။ မိမိတို့လို အနုပညာသမား ညမအိပ်သူတို့လောက်သာ နိုးနိုး ကြားကြား ရှိနေချိန်။

"အားရင် တစ်ခု အကူအညီတောင်းချင်လို့"

"ဘာပါလိမ့်"

"ကျွန်တော့်အခုရုပ်ရှင်ရိုက်ကွင်းမှာ လူလိုလို့ လာခေါ်တာ"

"ဟင် ရုပ်ရှင်ရိုက်ကွင်း"

မိမိက အာမေဋိတ်သံဖြင့် မေးလိုက်၏။ ယင်း ကိုသန့်ဇင်နှင့် ရုပ်ရှင်နယ်ပယ် ဆက်စပ်မှုရှိသလား မရှိသလား မိမိမသိ။ သူနှင့် မိမိ သိစဉ်အခါက သူကား ရုပ်ရှင်နယ်ပယ်က မဟုတ်။

ကိုသန့်ဇင်က ရခိုင်ပြည်နယ်၊ ဂွမြို့ဇာတိဖြစ်သည်။ ရေကြည် ရာ မြက်နုရာ ရန်ကုန်မြေသို့ ခြေချခဲ့သူတစ်ယောက်။ အရောင်း အဝယ်၊ လက်သမားဘဝဖြင့် ကြုံရာ ကျပမ်းလုပ်ခဲ့သူအဖြစ်နှင့်သာ မိမိက သိခဲ့ ခြင်းဖြစ်၏။ ဘယ့်နယ် အခု ပြန်တွေ့တော့ ရုပ်ရှင်နယ်ပယ်ထဲ ရောက် နေရပါလိမ့်။

"ဟုတ်ကဲ့ ရုပ်ရှင်ရိုက်ကွင်းကပါ"

"ဒါရိုက်တာက ခိုင်မြတ်အောင်လေ။ သရုပ်ဆောင်က ကျော် ဟိန်း၊ သုမောင်၊ ဆွေဇင်ထိုက် ရုပ်ရှင်ကား။ အမည် ခိုင်တို့ညီအစ်မ အဲဒါ အခုရိုက်ကွင်းမှာ လူလိုနေလို့ ခင်ဗျားတို့ကို ချောလာဆွဲတာ"

ကိုသန့်ဇင်က ပြည့်ပြည့်စုံစုံ ပြောလိုက်၏။ မိမိမှာသာ ဘဝ အလှည့်အပြောင်း မြန်သော သူ့ဘဝကို အံ့သြနေမိသည်။

http://www.cherrythitsar.org



"ရပ်ရှင်ရိုက်ဖို့ လူလိုလည်း လိုက်မှာပေါ့။ ပြီးတော့ ကျော်ဟိန်းတို့နဲ့အတူ ပါမှာဆို ရိုက်ရမှာပေါ့"

မိမိက ပေါ့ပါးသွက်လက်စွာ ပြောသည်။

"ဒါဆို သွားမယ်။ လူက လေးငါးယောက်လိုတယ်။ ဘယ်သူရဦးမလဲ"

"ဒီမှာ စောတင်မောင်လည်း ရှိတယ်လေ။ သူ့ပါရမယ်"

စောတင်မောင်က ကိုသန့်ဇင်နှင့်လည်း ရင်းနှီးပြီးသူ ဖြစ်သဖြင့် အဆင်ပြေသွား၏။

စောကြီးကို အကျိုးအကြောင်းပြောပြတော့ စောကြီးက ရပ်ရှင် သိပ်မရိုက်ချင်ဘူးထင်၏။ ပျံလွှားပန်းချီ ရုပ်ပြရေးလက်စ စုတ်တံနှင့် ပုံဆွဲစာရွက်ကို ပစ်ချခဲ့ခါ ရုတ်ခနဲ ထလိုက်ခဲ့၏။

ရုပ်ရှင်ရိုက်ရမည်မို့ မိမိကော စောကြီးပါ ကိုယ်ပိုင်အကောင်းဆုံး အဝတ်အစားများ ရွေးချယ်ဝတ်ခဲ့သည်ကိုတော့ အထူးရှင်းမပြလိုတော့ပြီ။

ညကား မှောင်နေချေပြီ။

လမ်းထိပ်တွင် ဒေါ်ဂျစ်ကားအိုကြီးတစ်စင်းရပ်ထား၏။ ကိုသန့်ဇင်က...

"တက်ဗျို့... ဒီကားနဲ့ သွားရမှာ"

"ရတယ်"

ကားက ထိုစဉ်က ကြမ်းတမ်းသော ဥက္ကလာလမ်းသွယ်များ

http://www.cherrythitsar.org



ထဲမှာ ဒယီးဒယိုင်ဖြင့် မောင်းထွက်လာသည်။ ကိုသန့်ဇင်က···

"နှစ်ယောက်ထဲလားဗျ···နောက်ဘယ်သူ ရဦးမလဲ"

မိမိနှင့် စောကြီးလည်း စဉ်းစားကြရာ ဒီလိုညကြီးမင်းကြီး ညမအိပ်သူဟူ၍ ပန်းချီဆရာမှလွဲပြီး အခြားလူမရှိနိုင်တော့ရာ နီးနီးနား နား စဉ်းစားရင်း ခေါင်းထဲပေါ်လာရသည်ကား···

"ဟာ···ပိုက်ထွေး···စောကြီး···ပိုက်ထွေးကို သွားခေါ် ကြမယ်"

"ဟုတ်တယ် ဆွေကြီး··· ပိုက်ထွေးကိုပဲ ခေါ်သွားရအောင်"

ဒေါ်ဂျစ်မောင်းဆရာကို ပိုက်ထွေးနေရာ အိမ်ဂေဟာဘက် လမ်းညွှန်ရ၏။ ပိုက်ထွေးက ဥက္ကလာပ အင်းဝလမ်းသွယ် တစ်လမ်း မှာနေ၏။

ဥက္ကလာလမ်းများကား ထိုစဉ်က အလွန်ကြမ်း၏။ မိုးတွင်းဆို ရေက ဒူးဆစ်လောက်၊ နွေဆိုလည်း ချိုင့်များက တစ်ပေလောက်။ ထို လမ်းများမှ ဒေါ်ဂျစ်သည် မညှာမတာ နင်းမောင်းဝင်ခဲ့သည်။

အိပ်မောကျလုလု ရပ်ကွက်ကလေးသည် ကားအိုကြီး၏ အသံဖြင့် ခေါင်းထောင် ထကြည့်သယောင်ယောင်။

ပိုက်ထွေးကား မိမိတို့ ထင်သလိုမဟုတ်။ အိပ်နေချေပြီ။ အိမ်ရှေ့မှ အော်နှိုးရ၏။

"ဗျို့ ကိုပိုက်ထွေး··· ကိုပိုက်ထွေး"

လေးငါးခွန်းခေါ်မှ အတွင်းမှ ထူးသံကြားရ၏။

http://www.cherrythitsar.org



"ဗျာ ... ဘယ်သူတွေလဲ"

"ကျွန်တော်တို့ပါဗျာ... စောကြီးနဲ့ ဆွေကြီး"

"ဘာကိစ္စလဲဗျို့"

ရပ်ရှင်ရိုက်ဖို့ကိစ္စ။ ကျော်ဟိန်း၊ သုမောင်ပါမည်။ "ခိုင်တို့ ညီအစ်မ" ရပ်ရှင်ရိုက်ရန်ဟု မိမိတို့ကပြောတော့ ပိုက်ထွေးက သိပ်စိတ်ဝင်စားပုံမပြ။ သူက အိပ်သာ အိပ်ချင်နေပုံရသည်။

မိမိတို့က အတင်းခေါ်သဖြင့် နောက်ဆုံး သူ အိပ်ချင်မူးတူးဖြင့်သာ အဝတ်အစားလဲ ထလိုက်ခဲ့တော့၏။

"အိပ်ရေးပျက်တယ်ဗျာ၊ ကျော်ဟိန်းနဲ့ ရပ်ရှင်ရိုက်ဖို့ စူပါပိုက်ထွေးကို လာနှိုးရတယ်လို့"

ဒေါ်ဂျစ်ကားကြီးပေါ်တွင် ပိုက်ထွေးက ရယ်စရာပြောရင်း ပါလာသည်။ ပိုက်ထွေးက ရခိုင်လူမျိုးဖြစ်သည်။ ရပ်ပြကာတွန်းရေးဆွဲချင်၍ ရန်ကုန်ရောက်လာခြင်း ဖြစ်သည်။

ယခုမူ ထိုသူငယ်ချင်းဆုံးရှာပြီဟု ကြား၏။ (မိဝေး ဖဝေးနှင့် ရန်ကုန်၏လွတ်လပ်မှု၌ ယစ်မူးရင်း ငယ်ငယ်ရွယ်ရွယ်နှင့် တိမ်းပါးသွားခြင်း ဖြစ်ပုံရပါချိမ့်)

ကိုသန့်ဇင်က ဒေါ်ဂျစ်ပေါ်တွင် သူနှင့်ရပ်ရှင်နယ်ပယ် ထိတွေ့ရပုံကို ပြောပြ၏။

သူက ရပ်ရှင်မင်းသားကြီး ကောလိပ်ဂျင်နေဝင်းတို့အိမ်သို့ ရောက်နေသည်ဆို၏။ ကောလိပ်ဂျင်တို့၏ ခြံဝင်းတွင် ကားဂိုဒေါင်

http://www.cherrythitsar.org



အပေါ်ထပ်တွင် သူနေ၏။

ထိုစဉ်က ကောလိပ်ဂျင်နေဝင်းဆုံးပြီ ဖြစ်သည်။ ဒေါ်ခင်မာလာက "ခိုင်မြတ်အောင်"အမည်ဖြင့် ရုပ်ရှင်ကားကြီး ရိုက်သည်။

ထိုရုပ်ရှင်ရိုက်ကွင်းတွင် ကိုသန့်ဇင်က တစ်ထောင့်တစ်နေရာမှ ဝိုင်းဝန်းကူညီရခြင်း ဖြစ်သည်။ ယခုလည်း ညကြီးမင်းကြီး ရုပ်ရှင်ရိုက်ကွင်း၌ အရေးပေါ် လူလို၍ မိမိတို့ကို ပြေးခေါ်ရခြင်းဖြစ်သည်။

ရုပ်ရှင်ရိုက်ကွင်းက ဗဟန်းဟာမစ်တစ် အလွန် ရွှေတောင်ကြား ရပ်ကွက်တွင်းတွင် ဖြစ်၏။

တိုက်အိမ်ထဲရောက်တော့ လူအတော်များများကို တွေ့ရသည်။ ဇာတ်ရုံများတော့ မိမိတို့ စုံလင်စွာမသိ။

ထူးခြားစွာ ပေါ်လွင်နေသူများက ကျော်ဟိန်းနှင့် သုမောင်ပဲ ဖြစ်၏။

လွန်ခဲ့သော (၁၅)နှစ်လောက်ကမို့ ကျော်ဟိန်းနှင့် သုမောင်သည် နုပျိုနေကြ၏။

စားပွဲများ ဆက်ထားသော ခုံတန်းများ အရှည်ကြီးခင်းထား၏။ ခုံတန်းများ တစ်ဘက်တစ်ချက်တွင် လူအများထိုင်နေကြသည်။ စားပွဲပေါ်တွင် စားသောက်ဖွယ်ရာများ ခင်းကျင်းထား၏။

ညစ်ခံပွဲရိုက်မည့်ဟန်ပန် ဖြစ်သည်။

ကင်မရာကြီးတစ်လုံးက မလှမ်းမကမ်းမှ ချိန်ထား၏။ ကင်မရာကြီးကား ဆေးရောင်များ ကွက်နေသည်။ အတင်အချ လုပ်မရ၊

http://www.cherrythitsar.org



တစ်ပေစီလောက်မြင့်သော ခုံများဖြင့် ကင်မရာကြီးကို မမပြီး အောက်မှ သွင်းကာခံပေးခြင်းဖြင့် မြင့်စေသည်ကို တွေ့ရ၏။

မြန်မာဖြစ်ကရိန်းဟု တင်စားရမလိုလို။

မိမိတို့ကား ရုပ်ရှင်ရိုက်ကွင်းနှင့် စိမ်းခဲ့သူများမို့ မြင်မြင်သမျှ အသစ်အဆန်းတွေသာ ဖြစ်နေရတော့၏။

ဒေါ်ခင်မာလာကိုလည်း တွေ့ရ၏။ ပောမာနေဝင်းကိုလည်း တွေ့ရသည်။ ထိုစဉ်က ပောမာက သီချင်းမဆိုသေး။

ရုပ်ရှင်ရိုက်ဖို့ စီစဉ်နေသူများက စီစဉ်နေကြသည်။ ကိုသန့်ဇင်က မိမိတို့ သူငယ်ချင်းတစ်သိုက်ကို ခုံတန်းလျားရှည်ကြီး၏ ထိပ်ရှိ ဆက်တီ ကုလားထိုင်ဝိုင်းတွင် နေရာချပေး၏။ မိမိတို့လည်း ဆက်တီများတွင် ဝင်ရောက်ထိုင်ရင်း ရိုက်ကွင်းကို အကဲခတ်လေ့လာနေသည်။

ကျော်ဟိန်းက နီးရာလူများနှင့် စကားပြောလို့နေ၏။ သုမောင်က လိုက်နှောက်၏။

ကိုသုမောင် နှောက်နေသော မြင်ကွင်းကို ယခုထက်ထိ မိမိ အမှတ်ရနေပေ၏။

သူက ကျော်ဟိန်းနားကပ်သွားသည်။

"ကိုကျော် . . . ကိုပြောစရာရှိလို့"

ကျော်ဟိန်းက လှည့်ကြည့်ပြီး . . .

"ဘာများတုန်း စာရေးဆရာ"

"ကျွန်တော်ဗျာ အခု ဒီရိုက်ကွင်းကို လာဖို့ပြင်ဆင်နေတုန်း

http://www.cherrythitsar.org



ကျွန်တော့်မိန်းမ မအေးဘုံက… ကျွန်တော့်ကို ဘောင်းဘီရှည်ဝတ် သွားခိုင်းသဗျ။ အဲဒါနဲ့ သူပေးလိုက်တဲ့ ဘောင်းဘီ ကျွန်တော်ဝတ်လာ ရတယ်…"

ကျော်ဟိန်းက သုမောင်ကို ငုံ့ကြည့်၏။ "ဟင်…ခင်ဗျားက ဘောင်းဘီသာဆိုတယ် ဝတ်ထားတာက ပုဆိုးပါလားဗျ"

ဟုတ်သည်။ ထိုညက သုမောင် ဝတ်ထားတာ ပုဆိုး။

"အို့ ဒီမှာလေဗျာ အေးဘုံဝတ်ခိုင်းသွားတဲ့ ဘောင်းဘီ"

ကိုသုမောင်က ပြောပြောဆိုဆို ပုဆိုးကို အောက်ခြေအနားမှ ကိုင်ခါ ခါးအထိ လှန်တင်လိုက်၏။

"ဟာ …"

မိမိတို့လည်း မျက်လုံးပြူးသွားသည်။ အနားမှ လူများလည်း မျက်လုံးပြူးသွား၏။

တော်ပါသေး။

ကိုသုမောင်ကား ဘောင်းဘီပါ၏။ သို့သော် ဘောင်းဘီက ရယ်စရာ။ ဘောင်းဘီတိုလည်းမဟုတ်။ ဘောင်းဘီရှည်လည်း မဟုတ်။

ဘောင်းဘီလက်စက ခေါ်ရမည်လားမသိ။ ဘောင်းဘီ အောက်နားက ဒူးဆစ်အောက်သာသာ။ ခြေသလုံး တစ်ဝက်လောက်။ ပြီးတော့ အသားကပ်ဘောင်းဘီ ကပ်လိုက်တာမှ ဘောင်းဘီအသား သည် ကိုသုမောင် ခြေသလုံးသားနှင့် ပေါင်တံအတိုင်းသား ကွက် ကွက်ကွင်းကွင်း ပေါ်နေ၏။

http://www.cherrythitsar.org



ပြင်သစ်ရာဇဝင်ထဲမှ စစ်သားများ ဝတ်သောဘောင်းဘီပမာ။ အသားကပ်။ ပြီးတော့ အရောင်ကလည်း အစိမ်းနုဖန့်ဖန့် အရောင်လေး။

နံဘေးမှ ယင်းအဖြစ်ကို မြင်သူတိုင်း ဝါးခနဲ ရယ်ကြ၏။ မိမိတို့လည်း ရယ်သည်။ ကျော်ဟိန်းကမူ ရယ်ရင်းက ပြောသည်က…

“ဟာ … တော်တော်နောက်တဲ့ စာရေးဆရာပဲ”

ကိုသုမောင်က လူတော်တော်များများကို ထိုသို့ပင် လုပ်ပြရင်း လိုက်နောက်နေသည်ကို မိမိတို့က ထိုင်ကြည့်ရင်း သဘောကျနေသည်။ ထိုစဉ်က ထွေနေပုံရ၏။

မိမိတို့ကား ကျော်ဟိန်း၊ သုမောင် စုပါနှစ်ယောက်ကို အနီးကပ်တွေ့ရသဖြင့် ကျေနပ်ဝမ်းသာနေ၏။

ထို့နောက် ရုပ်ရှင်စရိုက်ကြသည်။

စားပွဲခုံတန်းလျားရှည်ကြီး တစ်ဘက်တစ်ချက်တွင် လူများထိုင်နေ၏။ ကျော်ဟိန်းက တစ်ဘက်တွင် ဝင်ထိုင်နေ၏။ ကင်မရာက သူ့ကို ချိန်ထားသည်။

ကင်မရာ ဘောင်ဝင်မဝင် ကျော်ဟိန်းက လှမ်းပြောရင်း သရုပ်ဆောင်၏။ ရီဟာဇယ်ပေါ့။ သရုပ်ဆောင်ခြင်းက မလွယ်။ ကျော်ဟိန်းက မတ်မတ်ရပ်ရင်း လက်ကိုခေါင်းပေါ်ကွေးတင်ကာ က၏။ ရှိတ်ဆွဲ၏။ သူ့ သရုပ်ဆောင်မှုသည် ကင်မရာဘောင်တွင်း ဝင်မဝင် ကလိုက် လှမ်းမေးလိုက်လုပ်၏။ လူအားလုံးက ထိုင်ကြည့်နေကြသည်။ ကျော်ဟိန်းက ကသည်။

အလေ့အကျင့်မရှိပါက အတော်ပင် အူကြောင်ကြောင် နိုင်လှသော အလုပ်ဖြစ်၏။ ရုပ်ရှင်ရုံ ပိတ်ကားထက်ကျတော့လည်း အဆင်ချောနေ၏။ ပိတ်ကားနောက်ကွယ်မှ သရုပ်ဆောင်ရသည်ကတော့ မလွယ်ပါလား။

အတော့်ကို မျက်နှာပြောင်ရသော အရှက်ကို ဘေးချိတ်ရသော အနုပညာတစ်မျိုးပါလားဟု မျက်ဝါးထင်ထင် တွေ့ပြီး သရုပ်ဆောင်သူများ၏ ဘဝကို မိမိလေးစားမိရ၏။

ထိုညက လူပုံအလယ် ကျော်ဟိန်း ကသောအကွက်ကို အတော်ကြာကြာ ရိုက်ရ၏။ ရိုက်တာက မကြာ၊ ပြင်ဆင်ရတာက ပို ကြာ၏။

ကျော်ဟိန်းပြီးတော့ မိမိတို့ အလှည့်။ ကျော်ဟိန်းအကကို ဂစ်တာလိုက်တီးပေးရသော ဂစ်တာဝိုင်းကလေးအဖြစ် မိမိတို့က သရုပ်ဆောင်ရခြင်းဖြစ်၏။

ဂစ်တာက နှစ်လက်၊ တစ်လက်က စောကြီးကတီးသည်။ မိမိလက်ထဲကို ဂစ်တာတစ်လက် လာထည့်ပေးထားကြ၏။ တီးပေါ့။ ဘာရမလဲ။ ကျော်ဟိန်းတောင် မျက်နှာပြောင်ပြောင်နဲ့ သရုပ်ဆောင်ထူးချွန်သေးတာ။ မိမိတို့လည်း အနုပညာသမားတွေပဲ။ ကြဲလိုက်ကြတာပေါ့။

ပိုက်ထွေးက စည်းလိုက်ပုံ သရုပ်ဆောင်၏။ ရီဟာဇယ်လုပ်သည်။

http://www.cherrythitsar.org



ဂစ်တာတီး၏။ ထိုနေရာ၌ ပြဿနာတစ်ခုတွေ့၏။ ယင်းမှာ မိမိက ဂစ်တာကို ဟုတ်တိ ပတ်တိ မတီးတတ်ခြင်းပင်။ ဂစ်တာကို ကော့ဒ်လေးခုသာ မိမိတီးတတ်၏။

ယင်းလေးခုမှာလည်း စိုင်းထီးဆိုင်၏ "နေရစ်တော့ကွယ် သွားတော့မယ်" တေးသွားအလိုက်ဖြစ်၏။ ယင်းသီချင်းမှာ ကော့ဒ်လေးခုကိုသာ အများဆုံး တီးခတ်သီဆိုရ၏။

မိမိကလည်း ဂစ်တာကို ထိုကော့ဒ်လေးခုသာ တီးတတ်ရာ ယခု ဖွင့်ထားသော သီချင်းမှာ အခြားသီချင်းဖြစ်နေသဖြင့် အတီးတခြား သံစဉ်တခြားဖြစ်နေ၏။

စောကြီးက ဂစ်တာကို အတော်လေး တီးခတ်တတ်သည်။ စောကြီးက သံစဉ်ကို လိုက်ပြီး ခြေရာခံတီးခတ်၏။ ပြီးတော့ ကိုယ်ကို လည်း ယိမ်းထိုးသရုပ်ဆောင်ရပါသေး။ မိမိတို့ လုပ်ချင်သလို လုပ်နေ ပုံကို ကျော်ဟိန်းက အမြင်မတော်လေသလား မသိ။

ရောက်လာပြီး ကြည့်၏။

ပြီးတော့ မိမိ ဂစ်တာကို ယူပြီး သူတီးပြ၏။ တီးပုံတီးနည်း လည်း ပြော၏။ မိမိကို ပြန်ပေးပြီး တီးကြည့်စေ၏။ မိမိကတော့ မူလ တီးသည့် ကော့ဒ်လေးခုပဲ။ ဒါပဲ။ တခြားကော့ဒ် မကိုင်တတ်။

ကျော်ဟိန်း စိတ်ပျက်သွားသည်။

စောကြီးကို ကြည့်၏။ စောကြီးက သိပ်ဆို။ ကျော်ဟိန်းလည်း စောကြီး၏ ဂစ်တာကိုယူပြီး တီးပြ၏။ ဆိုပြ၏။ ခန္ဓာကိုယ်ကို ယိမ်းနွဲ့

http://www.cherrythitsar.org



လှုပ်ရှားပုံလည်းပြ၏။ ကြည့်ကောင်း၏။

ဗှာန်ကရိုဏ်းကျ၏။ ကျမှာပေါ့ သူက စူပါမင်းသားပေကိုး။

ထိုစဉ်က ကျော်ဟိန်းက စူပါအဆိုတော်မဖြစ်သေး။ သီချင်း စီးရီးခွေ မထုတ်သေး။ နောက်ပိုင်းကျ ကျော်ဟိန်းသည်လည်း "စင်ပေါ်က သီချင်းများ" စီးရီးခွေဖြင့် ထိပ်တန်းရောက်ခဲ့သည်။

ရီဟာဇယ် လုပ်ပြီးတော့ ရှေ့မှ ကင်မရာကြီးလာချိန်၏။ မီးများ ဝိုင်းထိုးထားသည်။ ကက်ဆက်ဖြင့် သီချင်းကိုဖွင့်ပေး၏။

"ရယ်ဒီ၊ ရိုက်မယ်၊ ငြိမ် ဝမ်းတူးသရီး "

"ကတ်"

ကင်မရာရှေ့မှ ကတ်ရိုက်သည့် ကရိယာလေးကို ပြန်ရုတ် သွားသည်နှင့် မိမိတို့သီချင်းသံစဉ်နှင့်အတူ တီးခတ်ကြ၏။

လှုပ်ယမ်းကြ၏။ စောကြီးလည်း ကျော်ဟိန်းပြသော ဂစ်တာ ကော့ဒ်အကွက်များကို နှိပ်၍တီး၏။ မိမိကတော့ မိမိဖျစ်ဖျစ်မြည်အောင် သင်ထားဖူးသော ဂစ်တာကော့ဒ်ကိုပဲ အပြန်အလှန်တီး၏။ ဒီကော့ဒ် လေးခုကိုသာ ဖင်တစ်ပြန် ခေါင်းတစ်ပြန် လှည့်တီးနေ၏။

ပိုက်ထွေးက သီချင်းလိုက်ဆိုရင်း စည်းလိုက်သည်။

လူတွေကတော့ ခန္ဓာကိုယ်တွေကို လှုပ်လိုက် ယိမ်းလိုက်၊ ပါးစပ်ကို ပိတ်လိုက် ဟလိုက် အော်လိုက်နှင့် ဖြစ်ချင်တိုင်းဖြစ်နေတော့ သည်။

ကင်မရာအနီးမှ ကိုသန့်ဇင်က မိမိကို ခန္ဓာကိုယ် အလှုပ်နည်း

http://www.cherrythitsar.org



နေသဖြင့် အားရပါးရ လှုပ်ယှိမ်းရန် သူ့ခန္ဓာကိုယ်ကြီးကို ဥပမာ ယှိမ်းပြနေ၏။

နားတွေလည်း ဆူညံနေသည်။ မီးရောင်ကလည်း စူးရှဝင်းလက်နေသည်။ လူတွေကလည်း ဝိုင်းအုံကြည့်နေ၏။

ဘာတွေမှန်းတော့မသိ။

ရုပ်ရှင်ရိုက်ရတာ မလွယ်ပါလား။

ထိုအကွက်လေး တစ်ကွက်နှင့် ကျော်ဟိန်း သီချင်းဆိုကွက်လေးတစ်ကွက် ရရှိဖို့ကို တစ်ညလုံး အချိန်အသုံးပြု ရိုက်ကူးခဲ့ကြရသည်။

ပြတော့...

ငါးမိနစ်ဝန်းကျင်မျှသာ။

မနက်လေးနာရီလောက်မှ မိမိတို့ကို ဒေါ်ဂျစ်အိုကြီးဖြင့် ပြန်ပို့ကြ၏။

ထိုတစ်ညက မပြီးပြတ်သဖြင့် နောက်နေ့မနက် ဆယ်နာရီလောက် ပြန်လာခေါ်ကာ ညက လက်ကျန်ကို ဆက်လက်ရိုက်ကူးခဲ့၏။

သုမောင်က အိမ်အတွင်းမှ သံပန်းကို လက်ထောက်ပြီးသရုပ်ဆောင်သည်။

ကျော်ဟိန်းက အပြင်မှ ကားကို တံခါးပိတ်သံသာကြားရပြီးအိမ်တွင်း ပြေးဝင်လာဟန်၊ မောမောပန်းပန်း ဖြစ်နေဟန်အသံကောအမူအရာပါ သရုပ်ဆောင်ရ၏။

http://www.cherrythitsar.org



ကိုသုမောင်က သူ့ မနေ့ညက သံပန်းကို လက်ထောက်သည့် နေရာ ဒီနေရာဟုတ်ပါရဲ့လားဟု မိမိတို့ကိုမေး၏။

ညကလည်း မအိပ်ကြ။ ယခု မနက်လည်း အစောကြီး ပြန် ထလာကြကာ ရုပ်ရှင်ရိုက်ပြန်၏။

အနုပညာသမားများကား နေ့နှင့်ည မကွဲပြားကြသော လူ တန်းစားများပင်။

(၃)

ထို "ခိုင်တို့ညီအစ်မ" ရုပ်ရှင်ရုံတင်တော့ မိမိတို့ သွားကြည့် ကြ၏။ မိမိတို့အခန်းရောက်ကာနီးကျ ရင်ခုန်ရ၏။

လာပါပြီ။

ညှော့ခံပွဲတွင် ကျော်ဟိန်း ထကခုန်။

ရိုက်ကွင်းတွင် အတော်ကြောင်သော်လည်း ပိတ်ကားထက် ကျ အဆင်ချောနေ၏။

မိမိတို့ သူငယ်ချင်းတစ်သိုက်၏ ဂစ်တာဝိုင်းကိုပြတော့ သီချင်း က ထပ်ထားသဖြင့် နားထောင်ကောင်းနေ၏။ လက်ကွက်များ သရုပ် ဆောင်ဟန်ကတော့ ချာတူးလန်နေ၏။ မျက်နှာများကို ပြူးလိုက်၊ ပြဲ လိုက်၊ အော်လိုက်၊ ဟစ်လိုက်၊ ခန္ဓာကိုယ်များကို ယိမ်းလိုက် ထိုးလိုက် မျက်စိကို ရှုပ်နေ၏။ နောက်ဆုံးခန်းကျ ပိုက်ထွေးက ခန္ဓာကိုယ်ကို နောက်သို့ လှန်ချလိုက်၏။

http://www.cherrythitsar.org



ထိုအခန်းကား ပိတ်ကားထက်၌ သုံးလေးမိနစ်စာသာ။

ကိုသန့်ဇင်ကလည်း သူ့အခန်းပါဦးမည်ပြော၏။ မိမိတို့လည်း စောင့်စားကြည့်၏။ ပါမည့်ပါတော့ အင်းလျားကန်စပ်တွင် ကျော်ဟိန်းနှင့် ရန်ဖြစ်ကြသော အခန်း။ ကျော်ဟိန်းက သူ့ကို လက်သီးနှင့်ထိုး မြေပြင်ပေါ်ပစ်ကျသွားသည့်အခန်း။

သူက သူ့အခန်း အဲဒါဟုပြ၏။ မျက်နှာပင်မမြင်ရ။ ပြီးတော့ အထိုးခံရသဖြင့် လဲကျသွားခန်း။

သူက အားရပါးရ ပြသော်လည်း မိမိတို့ ကြည့်ရမှာ အားနာနေမိ၏။

(၄)

တစ်ရံရောအခါက မိမိတို့သည်လည်း ရုပ်ရှင် ကင်မရာရှေ့တွင် ဝင်ရပ်ခဲ့ဖူးပါသည်။

[သောကြာမဂ္ဂဇင်း။ ၂၀၀၁ ခုနှစ်၊ မေလ]



# အောင်မြင်မှုတံစက်မြိတ်အောက်သို့ ရောက်ခဲ့ဖူးသူများ

(၁)

တစ်နေ့မြို့ထဲရှိ တတိုင်းမွေး ကာတွန်းဂျာနယ်တိုက်မှ အိမ်သို့ ပြန်အရောက်ဖြစ်သည်။ ဇနီးသည်က ဆီးပြော၏။

"ဆရာ ... ဆရာ့ကိုတွေ့ချင်လို့တဲ့ ... ရွှေပြည်သာက ကလေးတစ်ယောက် လာတယ်"

ဇနီးသည်က မိမိကို အလွယ်တကူ ဆရာဟုသာခေါ်လေ့ရှိ၏။

"ဟေ ဟုတ်လား...ဘယ်ရွယ်ရှိပြီလဲ"

"၁၅နှစ်လောက်ရှိပြီ၊ ခုနှစ်တန်းတဲ့ ..."

"သြော် ..."

"မောင်စောအောင်ထွေးတဲ့"

"အင်း"

http://www.cherrythitsar.org



"သူ့အမေပါ ပါတယ်"

"အေး"

မိမိက ပါလာသည့် လက်ဆွဲအိတ်ကို ဇနီးဖြစ်သူကို ပေးလိုက်သည်။ ဇနီးက လက်ဆွဲအိတ်ကို နေရာတကျထားသိုရင်း ဆက်ပြောနေ၏။

မိမိလည်း ဆက်တီထွင် ဝင်ထိုင်သည်။

"အဲဒါမနေ့က သူ့ဖာသာသူ တစ်ယောက်ထဲထွက်လာတာ အိမ်က ပျောက်သွားလို့တဲ့"

"ဟေ ..."

"ကျောင်းလည်း မတက်ဘူး၊ ညမိုးကြီးချုပ်မှ အိမ်ပြန်ရောက်လာတာတဲ့ သူ့အမေက ပြောတယ်"

"ဟေ ... ဘယ်ကို ပျောက်သွားလို့လဲ"

"ဆရာ့ဆီလာတာတဲ့..."

"ဟင် ... ဆရာ့ဆီ"

"ဟုတ်တယ်တဲ့ သူက တွတ်ပီကာတွန်းကို သိပ်ကြိုက်တာတဲ့။ တွတ်ပီစာအုပ်တွေ ငှားတယ်၊ ဖတ်တယ်၊ ဝယ်တယ်၊ စုတယ်၊ တတိုင်းမွေးဂျာနယ်လည်း ဝယ်စုထားတာ တစ်ထပ်ကြီးပဲတဲ့ ..."

"ဟုတ်လား..."

"ဟုတ်တယ် ... တစ်နေ့ တစ်နေ့ တွတ်ပီပုံတွေချည်းပဲ ထိုင်ထိုင်ဆွဲနေတာတဲ့၊ အဲဒါ... ကျောင်းစာလည်း ဟုတ်တိပတ်တိ

http://www.cherrythitsar.org



မလုပ်ဘူး…ပြောလည်း မရဘူးတဲ့"

"ဩော်…ကလေးအရွယ်ဆိုတော့ စွဲမိစွဲရာပေါ့ကွာ…"

"အဲဒါ … တွတ်ပီအရုပ်တွေ အမြဲကူးဆွဲရာကနေ ဆရာ့ကို တွေ့ချင်လာတယ်။ အဲဒါနဲ့ ဆရာ့ဆီလာတာတဲ့၊ ကလေးဆိုတော့ ရွှေပြည်သာကနေ တောင်ဥက္ကလာကို လာရင်း မလာတတ်တော့ဘဲ လျှောက်သွားတာတဲ့…"

"တော်သေးတာပေါ့ကွာ…သူ့အိမ်သူပြန်ရောက်သွားလို့"

"အဲဒါ…မဖြစ်ချေဘူးဆိုပြီး သူ့အမေကိုယ်တိုင် ဆရာ့ဆီ လိုက်ပို့ပေးရတာ"

"ဩော်…ထွက်ပြေးလာမှာနဲ့စာရင် ခုလို လိုက်ပို့ပေးလိုက်တာ ကောင်းတာပေါ့ကွာ…"

"တွေ့ချင်လို့ ထိုင်စောင့်နေကြသေးတယ် …"

"ရွှေပြည်သာက…ဆိုရင် အဝေးကြီးပဲကွ…အပြန်မိုးချုပ် အခက်အခဲ ဖြစ်နေပါဦးမယ်"

မတွေ့လိုက်ရသော်လည်း မိမိ၏ဖန်တီးမှုအနုပညာတွင် နှစ်သက်နေသော သူငယ်လေးအတွက် ကြည်နူးကရုဏာ သက်ခဲ့ရပါသည်။

(၂)

နွေနေ့လယ်ခင်းဖြစ်သည်။ မြို့ထဲရှိ တွတ်ပီစာအုပ်တိုက်၏ တယ်လီဖုန်းက မြည်လာ၏။

http://www.cherrythitsar.org



"တွတ်ပီစာအုပ်တိုက်ကပါလား ခင်ဗျား ..."

"ဟုတ်ကဲ့..."

"ဆရာကြီး ဦးဆွေမင်းနဲ့ တွေ့ချင်လို့..."

မိမိ ရုတ်တရက် တွေသွားသည်။ အသံက ယောက်ျားကြီး တစ်ယောက်၏ အသံ၊ မိမိကား အသက်ကော ပညာပါ ဆရာကြီး ခေါ်ထိုက်သော အနေအထားသို့ မရောက်သေး။ အသက်သိပ်မကြီး သေးသလို ပညာကလည်း နုနယ်ပါသေး၏။

"ဟုတ်ကဲ့...ကျွန်တော် ဆွေမင်းပါ ..."

"ဟာ ... ဆရာကြီးလား ... ဝမ်းသာလိုက်တာ၊ ကျွန်တော် ကျောက်တန်းက မောင်ထွန်းထွန်းနိုင်အဖေပါ ..."

"ဩော်..."

မောင်ထွန်းထွန်းနိုင်ကား မိမိအပတ်စဉ် ရေးဆွဲထုတ်ဝေနေသော တတိုင်းမွှေးကာတွန်းဂျာနယ်၊ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် စိတ်ကူး ရုပ်ပုံပြိုင်ပွဲများတွင် အမြဲတမ်း ဝင်ရောက်ရေးဆွဲပြိုင်ပွဲဝင်နေသူ တစ်ဦး ဖြစ်ပါသည်။ လက်ရာကောင်း၏။ ဆုလည်း မကြာခဏရဖူးပါသည်။

ဆေးရောင်ခြယ်ပြိုင်ပွဲ ပထမ၊ စိတ်ကူးအရုပ်ပြိုင်ပွဲ ပထမ စသဖြင့် ဖြစ်ခဲ့ရဖူး၏။ ရောင်စုံခြယ်လက်ရာ ကောင်းသလို စိတ်ကူးမင် ခြစ်လိုင်းကလေးများသည် ကောင်းမွန်၏။

ထိုကလေးကား တတိုင်းမွှေး ဂျာနယ်၏ ကလေးပရိသတ် အဖြစ် မိမိသိရှိပြီးသား။ မမြင်ဘူးသော်လည်း ပြိုင်ပွဲဝင် အဆက်

http://www.cherrythitsar.org



အသွယ်က အပတ်စဉ်။ ပြီးတော့ တွတ်ပီလုံးချင်းစာအုပ်ထွက်တိုင်း ဆိုင်ကမဝယ်။ မိမိဆီသို့သာ လှမ်းမှာတတ်သည်။ စာအုပ်ကို စာတိုက်မှ ပို့ပေးရ၏။

ထိုကလေးနှင့် မိမိ ဖုန်းစကားပြောဖူးသည်။ ပန်းချီကာတွန်း ရေးဆွဲခြင်းကို ဝါသနာထုံသူကလေးဟု မိမိ မှတ်သားမိသည်။

ယခု ထိုကလေး၏ ဖခင်တဲ့။

"ကျွန်တော် အခု တာမွေက ဆက်နေတာခင်ဗျာ..."

"ဟုတ်ကဲ့..."

"ကျွန်တော့်အမျိုးသမီးလည်း ပါတယ်"

"ဟုတ်ကဲ့..."

"အဲ့ဒါ မောင်ထွန်းထွန်းနိုင်ကိစ္စကို ဆရာကြီးနဲ့ လာတွေ့ချင်လို့ ရမလားခင်ဗျား..."

"ဟုတ်ကဲ့ ... ရပါတယ်"

"လာခဲ့လေ"

"ဒါဆို နောက်နာရီဝက်လောက်ဆို ကျွန်တော်တို့ ရောက်ပါမယ့်ခင်ဗျာ..."

သို့ဖြင့် မကြာခင် သူတို့ရောက်လာ၏။ အသက် ၅၀ နှစ်ဝန်းကျင် တောင့်တောင့်တင်းတင်း ကျန်းကျန်းမာမာ ရှိလှသော ပုံစံဖြင့် အမျိုးသားကြီးတစ်ဦး အမျိုးသမီးကြီးတစ်ဦး။

အမျိုးသမီးကြီး၏ ညှိုးစိမ့်သော အသားအရေတွင် ဆွဲထား

http://www.cherrythitsar.org



သော ရွှေဆွဲကြိုးကြီးက ဝင်းအိနေသည်။

"ကျွန်မတို့က မောင်ထွန်းထွန်းနိုင်ရဲ့ မိခင်နဲ့ ဖခင်ပါ"

"ဟုတ်ကဲ့ မောင်ထွန်းထွန်းနိုင်ကိုတော့ မမြင်ဘူးပေမယ့် ဖုန်းထဲမှာတော့ ပြောဖူးပါတယ်။ အပတ်စဉ်လည်း ရင်းနှီးကျွမ်းဝင်လျက်ပါပဲ"

အမျိုးသမီးကြီးကလည်း ဦးဆောင်ပြော၏။

"အဲဒါ...ကျွန်မသားက ဆရာကြီးရဲ့ တွတ်ပီပရိသတ်ပါ..."

သူတို့က ရိုးစင်းစွာပြော၏။ ဆရာကြီးဟု အခေါ်ခံရသဖြင့် မိမိမှာ အနည်းငယ်တော့ မနေတတ် မထိုင်တတ် ဖြစ်ရ၏။ မခေါ်ပါနှင့်ဟု ပိတ်ပင်လို့ကလည်း မသင့်။ အလိုက်သင့် အလျှားသင့်ပေါ့။

"အဲဒါ... ဆရာကြီးရဲ့ တွတ်ပီစာအုပ်တွေကို ဝယ်၊ ဂျာနယ်ဆိုလည်း အပတ်စဉ်ဝယ်..."

"ဟုတ်ကဲ့..."

"လုံးချင်းတွေ အကုန်ရှိတယ်၊ အများကြီးမှ အများကြီး အိမ်မှာ သေတ္တာကြီးတစ်လုံးရှိတယ်... "

"တစ်နေ့ တစ်နေ့ အဲဒီတွတ်ပီပုံတွေပဲ ဆွဲတယ်..."

"ဆေးခြယ်တယ် ဘာမှ မလုပ်ဘူး"

"မြို့ထဲက စာအုပ်အငှားဆိုင်မှန်သမျှ သူမရောက်ဘူးတာ မရှိဘူး..."

"အဲဒီက... ဆရာရဲ့ တွတ်ပီစာအုပ်တွေ သူတောင်းဝယ်

http://www.cherrythitsar.org



တယ်။ စိတ်လည်း ဝယ်တာပဲ...”

“သြော်...”

“ဘယ်နှစ်တန်းရောက်ပြီလဲ”

“ကျောင်းမတက်တော့ဘူးရှင့်... အသက်က (၁၈)နှစ် ငယ်တုန်းက ကျောင်းထုတ်ထားလိုက်တယ်...”

“သြော်... ”

ငယ်စဉ်မှာ ကျောင်းစာကို ကြိုးစားသင်ပါဟု ပြောမည်ကြံသော မိမိပါးစပ်လည်း ပိတ်သွားရသည်။

“အဲဒါ ကျွန်မကလည်း ပန်းချီဆွဲတာ မကြိုက်ဘူး...”

“ဟုတ်တာပေါ့”

“အဲဒါနဲ့...တစ်နေ့တော့ ကျွန်မလည်း စိတ်တိုတာနဲ့ တွတ်ပီစာအုပ်တွေကို အားလုံးသိမ်းပြီး ပီနန်အိတ်ထဲထည့် လမ်းထိပ်က အမှိုက်ပုံမှာ သွားလွှတ်ပစ်လိုက်တယ်ဆရာ...”

“ဟုတ်ကဲ့...”

အမျိုးသမီးကြီးက ပွင့်ပွင့်လင်းလင်း ပြော၏။ မိမိလည်း ခံစားမှု လျော့၍ နားထောင်ရ၏။ နားလည်ပေးရ၏။

ထိုအချိန်တွင် ဂျာနယ်တိုက်သို့ ကာတွန်းဆရာ၊ ပန်းချီဆရာ ဦးရွှေမင်းသားကလည်း ရောက်နေ၏။ သူက မိမိတို့၏စကားဝိုင်းကို နားထောင်ရင်း မှတ်ချက်ပေး၏။

“ပိုဆိုးသွားတာပေါ့ ခင်ဗျာ ...”

http://www.cherrythitsar.org



"အဲဒီတော့ သားက ဘာလုပ်တယ်ထင်သလဲဆရာ…"

"ဟုတ်ကဲ့ ပြောပါဦး"

ကျွန်မနောက်က နောက်ယောင်ခံလိုက်ပြီး အမှိုက်ပုံက တွတ်ပီစာအုပ်တွေကို တစ်အုပ်မကျန် ပြန်ကောက်တယ်။ ပီနန်အိတ်ထဲ ပြန်ထည့်။ အိမ်ပြန်တက်လာ။ အိမ်အပေါ်ထပ်က ချောင်ထဲမှာ ဝှက်ထားတယ်"

"ကျွန်မလည်း သူဘာလုပ်မလဲလို့ မသိမသာချောင်းကြည့်နေတာပေါ့။ မရဘူးဆရာ။ သူက သူ့ရဲ့တွတ်ပီမှ တွတ်ပီ။ အဲဒါပဲ တစ်နေ့တစ်နေ့ လုပ်နေတာ…"

"ကျောင်းလည်း မတက်တော့ဘူးဆိုတော့ သူလိုချင်ရာ ပန်းချီဆွဲပါစေတော့ဗျာ…"

သူဖခင်က ဝင်ပြော၏။

"အဲဒါပြောတာပေါ့ ဆရာကြီး၊ ဆွဲချင်လည်း ဆွဲပါစေတော့ဆိုပြီး ကျွန်တော်က လမ်းထိပ်က ဆိုင်းဘုတ်ရေးတဲ့ ပန်းချီဆရာဆီသွားအပ်တယ်…ကျွန်တော့်အသိလေ။ ဟိုကလည်း ထားခဲ့ပါဆိုပြီး လက်ခံတယ် ခင်ဗျာ။ ဒါပေမယ့် သားက ဘာပြောသလိုဆိုတော့ အဲဒါ ခံစားမှုမပါဘူးတဲ့ ခင်ဗျာ…"

"ဆိုင်းဘုတ်ပညာသင်ဖို့ သွားအပ်တယ်"

"ပိုဆိုးသွားတာပေါ့ ခင်ဗျာ"

ဆရာရွှေမင်းသားက ဝင်ပြောပြန်၏။

http://www.cherrythitsar.org



"မတူဘူးခင်ဗျာ…ဟိုဟာက ဆိုင်းဘုတ်ရေးတာ ခု သူဝါသနာပါတာက ပန်းချီကားရေးဆွဲချင်တာ၊ ကာတွန်းစာအုပ်ရေးဆွဲချင်တာ နေပါလိမ့်မယ်…"

သူ့ဖခင်က မလျှော့ပေ။

"ဟိုပန်းချီဆရာကလည်း ရတယ်ဆရာရဲ့… မော်တော်ကားနံပါတ်ပြားတစ်ချပ်ဆွဲရင် ၁၅၀ ရတယ်တဲ့။ ကုန်ကားဆို လေးချပ်ဆွဲရတာ ၆၀၀ မဆိုးဘူးပေါ့ဆရာ"

သူ့ဖခင်က ကားမောင်းသည်ဆို၏။

မိခင်ကတော့ ငါးရောင်းသည်။ ပန်းချီဆွဲခြင်းကို မိဘနှစ်ပါးက မကြိုက်။

ဖခင်ဖြစ်သူနှင့် ကားလိုက်ခိုင်းသည်ဆို၏။ ပန်းချီဆွဲချင်သူမောင်ထွန်းထွန်းနိုင်ခမျာ အလုပ်ကြမ်း မလုပ်နိုင်၍ စိတ်မဝင်စား။ မလိုက်သဖြင့် မိခင်ဖြစ်သူနှင့် ငါးအရောင်းလိုက်ရာတွင်လည်း ငါးဈေးတန်းမှ ငါးညှီများစွန်းပေ မခံနိုင်ပြန်။

နောက်ဆုံး ရှာပြန်ပို့ လယ်ထွန်စေမည်ဟု တင်ပြကြရာ မိမိလည်း မနေသာ။ တားရ၏။

ဆရာရွှေမင်းသားကလည်း ညည်းညူပြန်၏။

"ပိုဆုန်းကုန်တာပေါ့ ခင်ဗျာ"

"သူကကျောင်းလည်း မနေတော့တာ၊ ပန်းချီဆွဲတာ ဆွဲပါစေဗျာ၊ ခုခေတ်မှာ ပန်းချီဆရာတွေလည်း ဝမ်းရေးမခက်ကြပါဘူးဗျာ…

http://www.cherrythitsar.org



ပန်းချီကားတစ်ကားရောင်းရင် သိန်းချီရကြပါတယ်။ စာနယ်ဇင်း ပန်းချီဆရာဆိုရင်လည်း အထိုက်အလျောက် အဆင်ပြေကြပါတယ်. . .”

သူတို့ကား ပန်းချီနှင့် ဝေးလှသူများမို့ နားလည်အောင် ရှင်းပြရ၏။ အားပေးရ၏။

ဆရာရွှေမင်းသားကလည်း သူ့အိမ်တွင် ဖွင့်လှစ်ထားသော ပန်းချီသင်တန်းကလေးကို လာအပ်ဖို့ ဖိတ်သည်။ သင်တန်းကြေးရော လစဉ်ကြေးပါ ဘာမျှ မရှိ။ ပီတိနည်းနည်းလေး။

ဆရာရွှေမင်းသားကား ပန်းချီကော ကာတွန်းပါ ကျွမ်းဝင်သူမို့ သူ့ဆီတွင် ပညာဆည်းပူးပါက အသင့်တော်ဆုံးဖြစ်မည်ဟု မိမိကလည်း တိုက်တွန်း၏။

သူတို့ကမူ မိမိထံတွင် တပည့်အဖြစ်မွေးစားပါဟု ဆိုကြသည်။ မိမိက မိမိထက်ဝါရင့် သမ္မာရင့် ဆရာရွှေမင်းသားထံတွင် လေ့လာသင်ယူပါက ပိုပြီး အကျိုးရှိနိုင်ပါသည်ဟု ပြောတော့လည်း သူတို့သဘောတူဟန်မပြ။

မောင်ထွန်းထွန်းနိုင်ခမျာ တွတ်ပီ၏ အောင်မြင်ကျော်ကြားမှုတွင် Crazy ဖြစ်နေပုံရပါသည်။

သူတို့နှုတ်ဆက်ပြီး ပြန်သွား၏။

နောက်နေ့တွင် သားဖြစ်သူကိုပါ ခေါ်ပြီး မိမိထံ အပ်နံ၏။ မိဘနှစ်ပါးတောင့်တင်းသလောက် သားဖြစ်သူ အနုပညာသမားကား နွဲ့နှောင်းနေ၏။ မိမိက ပန်းချီဆွဲချင်သလား။ ကာတွန်းဆွဲချင်သလား

http://www.cherrythitsar.org



ရေရေရာရာ သိရအောင်မေး၏။

ပန်းချီနှင့် ကာတွန်းကား နယ်ပယ်ချင်း ဆက်စပ်နေသော်ငြား သဘာဝမတူကြ။ တွေးခေါ်ရေးဆွဲပုံချင်း မတူကြ။ တစ်လောကစီ ဖြစ်၏။

သူက ကာတွန်းဆွဲချင်သည် ဆို၏။

ကာတွန်းဆွဲဖို့ အခြေခံပန်းချီ ကာတွန်းသင်တန်းကိုလည်း သူ မတက်ရောက်လို။ မိမိထံတွင်သာ လေ့လာလိုသည်ဟု ပြောသည်။ သို့ဖြင့် မိမိလည်း ကာတွန်းဆွဲချင်လျှင် နှစ်သက်ရာ ကာတွန်းပုံများကို များများဆွဲ များများလေ့ကျင့် လိုအပ်တာကို မိမိသိသလောက် တတ်သမျှဖြင့် သင်ပေးပါမည်။

ဆွဲယူခဲ့ပါဟု နှစ်သိမ့်ပြာကြားရင်း သူ့ကို ပြန်လွှတ်လိုက်ရသည်။

ပြိုင်ပွဲဆုငွေများလည်း ထုတ်ပေးလိုက်၏။ မေတ္တာလက်ဆောင် စာအုပ်များလည်း မိမိလက်မှတ်ထိုးပေးလိုက်ပါသည်။ လက်ရာလည်း ဖော်ပြခံရ။ ဆုငွေလည်းရသဖြင့် သူ ပျော်သွားသည်။

(၃)

၁၉၇၅ ခုနှစ်လောက်က ဖြစ်သည်။

မိမိ အသက် ၁၈နှစ် ဝန်းကျင်လောက်။ နေ့ဖြူမှာ ဖြစ်သည်။ မိမိကား အထက်တန်းကျောင်းတွင် ကျောင်းတက်နေလင့်ကစား

http://www.cherrythitsar.org



ကျောင်းစာထက် ကာတွန်းရေးဆွဲချင်စိတ်က ပြင်းပြနေတော့၏။ စာတွေဖတ်သည်။ စာကဗျာတွေ ရေးသည်။ ကဗျာတချို့ကို ရန်ကုန်ရှိ မဂ္ဂဇင်းတိုက်များသို့ လှမ်းပို့၏။ တချို့တလေ ပါရှိသည်။ သောကြာစာစောင်စသည်။ သောကြာတွင် ဝတ္ထုတိုလေးတွေ လည်း အထက်တန်းကျောင်းသားဘဝတွင် ပါခဲ့ဖူးသည်။

ထိုစဉ်က ကာတွန်းစာအုပ်များ ပိတ်ခံထားရသော ကာလဖြစ်၏။ နာမည်ကျော် ကာတွန်းမြင့်သိန်း၏ စံရွှေမြင့်၊ ကာတွန်း ဝင်းမောင်၏ မိမော်မေမ၊ ကာတွန်းချစ်ဆွေ၏ မောင်မောင်ဆွေ စသည့် ကာတွန်းစာအုပ်များ ရုတ်တရက် ရပ်ဆိုင်းသွားသည်။

ထိုကာလတွင် ကာတွန်းဝင်းမောင်၏ သိပ္ပံနည်းကျ ကာတွန်းပညာစာပေးစာယူ သင်တန်း ဖွင့်လှစ်မည့်အကြောင်း သတင်းစာတွင် ပါလာသည်။

သင်တန်းကြေးက ၂၀ကျပ်ဖြစ်၏။ မိမိ အစ်ကိုလုပ်သူ (ယခု မုံရွာမြို့ လက်ထောက်တိုင်း မန်နေဂျာ ကုန်သွယ်လယ်ယာ) က ငွေထုတ်ပေး၏။ သို့ဖြင့် မိမိလည်း ငွေနှစ်ဆယ်ကျပ်ကိုပို့ပြီး ဆရာကာတွန်း ဝင်းမောင်ထံမှ စာပေးစာယူသင်တန်းတွင် တက်ခဲ့သည်။

သင်တန်းအမှတ်စဉ် ၁ နှင့် ၂ ရောက်လာ၏။ သင်တန်းသား အမှတ် (၂၈၃) မောင်မောင်ဆွေမင်း (ဓနုဖြူ) တဲ့။

ဖယောင်းလှည့်ထားသော ဖူးစကတ်စာရွက်များ၊ ပုံများကြည်လင် ပြတ်သားပါသည်။ ပုံနှိပ်ထားခြင်းတော့မဟုတ်။

http://www.cherrythitsar.org



ကာတွန်းရေးဆွဲနည်း အခြေခံ ဖြစ်၏။

ထိုကာတွန်းပုံများကို မိမိရေးဆွဲလေ့ကျင့်၏။

ခက်သည်က အမှတ်စဉ် ၃ ရောက်မလာခြင်းပင်။ ဓနုဖြူတွင် ကာတွန်းဝင်းမောင် သင်တန်းတက်ဖက် နှစ်ယောက်ရှိ၏။ မိမိနှင့် မိမိ၏ သူငယ်ချင်း ဆွေမော်၊ ဆွေမင်း နှင့် ဆွေမော်။

မိမိတို့လည်း သင်တန်းလွှာ အမှတ် ၃ ကို ရောက်နိုး ရောက်နိုးနှင့် စောင့်ကြရင်း လအတန်ကြာသည့်အထိ ရောက်မလာသောအခါ လူငယ်သဘာဝ တိုင်ပင်ကြ၏။

ရန်ကုန်ရှိ ကာတွန်း ကိုဝင်းမောင်အိမ်သို့ လိုက်သွားကြမည်။ ရန်ကုန်သို့ မိမိကော ဆွေမော်ပါ ယခင်ကတော့ ရောက်ဖူးသည်။

သို့ဖြင့် တစ်ရက်တွင် မိမိနှင့် ဆွေမော်လည်း အိမ်မှ တိတ်တဆိတ် ထွက်ခဲ့ကြသည်။ ထိုစဉ်က ဓနုဖြူ ရန်ကုန်ကားလမ်းမရှိပေ။ သင်္ဘောစီးခဲ့၏။

သင်္ဘောခ လေးကျပ်။ နှစ်ယောက်ပေါင်း ငွေအစိပ်ပဲ ပါသည်။

နံနက်လင်း ရန်ကုန်ဆိပ်ကမ်းရောက်တော့ ကာတွန်းကိုဝင်းမောင် နေထိုင်ရာ မြောက်ဥက္ကလာပကို ကားစီးနည်းမေးမြန်းရ၏။

ထိုစဉ်က ဟီးနိုးကားကြီးတွေ ပြေး၏။ အမှတ် ၅။

မိမိနှင့် ဆွေမော်သည် အမှတ် ၅ ဟီးနိုးကားကြီးစီးပြီး မြောက်ဥက္ကလာ လာခဲ့၏။ ကိုဝင်းမောင် လိပ်စာက အမှတ် ၄၂ က မြောက်ဥက္ကလာ။ မိမိတို့က ကားမှတ်တိုင်ရမ်းဆင်းကြတော့ ဈေးကြီး

http://www.cherrythitsar.org



တစ်ခုနား ရောက်နေသည်။

ဆိုက်ကားဆရာတစ်ဦးကို မေးကြည့်တော့ (ဈ) ဈေးတဲ့။ အမှန်စင်စစ် (ဈ)ဈေးနှင့် ကာတွန်းကိုဝင်းမောင် နေထိုင်ရာ (က)ရပ်ကွက်က အတော့်ကို ဝေးသည်။ မိမိတို့က မှတ်တိုင်အများကြီး ကျော်စီးခဲ့ကြခြင်းဖြစ်သည်။

သို့သော် အံ့ဩဖွယ်ကောင်းနေသည်က ထိုဝေးလံလှသော အရပ်မှ ဆိုက်ကားဆရာက ကာတွန်းဝင်းမောင်နေထိုင်ရာကို သိနေခြင်းပင်။

"မင်းတို့ အများကြီး ကျော်စီးခဲ့ကြတာကိုးကွ၊ ကားပြန်စီး"

ဆိုက်ကားဆရာ ညွှန်ပြသည့်အတိုင်း မိမိတို့ကားပြန်စီးခဲ့ကြသည်။ မှတ်တိုင်ဆင်း၏။ ရပ်ကွက်ထဲဝင်သည်။ လမ်းသွယ်တွေတွင် မေးခဲ့၏။ ကာတွန်းဝင်းမောင်ကို အမေးခံသူတိုင်း သိနေကြသည်။

(၄)

ကာတွန်းဝင်းမောင် အိမ်ရှေ့ရောက်တော့ နံနက် ရှစ်နာရီ လောက်ရှိပြီ၊ သစ်သားအိမ်ကလေးဖြစ်၏။ တစ်ထပ်သက်ကယ်မိုးအိမ်လေး။ ထူးထူးခြားခြားမှတ်မိနေသည်က အိမ်သည် အုန်းပင်တစ်ပင်ကိုထည့်သွင်းဆောက်ထားခြင်းပင်။ အုန်းပင်က သက်ကယ်မိုးကို ဖောက်ထွက်နေသည်။

မိမိတို့လည်း အိမ်ပေါ်တက်ခဲ့၏။

လာမေးသူတစ်ဦးကို ပြောသည်။

http://www.cherrythitsar.org



"ကာတွန်း ဦးဝင်းမောင် နဲ့ တွေ့ချင်လို့ . . ."

သူပြန်ဝင်သွားသည်။ ခဏအကြာ ကိုဝင်းမောင် ထွက်လာ၏။ အရပ်မြင့်မြင့် အသားညိုညို မျက်နှာရှည်ရှည်။ ရေချိုးပြီးကာစ။ မျက်နှာသုတ်ပုဝါကို ပုခုံးပေါ်တင်လာ၏။ အင်္ကျီမပါ။

မိမိတို့က လာရင်းကိစ္စကို ပြော၏။

ကာတွန်းဝင်းမောင်က . . .

"ဟုတ်တယ်ကွ . . . မပို့ဖြစ်သေးတာ၊ ပို့တော့ ပို့မလို့ဘဲ အလုပ်တွေများနေလို့ . . ."

သူက သင်တန်းလွှာအမှတ် ၃ ကို ယူပေး၏။ မိမိနှင့် ဆွေမော် တစ်ယောက်တစ်အုပ်စီ။

မိမိတို့ ထုတ်ပေးသော ပုံဆွဲစာအုပ်ကြီးတွင် ကာတွန်းပုံများ ရေးဆွဲပေး၏။ ခဲမကြောင်း။

သူရေးဆွဲစဉ်က နစ်ကြီးကြီး ရှက်ဖာအမျိုးအစား ဖောင်တိန်ကြီးနှင့်။

လျင်မြန်စွာ ရေးဆွဲပေး၏။

တချို့ မိန်းမပုံများကို နှုတ်လမ်းလေးမှ စရေးသည်ကို တွေ့ရ၏။

တစ်အုပ်ကို ဆယ်ပုံခန့် ရေးဆွဲပေးလိုက်သည်မှာ ခဏကလေး။

မိမိလည်း မိမိနှစ်သက်စွဲလမ်းခဲ့ရသော ကာတွန်းအနုပညာရှင် တစ်ဦးကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသဖြင့် မင်သက်နေမိသည်။

http://www.cherrythitsar.org



အားကျမက်မောစွာ ငေးနေရသည်။

ထိုစဉ်က ကာတွန်း ဝင်းမောင်က ၃၅နှစ်ခန့် မိမိက ၁၈နှစ်ခန့်၊ အချိန်က ၁၉၇၅ ဝန်းကျင်၊ မိမော်မေမ၊ ကိုကိုမောင်၊ ဝင်းပြောင် ဘ၊ ဘွား စသော ကာတွန်းဇာတ်ကောင်များဖြင့် အရှိန်အဟုန်ကြီးစွာ အောင်မြင်နေဆဲကာလ။

သူရေးဆွဲခဲ့ပြီး အောင်မြင်ခဲ့သော ချိုမိုင်မိုင် ပြားခြောက်ဆယ် တန် ကာတွန်း ဇာတ်လမ်းတွဲများကိုမူ မိမိ မမှီ။ ထိုစဉ်က မိမိသိပ်ငယ် သေးသည်။

ကာတွန်းဝင်းမောင်၏ မိမော်မေမ တစ်ကျပ်တန် ကာတွန်း များဖြင့် မိမိကြီးပြင်းခဲ့ရသည်။

စကား ခဏထိုင်ပြောနေစဉ် လူတစ်ဦးတက်လာ၏။ အဲဒါ ပန်းချီဆရာ ဝသုန်ဟု ကိုဝင်းမောင်က မိတ်ဆက်ပေးသည်။

မိမိတို့လည်း နှစ်သက်စွဲလမ်းရသော ပန်းချီကာတွန်း ဖန်တီး သူများကို အံ့သြအားကျသော မျက်လုံးများဖြင့် ငေးမောလျက်သာ။

ဝမ်းသာမှု ပီတိအဟုန်ကတော့ ရင်တွင်းဝယ် ကြွနေ၏။

နောက်တစ်ကြိမ် ရန်ကုန်ရောက်သောအခါ ကာတွန်း ကိုဝင်းမောင်အိမ် မိမိတစ်ခေါက် ထပ်ရောက်သေး၏။ ကိုဝင်းမောင်က ပြင်သစ်ကာတွန်းစာအုပ်များချပေးသည်။ ကြည့်စေ၏။ ဓနုဖြူလို နယ်မြို့လေးမှ မိမိအဖို့ ပြင်သစ်ကာတွန်း စာအုပ်ကြီးကလည်း ထူးဆန်း နေ၏။

http://www.cherrythitsar.org



သူ့အိမ်ဧည့်ခန်းတွင် ဘလောက်တုံးသေးသေးလေးများ ပုံထား၏။ ထိုစဉ်က OFFSET ခေတ်မစားသေး။ ကာတွန်းစာအုပ်များကို ဘလောက်လုပ် ရိုက်နှိပ်ရသောခေတ်။

မနေ့ဖြူပြန်ရောက်ပြီး သိပ်မကြာခင် ကိုဝင်းမောင်ဆုံးသည်။ သူ ဆုံးတော့ အသက် ၃၆နှစ်ပဲ ရှိသေး၏။

သူ့လက်ရာမျိုး ယခုထိ မပေါ်သေး။ နောင်လည်း ပေါ်ဖို့ မလွယ်တော့။ သူကား ကလေးပုံရေးဆွဲနည်း၊ တိရစ္ဆာန်ပုံမျိုးစုံ ရေးဆွဲနည်း၊ အမျိုးသမီးပုံမျိုးစုံ ရေးဆွဲနည်း၊ အမျိုးသားပုံမျိုးစုံ ရေးဆွဲနည်း စသော ကာတွန်းပညာပေး စာအုပ်များစွာ ပြုစုသွားခဲ့သည်။

သေသည်အထိ ကာတွန်းရေးဆွဲသော ကာတွန်းပညာရှင် တစ်ဦးဖြစ်၏။

(၅)

တစ်ရံရောအခါက မိမိသည်လည်း မောင်စောအောင်ထွေးတို့လိုပင် အောင်မြင်သူတစ်ဦး၏ အိမ်တံစက်မြိတ်အောက်သို့ ရောက်ခဲ့ရဖူးသည် ဖြစ်ပါချိမ့်။

[သောကြာမဂ္ဂဇင်း၊ ၂၀၀၁ ခုနှစ်၊ မေလ]

http://www.cherrythitsar.org

ဝိသမလောဘသားများ
အစားများများလျှော့စေချင်သည်



# ဝိသမလောဘသားတို့ အစားများများ လျှော့စေချင်သည်

(၁)

လူသည် စီးပွားရေးသတ္တဝါဖြစ်သည်။

ဉာဏ်ကောင်းသူက ဉာဏဖြင့် စီးပွားရှာသည်။ ကာယကောင်းသူက ကာယဖြင့် စီးပွားရှာသည်။ လူ့ဘောင်လောကကို စီးပွားရေးမဏ္ဍိုင်ဖြင့်သာ တည်ဆောက်ထားခြင်း ဖြစ်သည်။

စီးပွားရှာရခြင်း၏ အဓိကအကြောင်းရင်းမှာ စား၊ ဝတ် နေရေးကြောင့်ဖြစ်သည်။ သက်ရှိရယ်လို့ ဖြစ်လာလျှင် ဘဝတစ်လျှောက်လုံး ရင်ဆိုင်တွေ့ကြုံရသည်က စားဝတ်နေရေးသာ ဖြစ်သည်။

ဝဝလင်လင် စားနိုင်ဖို့၊ လျှာအရသာရှိရှိ လွေးနိုင်ဖို့၊ လှလှပပ ဝတ်နိုင်ဖို့၊ တင့်တောင့်တင့်တယ် ဆင်နိုင်ဖို့၊ သက်တောင့်သက်သာ နေနိုင်ဖို့၊ စည်းစိမ်ရှိရှိ နေနိုင်ဖို့၊ အဆင့်အတန်းမြင့်မြင့် နေနိုင်ဖို့ စီးပွား

http://www.cherrythitsar.org



ရေးလုပ်ကိုင်ရသည်သာ။

ဘဝကံအကျိုးပေးကောင်းသူများက ငွေထုပ်ပေါ် ထိုင်၍ အခွင့်အရေးပေါ်နင်း၍ စီးပွားရှာကြသလို၊ တစ်နေ့လုပ်မှ တစ်နေ့စားရသော အောက်ခြေအလွှာမှ လူတန်းစားများသည်လည်း မသေရုံတမယ် စားနိုင်ဖို့ အသက်ဆက်နိုင်ဖို့တော့ သင့်တင့်ရာ လျောက်ပတ်ရာ စီးပွားရှာကြရသည်သာ။

ယင်းသို့ စီးပွားရှာကြရာတွင် သမ္မာအာဇီဝရှိသူများ ရှိသလို မသမာနည်းလမ်းဖြင့် စီးပွားရှာသူများလည်း ဒု နှင့် ဒေးပင်။

လူ့စိတ်ဓာတ်၊ လူ့လောဘသည် အခရာဖြစ်၏။

အချို့က ညာတာသည်။ တန်ရာတန်ဖိုးရလျှင် ကျေနပ်သော တရားသမားများ ရှိသလို၊ အချို့ကား ရလျှင်ရသလို စားလိုက်မည်။ ဗိုလ်ကျလိုက်မည်။ သူ့ပိုက်ဆံအိတ်ထဲမှ ပိုက်ဆံများကို မရှုနိုင် မကယ်နိုင်ဖြစ်သည့်အခါ အကွက်ကောင်းယူ၍ အရအမိ ကုတ်ထုတ်ပစ်မည်။ ဘယ်သူသေသေ ငတေမာပြီးရောဟူသော စိတ်ထားမမြတ်သည့် စီးပွားရေးသမားများသည်လည်း များစွာရှိပါ၏။

သို့သော် စီးပွားရှာသောငွေကြေး၏ နောက်ကွယ်တွင် မမြင်ရသော တရားများ ရှိနေသည်မှာ ကေန်မုချ။

တရားတော်နှင့်အညီ စေတနာကောင်းလျှင် ကံကောင်း မည်။ စေတနာဆိုးလျှင် ကံဆိုးမည်သာ။

ကံဆိုသည်မှာ အလုပ်ဖြစ်သည်။

http://www.cherrythitsar.org



အလုပ်ကောင်းမှ ကံကောင်းပေမည်။

စေတနာက ပဲ့ကိုင်ဖြစ်သည်။

ဘမ်းစကားအရပြောရလျှင် ပါနီထဲကလာသောငွေ ပါနီထဲသို့သာ ပြန်သွားပေမည်။

မတန်တဆ ဖြတ်စားလပ်စားလုပ်ခဲ့သော လွယ်လွယ်ရခဲ့သော ငွေကြေးသည်လည်း လွယ်လွယ်နှင့်ပင် အကြောင်းအမျိုးမျိုးဖြင့် ပြန်ထွက်ခွာသွားတော့မည်မှာ မုချ။

စေတနာသည် အကျိုးပေးတတ်စွာ၏။

စေတနာကောင်းလျှင် ရေရှည်ကံကောင်းမည်။

မိတ်များမည်။ နာမည်ရမည်။ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကောင်းသတင်းမွှေးပျံ့၍ လုပ်ငန်းတွင်ကျယ်မည်။

စီးပွားရေးလုပ်သူများအဖို့ နာမည်ကောင်းရ၊ မိတ်ကောင်းရသည်ထက် အရေးကြီးတာ ဘာရှိဦးမည်နည်း။

နာမည်ကောင်းရဖို့က လုပ်ရပ်အပေါ် မူတည်သည်။

(၂)

မကြာသေးမီက ပျဉ်းမနားသို့ သွားလည်ပြီး ရန်ကုန်ပြန်ခဲ့သည်။

ပတ်ဘလေကာကားကလေးကို မိမိကိုယ်တိုင် မောင်းနှင်ခဲ့၏။

အဖေ၊ အမေ၊ အဒေါ်နှင့် ညီတစ်ဦးပါ၏။

http://www.cherrythitsar.org



ပျဉ်းမနားမှ ညနေစောင်းထွက်ခဲ့သည်။ သာဝတ္တိရောက်တော့ မိုးချုပ်နေပေပြီ။ တမင်သက်သက်ပင် ညဘက်ရွေးထွက်ခဲ့ခြင်းဖြစ်သည်။

နေ့ဘက်ဆို အညာနွေက ပူပြင်းသည်။ အရိပ်အာဝါသ ကင်းမဲ့သော ကတ္တရာလမ်းမဝယ် အပူရှိန်က တရှိန်ရှိန်ထနေသည်။ အချို့နေရာများတွင် ကုက္ကိုလ်ပင်ကြီးများ လှဲဖြတ်ထား၏။ ဆင်ရုပ်များ ထုတ်လုပ်ရန်ဟု မဂ္ဂဇင်းတစ်စောင်၏ သတင်းတစ်ပုဒ်တွင် ဖတ်ရသည်။ နှစ်တစ်ရာဝန်းကျင် အပင်၏အသက်ကို ဆင်ရုပ်တုနှင့် လဲလှယ်ခြင်း ပင်။ အရိပ်အာဝါသကို ငွေကြေးနှင့် တန်ဖိုးဖြတ်ခြင်းပင်။

နေ့ဘက်တွင် နေကပူ၊ ကတ္တရာလမ်းကပူဖြင့် ခရီးသွားများ အဖို့ မသက်သာ။ ကားလည်း မသက်သာ။ ညဘက်က အေးချမ်းသည်။ ကားပေါ်ပါလာသူများက အိပ်လိုက်ရုံပင်။ ကားမောင်းရတာကလည်း ညဘက်မို့ အာရုံမများ။

စက်ဘီး၊ ဆိုက်ကား၊ လူ၊ တိရစ္ဆာန်များလည်း ညဘက်ဆို လမ်းပေါ်မတွေ့ရတတ်။

ညဘက်သာ အားပြုမောင်းနှင်ကြသော ကုန်တင်ကားကြီးများ ကို မကြာခဏ တွေ့ရသည်။

ရွာဆက်မပြတ်ချေ။ မြို့ဆက်လည်း သိပ်မဝေးလှချေ။ ဖြူး ရောက်တော့ ည ၁၁ နာရီကျော်ပေပြီ။ မိုးအလင်းဖွင့်သောဆိုင်တွင် လက်ဖက်ရည်သောက်ကြ၏။ ထိုမှ ခရီးဆက်ထွက်ဖြစ်ပြန်သည်။

ပတ်ဝန်းကျင်သည် မှောင်မည်းနေသည်။ ကားမီးရောင်မှ

http://www.cherrythitsar.org



တစ်ပါး အခြားအရာမမြင်ရ။

အကွေ့ကို ကွေ့လိုက်တော့ မီးရောင်တွင် အုတ်ဂူဖြူဖြူများကို ရုတ်တရက် မြင်လိုက်ရ၏။ မြို့ပြသင်္ချိုင်း ဖြစ်ပေမည်။ ဘာမြို့နည်း။ မိမိ မမှန်းတတ်။ အုတ်ဂူများကို ချန်ထားပြီး ဆက်ဆင်းခဲ့သည်။

ညကာလတွင် သင်္ချိုင်းကုန်းကို ဖြတ်ကျော်ခဲ့ရသဖြင့် ဘာရယ်မဟုတ် ရင်တုန်ပန်းတုန် ဖြစ်သွားရ၏။

သင်္ချိုင်းကို အလွန်တွင်ပဲ မောင်းရင်းတန်းလန်း ကားသည်ရုတ်တရက် လက်ဝဲဘက်သို့ ဆောင့်ဆွဲခံရသလို ဖြစ်သွားပြီး ဘေးသို့ဦးတည်ဆင်းသွား၏။

မိမိပင် သိစိတ်ထက် မသိစိတ်ကို ဦးဆောင်လိုက်သည် ထင်၏။

စတီယာရင်ကို ညာဘက် ပြန်ဆွဲကွေ့လိုက်၏။ ဦးနှောက်က ညာဘက်ဆွဲလိုက်ပါဟု ညွှန်ကြားချိန် ရပုံမရှိ။ လက်ကသာ အလေ့အကျင့်အရ ဘယ်ဘက်ရုတ်တရက် တရားလွန်ဆောင့်ဆွဲရသဖြင့် ညာဘက်သို့ ပြန်ကွေ့လိုက်ခြင်းမျှသာ ဖြစ်၏။

ဘာရိုက်ကိုလည်း ချက်ချင်းမနင်းဖြစ်။ ဘာဖြစ်သွားတာလည်းဟု စဉ်းစားရင်း စက္ကန့်ပိုင်းမျှ ကြောင်နေမိသည်။

သတိရပြီး ဘရိတ်နင်းလိုက်မှ ကားသည် မူလလက်ယာလမ်းကြော ပြန်ရောက်နေပေပြီ။

လက်ယာဘက်သို့ စတီယာရင်ကို ပြန်ဆွဲကွေ့ရာ၌လည်း

http://www.cherrythitsar.org



ကြောက်အားလန့်အားဖြင့် တရားလွန်ကွေ့မိပါက (ချက်ချင်း ပြန်မဖြောင့်နိုင်ပါက) လက်ဝဲချောက်သို့ ကျမည့်အစား လက်ယာဘက်ချောက်သို့ ကျပြီး ကားတိမ်းမှောက်နိုင်သည်။

ညာဘက်ပြန်ကွေ့ပြီး အချိန်ကိုက် ပြန်ဖြောင့်နိုင်ခဲ့ခြင်းအတွက် ကံကြမ္မာကို ကျေးဇူးတင်ရပေမည်။

နံဘေးမှ ဖေဖေက "ကားဘီးပေါက်ပြီကွ" ဟု ဆို၏။

မိမိကား ရုတ်တရက်မို့ တုန်ရီသွားသောစိတ်ကို ဖြေဖျောက်ရင်း. . .

"မဖြစ်နိုင်ဘူး ဖေဖေ။ ဘီးပေါက်ရင် ပေါက်သံကြားမှာပေါ့။ ခုတော့ ရုတ်တရက်ကြီး တစ်ခုခုက ဆွဲချလိုက်သလို ဖြစ်သွားတာ"

မိမိလည်း ဓာတ်မီးဆွဲပြီးဆင်း၏။

နောက်ခန်းမှ ညီဖြစ်သူ မောင်ဟန်တင့်လည်း ဆင်းချလာ၏။

သူက တစ်စုံတစ်ခုကို ရှောင်လိုက်တာဟု ထင်၏။ မဟုတ်ပါ။ ရှေ့မြင်ကွင်းတွင် ဘာမှမရှိ ဘီးများကိုစစ်၏။ တစ်ဘီးမျှ မပေါက်။

"ဖြုန်းခနဲ ဘယ်ဘက်ကို ဆွဲလိုက်သလို ဖြစ်သွားတာ လမ်းနယ်ကုန်ရောက်သွားတာ သတိရလို့ စတီယာရင် ပြန်ဆွဲလိုက်လို့သာ လမ်းဘေးမကျတာ"

"တော်သေးတာပေါ့ကွာ"

ကတ္တရာလမ်းကား ထိုနေရာတွင် မြေပြင်ထက် လေးငါးပေခန့် မြင့်၏။ လမ်းဘေးကျပါက အမှောက်ပဲဖြစ်မည်။

ကားမီးပိတ်ထားသဖြင့် ဝန်းကျင်ကား ပိန်းပိန်းပိတ်မှောင်နေသည်။ ကားအဖြူရောင်ကိုပင် မမြင်ရ။ တစ်ဦးနှင့်တစ်ဦး အနီးကပ်နေလျှင် မည်းမည်းကြီးသာ မြင်ရသည်။

အရှိန်ကလည်း တစ်နာရီမိုင် ၂၀ နှုန်းမျှလောက်ဖြင့် တဖြည်းဖြည်း မှန်မှန်မောင်းလာသဖြင့် တော်ရော့သည်။

မိမိတို့လည်း ကားကို သေချာစွာစစ်၏။ ဘီးလည်း မပေါက်။ ဘောဂျိုင်းလည်း မပြတ်။ တိုင်းရော့လည်း မပြုတ်ချေ။

အဒေါ်လုပ်သူက စောစောက ကားလမ်းဘေးဆွဲအချသွားမှာ ဟိုခပ်လှမ်းလှမ်းက မီးရောင်ဝင်းခနဲ ချိန်သားကိုက် မြင်ရပြီး ပြန်မှိတ်သွားသည်ဆို၏။

အဒေါ်ပြရာဘက် မိမိလှမ်းကြည့်လိုက်တော့ ကျောချမ်းသွားသည်။ စောစောက ကားမီးရောင်ထိုးပြီး ဖြတ်ခဲ့ရာ မြို့ပြင်သင်္ချိုင်းကုန်းဖြစ်သည်။

သင်္ချိုင်းကုန်းနှင့် ယခုကားပျက်သော နေရာကား ဓာတ်တိုင်တစ်တိုင်လောက်သာ ကွာပေမည်။

ကား,ကား ဆက်မောင်းမရတော့ပြီ။ နာရီကို ဓာတ်မီး ထိုးကြည့်တော့ မနက် ၁နာရီတိတိ။

ကုန်တင်ကားကြီးများတော့ မကြာခဏ လာနေ၏။

မိမိတို့လည်း ကုန်တင်ကားကြီးများထံမှ အကူအညီရလိုရငြား ကြည့်သော်လည်း ကုန်တင်ကားကြီးများမှာ အရေးပင် မစိုက်။ ဖြတ်

http://www.cherrythitsar.org



သန်းမောင်းနှင်သွား၏။

သူတို့အဖို့ ဤသို့ ညကြီးမင်းကြီး လမ်းတွင် ကားပျက်တတ်သည်မှာ ရိုးနေပြီထင်သည်။

မိမိတို့လို တစ်ခါတစ်ရံ ခရီးသွားတတ်သူတို့အဖို့သာ ညကြီးမင်းကြီး တစ်ရပ်တစ်ရွာ နေရာစိမ်းတွင် ကားပျက်သွားသည်မှာ ကြောက်စရာ၊ အသည်းဖိုစရာ။ အဆန်း။

မိမိတို့ကားမှာ လမ်းဘေးဆွဲသွားပြီး မောင်းသူ သတိရှိ၍ လမ်းဘေးထိုးမကျခြင်း၊ ပျက်ပြီးရပ်သွားသည်မှာ လမ်းအလယ်ခေါင်တည့်တည့်တွင် ဖြစ်မနေခြင်းတို့ကြောင့်သာ တော်သေးသည်။

လမ်းဘေးထိုးကျပါက လူတွေ အန္တရာယ်ဖြစ်မည်။ လမ်းမအလယ်တွင် ဖြစ်ပါကလည်း ရွှေ့မရပြူမရဖြစ်ပြီး မကြာခဏ လာနေကြသော ကုန်တင်ကားကြီးများ သွားမရတော့ဘဲ လမ်းပိတ်ဆို့သွားမည်။

ယခုတော့ လက်ယာဘက်ယာဉ်ကြောပဲ ပြန်ရောက်သွားပြီးမှ ပျက်သွားသည့်အတွက် တော်ရော့သည်။

ဓာတ်မီးထိုး သေချာစစ်မှ ကားအရှေ့ပိုင်းဘီးနှင့် ဆက်ထားသော ကားအခေါ် ဘတ်တာဖလိုင်းမှာ ဘယ်ဘက်ဆုံခွက် ကျွံကျသွားခြင်းပင်။

ကြံ့ကြံ့ဖန်ဖန် ဖြစ်တောင့်ဖြစ်ခဲ့ အဖြစ်ပင်။

ဓာတ်မီးထိုးပြီး ပြင်ဆင်၏။ ဘတ်တာဖလိုင်းမှ မူလီသည် ဖြုတ်မရချေ။ ဂွချောင်ပြီး မူလီခေါင်းနှင့်မတော်။ ဂွက ပါးစပ်ပြဲနေသည်။

http://www.cherrythitsar.org



လှည့်ရင်း မူလီခေါင်း ပြုန်းသွားသည်။

ပစ္စည်းလည်း မစုံ။ ကြိုးစားဖြုတ်ကြည့်သော်လည်း ဖြုတ်မရ။

ဖြုတ်မရတော့တစ်မျိုးလှည့်ကြံကြပြန်၏။ ရှေ့တွင် ဘာမြို့ ရှိသနည်း။ အနီးဆုံးမြို့သို့ မောင်းသွားပြီး ဝပ်ရှော့ရှာမည်။ ဝပ်ရှော့ဆရာ နိူးရပါကလည်း နိူး၍ပြင်မည်။ နိူးမရပါကလည်း မနက်လင်းမှ ပြင်ဆင်မည်။ အဓိက ဝပ်ရှော့ရှေ့အရောက် မောင်းနိုင်ဖို့ပဲ ဖြစ်သည်။

ကားကို ထိန်းမောင်းကြည့်တော့ရသည်။ သံနှင့် သံချင်းပွတ်နေသည့် အသံကြီး ကျယ်လောင်စွာ ထွက်ပေါ်နေပြီး တရွေ့ရွေ့ မောင်းရ၏။

မြို့တစ်ခုသို့ ရောက်ခဲ့သည်။ ဝပ်ရှော့ဆိုင်းဘုတ်တစ်ခုလည်း တွေ့ရ၏။ ကုန်တင်ကားကြီးတွေလည်း အိပ်နေသည်။ ထိုကားကြီးတွေ ဘေး၌ မိမိတို့ကားလေးကို ရပ်လိုက်သည်။

တော်ပါသေးရဲ့။ ဤဝပ်ရှော့ရှေ့အရောက် ကားကို ထိန်းမောင်းလာလို့ ရလို့။

ည ၂ချက်ထိုးမျှ ရှိနေပေပြီ။ ထိုနေရာတွင်ပင် ငုတ်တုတ်ထိုင်ရင်း နံနက်အလင်းကို စောင့်ဆိုင်းနေခဲ့ကြရတော့သည်။ အိပ်စရာနေရာမရှိ။ ရှိလည်း အိပ်ပျော်မည် မဟုတ်။ ညတာက စောင့်ဆိုင်းကာမှ ရှည်လျားပါဘိတောင်း။

မနက် ခုနစ်နာရီကျော်မှ ဝပ်ရှော့မှ အလုပ်သမားများ ထကြသည်။

http://www.cherrythitsar.org



ဝပ်ရှော့ဆရာကို အကျိုးအကြောင်း ပြောပြရသည်။ ဝပ်ရှော့ဆရာက ကားကို သေချာစွာစစ်ဆေးပြီး ပစ္စည်းများကို တစ်ခုချင်း ဖြုတ် ချသည်။

ပုံမှန် လုပ်ရိုးလုပ်စဉ်အတိုင်းတော့ ပြင်ဖို့မလွယ်။ အချိန်ကြန့်ကြာမည်။ ဤလိုနယ်မြို့ကလေး၌လည်း ပစ္စည်းမစုံ။ ကားလေးပစ္စည်းစပယ်ယာပတ်မရှိ။

အလွယ်တကူ လမ်း လိုက်ရသည်။

ဖြုတ်ရမည့်ဟာ မဖြုတ်တော့။

ကျွံကျသွားသော ဆုံခွက်ကို ပြန်တင်ကာ ဘတ်တာဖလိုင်းနှင့် ဆုံခွက်နှုတ်ခမ်းကို ဂဟေအသေဆော်ပစ်၏။ နောက်ဖြုတ်မည့်သူတော့ စားသာမည်မဟုတ်။ ဖြတ်ပစ်မှ ရပေမည်။

အမဲဆီသိပ်ပြီး ပြန်တပ်ဆင်လိုက်သည်။ ထို ဝပ်ရှော့ဆရာက သေချာစေ့စပ်၏။ စေတနာပါပါ လုပ်ကိုင်ပေးပါသည်။ ၂ နာရီအတွင်းမှာပင် ပြင်ဆင်ပြီးသွားသည်။ ပစ္စည်းထည့်ရခြင်း မရှိ။ သူလုပ်ကိုင်ပေးရသည်မှာ ဂဟေအနည်းငယ် ဆော်ရခြင်းသာ။

ပြီးစီးသော် မနက် ၉နာရီထိုးပေပြီ။

မိမိတို့လည်း ကျေးဇူးတင်စွာဖြင့် ဝပ်ရှော့ဆရာကို ဘယ်လောက်ပေးရမည်လဲ မေးရာ ပိုင်ရှင်ကို လက်ညှိုးထိုးပြ၏။ ဈေးနှုန်းကိစ္စကို ပိုင်ရှင်နှင့်ပြောဟု ဆိုလိုခြင်းပင်။

ပိုင်ရှင်ကား စောစောလေးကမှ ရောက်လာတာကို တွေ့ရ၏။

http://www.cherrythitsar.org



ကားပြင်ကာစမှ ပြင်ပြီးကာနီးအထိ သူမရှိ။ မိမိတို့လည်း ပိုင်ရှင်ကို ဘယ်လောက်ပေးရမလဲ ချိုသာစွာ မေး၏။

ပိုင်ရှင်က ဘယ်ကားလဲဟု ပြန်မေး၏။

"ပတ်ပလေကာလေး ဟိုမှာ" ဟု မိမိကဖြေ၏။

"ဪ အဲဒီကားလား ကိုးရာကျတယ်"

"ဗျာ - ကိုးရာ ဟုတ်လား"

"အင်းလေ ကိုးရာ"

"ဟာ ကိုးရာမများဘူးလားဗျာ။ ခင်ဗျားတို့ လုပ်ရတာက ပစ္စည်းလဲရတာ မဟုတ်ဘူး။ ဂဟေဆော်ရတာတစ်ခုပဲ စိုက်ရတာ။ ဂဟေဆော်တာကလည်း နည်းနည်းလေး။ ကျန်တာက ဖြုတ်တပ်တစ်ခု ပဲ ရှိတယ်"

"ဟုတ်ပါတယ် ကိုးရာပါ"

ထိုပိုင်ရှင်ဆိုသူက မိမိတို့ကား ဖြုတ်တပ်ပြင်ဆင်နေတာကို လည်း သူမသိ။ သူမရောက်သေး။ ယခု ဘယ်လောက်ကျလဲ မေးတော့ လည်း ဘယ်ကားလဲဟု ပြန်မေးနေရ။ ကားပြောမှ ကားကိုကြည့်ပြီး ဒီကားက ဒီမြို့ကမဟုတ်။ ခရီးသွားကားပဲ။ ကြုံတုန်း နှိပ်လိုက်မဟဲ့ဟု သဘောထားကြောင်း ထင်ရှားနေသည်။

ဂဟေဆော်တာ တစ်ခုတည်းနှင့် ကိုးရာယူသော ဝပ်ရှော့ကို မိမိမကြားဘူး။

ရန်ကုန်မှာ ဒီကိစ္စမျိုး အလွန်ဆုံးတောင်းမှ ၃၀၀ ကျပ်ထက်

မပိုနိုင်။

ဘယ်တတ်နိုင်မှာနည်း။

တစ်နယ်တစ်ကျေးက ခရီးသွားကားမို့ ဈေး မတန်တဆ တောင်းချင်လည်း ပေးရတော့မပေါ့။

မိမိတို့က ပတ်သက်ခဲ့သဖြင့် မပေးမဖြစ်ပြီ။ မိမိတို့ကား ဒုက္ခ ရောက်နေသူ မဟုတ်ပါလား။ မတန်တဆ နောက်ထားပြီး ငွေကိုးရာ ပေးချေခဲ့ရ၏။

မိမိတို့ငွေပေးပြီး ကားမောင်းထွက်တော့ ထိုဝပ်ရှော့ ပိုင်ရှင်မှာ မျက်နှာပူ၍ထင် မိမိတို့ကားကို ရဲရဲမကြည့်ရဲ။ ကားခပ်ဝေးဝေး ရောက်မှ လှမ်းမျှော်ကြည့်လိုက်သည်ကို တွေ့ရ၏။

ရန်ကုန်မှာ ပြင်ဆင်စရိတ်ထက် သုံးဆခန့် ပိုတောင်းလိုက်သည်ထင်သည်။

ခရီးသွားရင်း ဒုက္ခရောက်နေရသူကို ပုံမှန်ငွေကြေးယူ (သို့ မဟုတ်) အနည်းငယ်ပဲ ထပ်တင်ယူပြီး ကူညီရမည့်အစား ငွေကို မတန်တဆ ငါတောင်းသလောက် ပေးရမှာပဲ။ ပြင်လည်း ပြင်ပြီးပြီ။ ဒီလူတွေ ဒီမြို့ကမဟုတ် နှိပ်လိုက်မဟဲ့။ ချလိုက်မဟဲ့ဆိုပြီး ရယူခဲ့သော ငွေကြေးကား ပေးသူကမတတ်သာ၍ မတန်တဆ ပေးခဲ့ရသဖြင့် ယူသူ၏လက်ထဲမှာကော ဤငွေသည် အေးချမ်းစွာ နေနိုင်ပါ့မလား။

စီးပွားရှာခြင်းကား ထိုက်သင့်သော အဖိုးအခယူခြင်းသာ ရေရှည်ခံပါလိမ့်မည်။

http://www.cherrythitsar.org



မိမိတို့ကား အသွားခရီးတွင် ပျော်ရွှင်ခဲ့သလောက် အပြန်ခရီးတွင်မူ ကားပျက်၍ စိတ်ပျက်ရတာကနည်းနည်း ပြင်ဆင်ခ မတန်တဆငွေတောင်းပြီး ခရီးသွားသူကို ကြံ့တုန်း ဆော်လိုက်သော ရန်ကုန် - မန္တလေး ကားလမ်းခရီးမှ မြို့ကလေးတစ်မြို့ရှိ ဝပ်ရှော့ပိုင်ရှင်တစ်ဦးကြောင့် စိတ်လက်မသာမယာဖြင့် ပြန်လာခဲ့ရပါသည်။

ငွေနှမြောခြင်းထက် လူတချို့၏ စိတ်မနောကို သိခဲ့ရ၍ စိတ်မကောင်းဖြစ်ခဲ့ခြင်းက ပိုပါသည်။

(၃)

စီးပွားရေးလုပ်ကိုင်ရာ၌ နာမည်ကောင်းရဖို့ အရေးကြီးပါသည်။

တစ်ခါတစ်ရံ အခက်အခဲတွေ့ကြသည့် တစ်နယ်တစ်ကျေးမှ လူများကို ဒီလူတွေ နောက်တစ်ခါပြန်ဆုံရမည့် မျက်နှာများ မဟုတ်ပြီဆိုပြီး လက်လွတ်စပယ် လောဘဇောတက်ကာ တောင်းသမျှ မဖြစ်မနေ ပေးရမှာပဲ ဟု သဘောထားလျှင်ဖြင့်…

ငွေကြေးထက် စေတနာက တန်ဖိုးပိုမြင့်ပါသည်။

လုပ်ငန်းရေရှည်ကို စေတနာတရားကသာ ပံ့ကိုင်ကြောင်း သက်ဆိုင်ရာ လုပ်ငန်းရှင်များ သိစေချင်ပါသည်။

[ကြီးပွားရေးမဂ္ဂဇင်း၊ ၁၉၉၅ ခုနှစ်]

http://www.cherrythitsar.org

